


တာရာသိုက်
ဝင်းကြွယ်
နတ်ဝတ်ရုံသိုင်းသမား

# တက္ကသိုလ်ဝင်းကြွယ်

# နတ်ဝတ်ရုံသိုင်းသမား

ဒုတိယပိုင်း ( ဇာတ်သိမ်း )

ထန်းဝမ်ကြဲ ဤသံလှောင်အိမ်ခန်းကို အလွန် စိတ်ချယုံကြည်ထားဟန် တူသည်။

အပြင်ဘက်တွင် အစောင့်ပင် ချမထား။

"အင်း … သိုင်းလောကမှာ ပရိယာယ် လှည့်တွက်တွေ များသလို လက်နက် ပစ္စည်းအဆန်းအပြားတွေကလည်း အတော်များတာပဲနော်၊ ဒီနေ့မှာ ခင်ဗျားသာ မရှိရင် ကျွန်တော် ဒီသံလှောင်အိမ်ခန်းကနေ ထွက်နိုင်မှာမဟုတ်ဘူး၊ ခင်ဗျားနဲ့အတူ အခုလို လျှပ်ရှားသွားလာရတာ ကံကောင်းတယ်လို့ ဆိုရမယ်၊ ခင်ဗျားနဲ့ တစ်သက်လုံး အတူနေသွားရရင် ကောင်းမှာပဲ"

အခန်းအပြင်သို့ ထွက်လာနိုင်သောအခါ ကျန်းယွင်တီက ပိုင်ကြင်ယုန်ကို တီးတိုးပြောသည်။

ပိုင်ကြင်ယုန်၏ ရင်ထဲ ခုန်သွားရသည်။

မိမိ၏ သွေးကြောကွက် အမှတ်(၄) ပိတ်ဆို့နေသည်ကို ကျန်းယွင်တီ ပြန်လည် ဖြေဖွင့်ပေးခဲ့ပုံကိုလည်း ပြန်စဉ်းစားမိကာ မျက်နှာရဲခနဲ ဖြစ်သွားသည်။

"စကား သိပ်မများနဲ့၊ လာ မြန်မြန်"

ပိုင်ကြင်ယုန်က ဤမျှသာပြောပြီး ထိုနေရာမှ ခပ်သွက်သွက်လေး ထွက်လာခဲ့သည်။

သူတို့နှစ်ယောက်သည် အတူတူ မသွားကြ။

ကျန်းယွင်တီက ရှေ့မှ သွားသည်။

ပိုင်ကြင်ယုန်က နောက်ဘက် ခြေဆယ်လှမ်းခန့်အကွာ ခွာ၍ လိုက်လာခဲ့သည်။

သံလျှောင်အိမ်ခန်းမှ နေ၍ စင်္ကြံလမ်းလေး တစ်ခုအတိုင်း လျှောက်လာခဲ့ကြရာ စင်္ကြံလမ်းကွေ့လေးတစ်ခုသို့ ရောက်သောအခါ ကျန်းယွင်တီမှာ ကြူးဝှားနှင့် ရင်ဆိုင်တိုးမိလေတော့သည်။

မမျှော်လင့်ပဲ ကျန်းယွင်တီကို တွေ့လိုက်ရသောကြောင့် ကြူးဝှားမှာ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ထို့နောက် အရည်လဲ့နေသော မျက်လုံးဝိုင်းဝိုင်းကြီးများနှင့် ကျန်းယွင်တီကို စူးစိုက်ကြည့်ကာ မပွင့်တစ်ပွင့် ပြုံး၍ပြောသည်။



"ဒီဂေဟာထဲမှာ ရှင်တို့ရဲ့ဘက်တော်သား ရှိနေတာကိုး"

ပါးစပ်ကပြောရင်း မျက်စိအစုံကတော့ ကျန်းယွင်တီကို ဆက်၍ စူးစိုက်ကြည့်နေသည်။

ညာလက်ဖြင့် ခါးကြားမှ ဓားမြှောင်လေးတစ်လက်ကို အသာဆွဲထုတ်လိုက်သည်။

မျက်လုံးများကတော့ ကျန်းယွင်တီ မျက်လုံးကို စူးစိုက်ကြည့်နေဆဲ။

ကြူးဝှား၏အကြည့်တွင် ထူးဆန်းသော စွမ်းအားသတ္တိတစ်မျိုး ပါဝင်နေသည်။

ထိုအကြည့်က မိမိတစ်ကိုယ်လုံးကို လွှမ်းခြုံစိုးမိုးနေသည်ဟု ကျန်းယွင်တီ၏ စိတ်ထဲဝယ် ထင်မိသည်။

ကျန်းယွင်တီမှာ တုံ့ပြန်စကား ဆိုရန်လည်းသတိမရ။

လှုပ်ရှားရန်လည်း မသိ။

စိတ်ညို့ခံရသလို ဒီအတိုင်း မလှုပ်မယှက် ရပ်နေမိသည်။

ကြူးဝှား၏ ညာလက်က ခါးကြားမှ ဓားမြှောင်ကို ဆွဲထုတ်ပြီးပေပြီ။

ဓားမြှောင်မှာ ရှစ်လက်မသာသာခန့် ရှိသည်။

အသွားမှာ ခပ်သေးသေးဖြစ်ပြီး အပြာရောင်လဲ့လဲ့ သန်းနေသည်။

ကြူးဗှားသည် ကျန်းယွင်တီ၏ မျက်လုံးများကို မိမိ၏ မျက်လုံးများဖြင့် စူးစိုက်ကြည့်နေရင်း ညာလက်ရှိ ဓားမြှောင်ကို ကျန်းယွင်တီ၏ ဝမ်းဗိုက်တည့်တည့်သို့ ထိုးသွင်းရန် ပြင်သည်။

အလောတကြီး မဟုတ်။

လက်ကို တဖြည်းဖြည်း မြှောက်ကာ အသာအယာ ရွေ့လျားလာခြင်း ဖြစ်သည်။

ညှို့ဓာတ်အမိခံရသလို ဖြစ်နေသော ကျန်းယွင်တီမှာ ခုခံရန်လည်း သတိမရ။ တိမ်းရှောင်ရန်လည်း မသိ။

ငြိမ်သက်စွာ ရပ်နေမြဲ။

ဓားမြှောင်က ကျန်းယွင်တီ၏ ဝမ်းဗိုက်နှင့် တဖြည်းဖြည်းနီးသက်ထက် နီးလာသည်။

ဝမ်းဗိုက်ကို ထိုးစိုက်ချတော့မည်။

ထိုအခိုက်မှာပင် ပိုင်ကြင်ယုန်သည် သူတို့အနီးသို့ လှစ်ခနဲ



ရောက်ရှိလာပြီး ကြူးဗှား၏ ညာလက်ကောက်ဝတ်ကို ဆတ်ခနဲ ပုတ်ထုတ်လိုက်သည်။

ကြူးဗှား၏ ညာလက်တွင် ကိုင်ထားသော ဓားမြှောင် လွတ်ကျသွားသည်။

ပိုင်ကြင်ယုန်က သွက်လက်စွာ ဆက်လက် အကြောပိတ်လိုက်သည်။

အလစ်ဖမ်း အတိုက်ခံရသလိုမို့ ကြူးဗှားမှာ တုံ့ပြန်ခုခံရန်ပင် အချိန်မရ။

အကြောပိတ်ခံရပြီး ခွေလျက်သား လဲကျသွားသည်။

ကျန်းယွင်တီမှာ ငေးငေးငိုင်ငိုင် ရပ်နေဆဲ။

"ကျန်းယွင်တီ ... ကျန်းယွင်တီ"

ပိုင်ကြင်ယုန်က ကျန်းယွင်တီ၏ လက်မောင်းကို ကိုင်ကာ ဆွဲလှုပ်တော့မှပင် ကျန်းယွင်တီမှာ သတိပြန်ဝင်လာသည်။

"ကျွန်တော် ဘယ်လိုဖြစ်သွားတာလဲ"

သတိပြန်ဝင်လာသော ကျန်းယွင်တီက တအံ့တဩ မေးသည်။

"ကြူးဗှားရဲ့ မာယာမျက်လုံးနဲ့ အညှို့ခံလိုက်ရတာပဲ၊ ကျွန်မ

တို့ နှစ်ယောက် ရှေ့နောက်လူချိပြီး လာခဲ့တာကြောင့် တော်သေးတယ်၊ မဟုတ်ရင် ဒုက္ခပဲ၊ ကဲ … ကြူးဝှားကို မေးစရာရှိတာတွေ စစ်မေးကြည့်ပြီး ဒီနေရာကနေ အမြန်ထွက်သွားကြရအောင်"

ဝိုင်ကြင်ယုန်က ပြောသည်။

"ရှင်တို့ ဘာမေးမေး ကျွန်မ မဖြေဘူး"

အကြောပိတ်ခံထားရ၍ လဲကျနေသော ကြူးဝှားက လေသံမာမာဖြင့် ပြန်ပြောသည်။

"ခင်ဗျား ခေါင်းမာမယ်ဆိုရင်တော့ ကျွန်တော်တို့က ရက်စက်ရတော့မှာပဲ"

ကျန်းယွင်တီ ဤသို့ပြောပြီး ကြမ်းပြင်ပေါ်ကျနေသည့် ဓားမြှောင်လေးကို ကောက်ယူလိုက်သည်။

ထိုဓားမြှောင်မှာ ကြူးဝှားလက်မှ လွတ်ကျသွားသော ဓားမြှောင်ပင် ဖြစ်သည်။

ကျန်းယွင်တီ ထိုဓားမြှောင်ကို ကောက်ကိုင်လိုက်သည်ကို တွေ့ရသည်တွင် ကြူးဝှား၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

ထိတ်လန့်သည့် အရိပ်အယောင်များလည်း ပေါ်လာသည်။



"ကျွန်တော်တို့ မေးတာကို တစ်ခုမဖြေရင် ခင်ဗျားရဲ့ အသားကို ဒီဓားမြှောင်နဲ့ တစ်ချက်ခွဲမယ် … နားလည်လား"

ကျန်းယွင်တီက ခပ်တည်တည်ဖြင့် ခြိမ်းခြောက်ပြီး ဆက်လက်၍ မေးခွန်းထုတ်သည်။

"ထင်စန်းလို စားပွဲရုံက အဆိုတော် မိလင်ဟာ ခင်ဗျားတို့နဲ့ ဘယ်လိုပတ်သက်သလဲ"

"သူက ကျွန်မတို့ရဲ့ ဂိုဏ်းဝင်တစ်ယောက်ပဲ"

ကြူးဝှားမှာ ဓားမြှောင်ဖြင့် အခွခံရမည်ကို အတော် ထိတ်လန့်ဟန်တူသည်။

ကောင်းကောင်းမွန်မွန်ပင် အဖြေပေးသည်။

"ခင်ဗျားတို့ဂိုဏ်းက ဘာဂိုဏ်းလဲ၊ ကျားသစ်ဂိုဏ်းလား"

"မဟုတ်ဘူး၊ ကျားမင်းဂိုဏ်း"

"မိလင် အခု ဘယ်ရောက်နေလဲ"

"သူ့ကို အကျဉ်းချထားတယ်"

"ဟင် … ဘာဖြစ်လို့"

"ကျန်းယွင်တီဆိုတဲ့ လူတစ်ယောက်ကို ကောင်းကောင်း ကြီး

ကိုင်ထားဖို့ မိလင်ကို တာဝန်ပေးထားတယ်၊ မိလင်က အဲဒီတာဝန်ကို ကျေပွန်အောင် မထမ်းဆောင်နိုင်တဲ့အပြင် ကျန်းယွင်တီ ဘယ်ရောက်သွားတယ်ဆိုတာကိုတောင် မသိတော့ဘူး၊ ဒါကြောင့် သူ့ကို ဒဏ်ခတ်အပြစ်ပေးတဲ့အနေနဲ့ အကျဉ်းချထားတာပဲ"

ထိုအချိန်တွင် ကျန်းယွင်တီရော ပိုင်ကြင်ယုန်တို့ပါ နှစ်ယောက်စလုံး ပင်ကိုရုပ်များအတိုင်း မဟုတ်ကြ။ ရုပ်ဖျက်၍ထားသည်။

"ကျန်းယွင်တီဆိုတာက ဘယ်သူလဲ"

ကျန်းယွင်တီက ခပ်တည်တည်ပင် မေးလိုက်ပြန်သည်။

"သူက ဝတ်ရုံနက်ရှင် အင်ဘာန်လိန်ရဲ့ တပည့်လေ၊ အင်ဘာန်လိန်ကိုတော့ ကျွန်မတို့ ကျားမင်းဂိုဏ်းက အမိဖမ်းထားပြီးပါပြီ၊ ကြူပင်ခုတ် ကြူငှတ်မကျန်ရအောင်လို့ သူ့တပည့်ကိုပါ ချုပ်ကိုင်ထားနိုင်ဖို့ မိလင်ကို တာဝန်ပေးခဲ့တာ ဒီကောင်မက တာဝန်ကို မကျေပွန်ဘူး"

"အင်ဘာန်လိန်ကိုကော ဘယ်မှာ ချုပ်နှောင်ထားသလဲ"

အမှတ်မထင် မေးလိုက်သည့် အမူအရာမျိုးဖြင့် ဤမေးခွန်းကို မေးလိုက်ခြင်း ဖြစ်သည်။



"အရှေ့ပင်လယ်က နတ်ဆိုးကျွန်းမှာပါ၊ အရှေ့ဘက် ပင်လယ်ကမ်းခြေက ကျိန့်စီးမြို့ ဆိပ်ကမ်းမှာ ဘယ်လှေဆိပ်ကိုမေးမေး နတ်ဆိုးကျွန်းကို လိုက်ပို့ပေးပါလိမ့်မယ်"

ကြူးဝှားက ပြည့်ပြည့်စုံစုံပင် အဖြေပေးသည်။

သိချင်သည့် ကိစ္စ အတော်များများ သိခဲ့ရပြီမို့ ကျန်းယွင်တီသည် ကြူးဝှား မအောင်နိုင်စေရန် အကြောထပ်ပိတ်ပြီး ထိုနေရာမှ ထွက်ခဲ့သည်။

ကျန်းယွင်တီနှင့် ပိုင်ကြင်ယုန်တို့ နှစ်ယောက် ထွက်သွားပြီးမရှေးမနှောင်းမှာပင် စကြိုကွေ့မှောင်ရိပ်မှ ထန်းဝမ်ကြဲ ထွက်လာကာ ကြူးဝှားရှိရာသို့ လျှောက်လာပြီး အကြောများ ဖွင့်ပေးသည်။

"အစ်ကိုကြီး ရောက်နေလျက်သားနဲ့ ဒီအတိုင်း ကြည့်နေရသလား၊ ဘာကြောင့် ထွက်မတိုက်တာလဲ"

အကြောများ ပြေပွင့်သွားပြီး မတ်တတ်ထရပ်နိုင်သောအခါ ကြူးဝှားက မကျေမနပ်အသွင်ဖြင့် ပြောသည်။

"မင်းကပရိယာယ်ဆင်ပြောလိုက်တာ သိပ်ကောင်းပြီး အကွက်မိနေလို့ အသာကြည့်နေလိုက်တာပါ၊ အင်း ... ကျန်းယွင်တီကတော့

သူ့ကိုယ်သူ အတော်ဟုတ်လှပြီ၊ အတော် ပိရိလှပြီ၊ အတော် ပိုင်နေပြီ လို့ ထင်နေလိမ့်မယ်၊ နတ်ဆိုးကျွန်းကို ကျွန်းယွင်တီတစ်ယောက် သူ့စရိတ်နဲ့သူ ရောက်သွားရင် ကျုပ်တို့အဖို့ သူ့အတွက် တစ်ရန် အေးသွားတာပေါ့၊ မင်းပြောလိုက်တာ သိပ်ကောင်းတယ်"

ထန်းဝမ်ကြီး၏စကားကို ကြားရသည်တွင် ကြူးဝှား၏ မျက်နှာ ပြုံးလာသည်။

မကျေမနပ်ဖြစ်နေသည့် အသွင်များလည်း ပျောက်သွားသည်။

"ဒါပေမယ့် ဘီလူးစွယ်ဓားမြှောင် သူ့လက်ထဲ ပါသွားတာကတော့ နှမြောစရာကောင်းတယ်"

ကြူးဝှားက ပြောသည်။

"နှမြောစရာတော့ ကောင်းတာပေါ့၊ ဒါပေမယ့် ကျွန်းယွင်တီက ဘီလူးစွယ်ဓားမြှောင်အကြောင်းကို နားလည်မှာမဟုတ်ပါဘူး၊ ပြီးတော့ သူ နတ်ဆိုးကျွန်းကို ရောက်သွားတယ်ဆိုရင် သူ့အတွက် တစ်ခေတ်သိမ်းရမှာမို့ ဘီလူးစွယ်ဓားမြှောင်ကို သုံးနိုင်မယ့် အခွင့်အလမ်းလည်း မပေါ်တော့ဘူး၊ အလွန်ဆုံး ဘီလူးစွယ်ဓားမြှောင်ဟာ ဆရာနတ်ဆိုးကြီးလက်ထဲ ပြန်ရောက်သွားရုံပဲ ရှိတယ်"



"ဆရာနတ်ဆိုးကြီးလက် ဘီလူးစွယ်ဓားမြှောင် ပြန်ရောက်သွားရင် ကျွနုပ်တို့ ပြန်ရနိုင်မယ့်လမ်း ဘယ်ရှိတော့မှာလဲ၊ ဘီလူးစွယ် ဓားမြှောင်ကို ကျွန်မ သိပ်သဘောကျတယ်၊ ဒီဓားမြှောင် ပြန်ရနိုင်အောင် မယူနိုင်တော့ဘူးလား"

"မင်း ဒီလောက်လိုချင်နေရင် ပြန်ရအောင် ယူနိုင်ဖို့ ကျင်းစိုးမြို့ထကော ကျုပ်တပည့်တွေကို လှမ်းအကြောင်းကြား စေခိုင်းလိုက်မယ်၊ မင်းသာ အိပ်ခန်းထဲသွားပြီး အသင့်စောင့်နေ၊ ကျုပ် ချက်ချင်းလာခဲ့မယ်၊ ပြီးတော့ ကျုပ်တို့ ကောင်းကောင်း အောင်ပွဲခံကြတာပေါ့"

"ဟွန့် ... သူ ဒါပဲ စိတ်ကူးနေ"

ကြူးဝှားက အမူပိုပိုဖြင့် မျက်စချီကာ ပြောသည်။

ထန်းဝမ်ကြီးသည် တဟဲဟဲရယ်မောရင်း ထွက်သွားသည်။

ကြူးဝှားသည် စကြီလမ်းလေးအတိုင်း ဆက်လျှောက်သွားပြီး အိပ်ခန်းထဲသို့ ဝင်လိုက်သည်။

အခန်းထဲသို့ ရောက်သောအခါ ဝတ်ထားသော ဝတ်ရုံရှည်ကြီး၏ ခါးစည်းကြိုးကို အသာဖြည်လိုက်သည်။ ဝတ်ရုံအင်္ကျီရှည်

ကြီး ကြမ်းပေါ် ပုံလျက်သား ကျသွားသည်။

ကြူးဗှားသည် ခုတင်ရှိရာသို့ ဆက်လျှောက်သွားပြီး ခုတင်ပေါ်တွင် အသာကြော့ကြော့မော့မော့လေး လဲလျောင်းနေလိုက်သည်၊

ခဏအကြာတွင် ထန်းဝမ်ကြီ အိပ်ခန်းထဲ ရောက်လာသည်၊

ထို့နောက် ...။

✱ ✱ ✱



## အခန်း(၇)

ကျန်းယွင်တီနှင့် ပိုင်ကြင်ယုန်တို့ နှစ်ယောက် ထန်းဝမ်ကြီ၏ အိမ်ဂေဟာအတွင်းမှ အတားအဆီး အနှောင့်အယှက် မတွေ့ရဘဲ အပြင်သို့ ထွက်လာနိုင်ကြသည်။

အချိန်မှာ ရောင်နီပျိုးစ။

ကျန်းယွင်တီတို့ နှစ်ယောက်သည် ကျင်းစိုးမြို့လယ်ဘက်သို့ ဦးတည်ကာ လျှောက်လာခဲ့ကြသည်။

"ကျွန်တော်တော့ အရှေ့ဝင်လယ်က နတ်ဆိုးကျွန်းဆိုတာကို လိုက်သွားဖို့ ဆုံးဖြတ်ထားတယ်၊ ခင်ဗျား ဘယ်လိုသဘောရသလဲ၊ ကျွန်တော်နဲ့အတူတူ လိုက်နိုင်မလား"

လမ်းလျှောက်လာရင်း ကျန်းယွင်တီက မေးသည်။

"လိုက်ခဲ့မယ်လေ၊ ဒါပေမယ့် အရှေ့ပင်လယ်ကို မသွားခင် ဂင္ဂျုန်ပျံဂိုဏ်းကို တစ်ခေါက်လောက် ထပ်သွားကြရင် ကောင်းမယ် ထင်တယ်၊ အခုလောက်ဆို ဘာဘချူးကုံးလျှံတို့ လူစုလည်း စခန်း ကို ပြန်ရောက်နေလောက်ပြီ"

ပိုင်ကြင်ယုန်က ပြန်ပြောသည်။

"အင်း ... ကောင်းသားပဲ၊ ဂင္ဂျုန်ပျံဂိုဏ်းကိုသွားပြီးမှ အရှေ့ ပင်လယ်ကို ဆက်သွားကြတာပေါ့"

ထိုအခိုက် မြင်းစီးသမားတစ်ယောက် မြင်းကို အပြင်းစိုင်းနှင် ကာ သူတို့ကို ဖြတ်ကျော်ပြီး မြို့ထဲသို့ သွားသည်။

ဘာများ အလောကြီးနေပါလိမ့်ဟု ကျန်းယွင်တီ စိတ်ထဲတွင် ထင်မိသည်။

မကြာမီမှာပင် သူတို့နှစ်ယောက် ကျင်းစိုးမြို့ အလယ်ပိုင်းသို့ ရောက်လာကြသည်။

မြို့ထဲတွင် ဆိုင်များ စတင်ဖွင့်လှစ်ပြီး လူစည်ကားစ ပြုနေ ပေပြီ။

သူတို့နှစ်ယောက်သည် စားသောက်ဆိုင်တစ်ဆိုင်တွင် ဝင်ရောက် ကာ နံနက်စာ မှာယူစားသောက်သည်။



စားသောက်ပြီးနောက် ကျန်းယွင်တီက စားပွဲထိုးကို ခေါ်ပြီး ကျသင့်ငွေများ ပေးချေသည်။

"ဆရာတို့အတွက် ဆရာပိုးရှင်းက ကျသင့်ငွေတွေ ပေးချေ ပြီးပါပြီ၊ ဆရာတို့ ပေးစရာမလိုတော့ပါဘူး"

ထိုစားပွဲထိုးက ပြုံးကာ ပြောသည်။

"ပိုးရှင်းဆိုတာ ဘယ်သူလဲ"

ပိုင်ကြင်ယုန်က မေးသည်။

"ဟောဟိုမှာ လာနေပါပြီ"

စားပွဲထိုး ညွှန်ပြရာသို့ ကြည့်လိုက်ရာ အသက်(၃၀)ခန့်ရှိ ဝတ်စုံပြာ ဝတ်ထားသော လူရွယ်တစ်ယောက် သူတို့ရှိရာသို့ လျှောက် လာသည်ကို မြင်ရသည်။

ပိုးရှင်းဆိုသူ၏ ဝတ်ပုံစားပုံမှာ သေသေသပ်သပ် ဖြစ်သော် လည်း မျက်နှာအမူအရာက ညှိုးနွမ်းနေသည်။

"သူများ ငွေရှင်းပေးတာကို ကျွန်မတို့ မလိုချင်ဘူး၊ ကျွန်မ တို့အတွက် ကျသလောက် ယူလိုက်ပါ"

ပိုင်ကြင်ယုန်က ဤသို့ပြောပြီး ငွေအသပြာ အနည်းငယ်ကို စားပွဲပေါ် တင်ထားပေးလိုက်သည်။

"ကျွန်တော့်မှာ သေရေးရှင်ရေး ပြဿနာတစ်ခု ကြုံနေတဲ့အတွက် ခင်ဗျားတို့ဆီက အကူအညီ တောင်းချင်လို့ အခုလို လုပ်မိတာပါ၊ ကျွန်တော် မှားသွားရင်လည်း ခွင့်လွှတ်ကြဖို့ တောင်းပန်ပါတယ်"

ပိုးရှင်းက ဦးညွှတ်အရိုအသေပေးပြီး တောင်းပန်စကား ဆိုသည်။

"ကျွန်မတို့က အကူအညီ ပေးနိုင်မယ်လို့ ရှင်က ဘာကြောင့် အပိုင်တွက်ထားရတာလဲ"

ပိုင်ကြင်ယုန်က မေးသည်။

"ခင်ဗျားတို့ နှစ်ယောက်ဟာ မွန်မွန်ရည်ရည်ရှိပြီး ကူညီတတ်တဲ့၊ စိတ်နေစိတ်ထားရှိမယ်လို့ အကဲခတ်မိလို့ပါ"

"ခင်ဗျားမှာ ဘယ်လိုပြဿနာမျိုး ရင်ဆိုင်နေရလို့လဲ"

ကျန်းယွင်တီက မေးသည်။

"ဒီနေရာမှာ လူများတယ်၊ အေးအေးဆေးဆေး ပြောလို့ဆိုလို့ မရနိုင်ဘူး၊ ကျွန်တော်ရဲ့ သိုင်းသင်တန်းကျောင်းကို လိုက်လာခဲ့ပါ၊ ဟိုကျမှ အေးအေးဆေးဆေး ပြောကြတာပေါ့၊ သိုင်းသင်တန်းကျောင်းက သိပ်မဝေးပါဘူး၊ ဒီနားတင်ပါပဲ"



ကျန်းယွင်တီက ပိုင်ကြင်ယုန်ကို လှမ်းကြည့်သည်။

ပိုင်ကြင်ယုန်က ခေါင်းညိတ်ပြသည်။

ထို့နောက် သူတို့နှစ်ယောက်သည် ပိုးရှင်း၏ နောက်သို့ လိုက်လာခဲ့ကြသည်။

* * *

ပိုးရှင်း၏ သိုင်းသင်တန်းကျောင်းမှာ စားသောက်ဆိုင်နှင့် သိပ်မဝေး။

အနည်းငယ်လျှောက်လှမ်းပြီးနောက် ရောက်ရှိသွားသည်။

ထိုနေရာမှာ သာမန်ရိုးရိုး အိမ်လေးတစ်ခုသာ ဖြစ်သည်။

အိမ်အဝင်တွင် 'ဖေးဟန် သိုင်းသင်တန်းကျောင်း' ဟူသော စာတန်းကို ချိတ်ဆွဲထားသည်။

ထိုစာတန်း တင်ထားသည်မှာ သိပ်ကြာသေးဟန် မတူ။

စာတန်းတွင် ရေးထားသော ဆေးပင် မခြောက်သေး။

စာလုံးများ ရေးထားသည်မှာလည်း မသေမသပ်။

"ဒီစာတန်းက ဘယ်သူ့လက်ရာလဲ"

ပိုင်ကြင်ယုန်က စာတန်းကို မျက်မှောင်ကြုတ်ကာ ကြည့်ပြီး မေးသည်။

"ကျွန်တော့်ဘာသာ ကျွန်တော် ရေးတာပါ"

ပိုးရှင်းက ပြန်အဖြေပေးသည်။

"အင်း ... လက်ရာ မဆိုးပါဘူး၊ သိုင်းသင်တန်းအပြင် ပန်းချီသင်တန်းပါ ဖွင့်လို့ရတယ်"

သုံးယောက်သား အိမ်ထဲသို့ ဝင်လာခဲ့သည်။

အိမ်ရှေ့ခန်းဝယ် အသက် (၁၈)နှစ်ခန့်ရှိ မိန်းကလေး တစ်ယောက် ထိုင်နေသည်ကို တွေ့ရသည်။

"ယော ... အစ်ကို ပြန်လာပြီ"

ထိုမိန်းကလေးက ထိုင်ရာမှ ထပြီး ပိုရှင်းကို နှုတ်ဆက်သည်။

ပိုင်ကြင်ယုန်နှင့် ကျန်းယွင်တီတို့ကိုလည်း မျက်လုံးအပြူးသားနှင့် ကြည့်သည်။

"ဒါက ကျန်တော့် ညီမလေး ပိုးမင်ပါ၊ ကျွန်တော်တို့ မိဘတွေ ကွယ်လွန်သွားကြပါပြီ၊ မောင်နှမ နှစ်ယောက်ပဲ ရှိပါတော့တယ်၊ ထိုင်ကြပါဦး"



ပိုးရှင်းက မိတ်ဆက်ပေးပြီး ပြောသည်။

အခန်းထဲဝယ် ထိုင်ခုံများ မရှိ။

ကြမ်းပြင်တွင် ဖျာများသာ ခင်းထားသည်။

သူတို့လေးယောက်လုံး ကြမ်းပြင်ဝယ်ထိုင်လိုက်သည်။

ပိုးမောင်နှမနှစ်ယောက်က အခန်း၏ အနောက်ဘက် နံရံနားဝယ် ထိုင်သည်။

ပိုင်ကြင်ယုန်နှင့် ကျန်းယွင်တီတို့ကိုမူ အခန်း၏အလယ်လောက် အနီရောင်ပိုးသားဖြင့် အနားကွပ်ထားသည့် ဖျာပေါ်ဝယ် နေရာပေးသည်။

ထိုနေရာမှာ ဧည့်သည်များ ထိုင်ရန် လုပ်ထားသော နေရာဖြစ်မည်ဟု ကျန်းယွင်တီတို့က တွေးကာ ထိုဖျာပေါ်မှာပင် ထိုင်လိုက်သည်။

"ရှင်တို့မှာ ဘယ်လိုအခက်အခဲပြဿနာ ကြုံတွေ့နေရတယ်ဆိုတာ ပြောပါဦး"

ထိုင်လိုက်ပြီးသောအခါ ပိုင်ကြင်ယုန်က မေးလိုက်သည်။

"အဖြစ်က ဒီလိုပါ ... "

ပိုးရှင်းက အကြောင်းစုံ ပြောပြရန် စကားစသည်။

"အစ်ကိုကလဲ ဘာများ အလောကြီးနေရတာလဲ၊ ဒီက အစ်ကို နဲ့ အစ်မ အနားယူပြီး လက်ဖက်ရည်ကြမ်းလေး ဘာလေး သောက်ပါစေဦးလား"

ပိုးမင်က ဝင်ပြောသည်။

"အင်း ... ညီမပြောမှပဲစဉ်းစားပေါ်ပြူဖို့ သတိရတယ်၊ အားနာစရာတောင် ဖြစ်နေပြီ"

ပိုးရှင်းက ရှက်ပြုံး ပြုံး၍ ပြောသည်။

ပိုးမင်သည် ထိုင်ရာမှထကာ အတွင်းဘက်သို့ ဝင်သွားသည်။

ချက်ချင်းဆိုသလိုပင် လက်ဖက်ရည်ကြမ်း ပန်းကန် နှစ်ခု တင်ထားသည့် လင်ဗန်းကိုကိုင်ကာ အခန်းထဲသို့ ပြန်ဝင်လာသည်။

"ကဲ ... သောက်ကြပါဦး"

ပိုးမင်က ပျော့သိုးပြောပြီး ကျန်းယွင်တီတို့ရှေ့ဝယ် လင်ဗန်းကို ချပေးလိုက်သည်။

ထို့နောက် ချက်ချင်း နောက်သို့ဆုတ်သွားပြီး ပိုးရှင်း၏ ဘေးဝယ် သွားထိုင်သည်။



လက်ဖက်ရည်ကြမ်းမှာ အငွေ့ထောင်းထောင်း ထမနေ။ ပူနွေးရုံမျှသာ ရှိဟန်တူသည်။

ကျန်းယွင်တီက လက်ဖက်ရည်ကြမ်းပန်းကန် တစ်ခုကို ကောက်ကိုင်ရန် လက်လှမ်းလိုက်သည်။

"နေဦး ... မသောက်နဲ့ဦး"

ပိုင်ကြင်ယုန်က ဟန့်တားလိုက်သောကြောင့် ကျန်းယွင်တီသည် လှမ်းထားသော လက်ကို ပြန်ရုပ်လိုက်သည်။

"လက်ဖက်ကြမ်းက အကောင်းစား စီးဟူ လက်ဖက်ခြောက်ခတ်ထားတာပါ၊ အမောပြေသောက်လို့ သိပ်ကောင်းပါတယ်"

ပိုးမင်က ပြောသည်။

"ဘယ်လိုမှ မအောက်မေ့ကြပါနဲ့၊ ကျွန်မတို့က လက်ဖက်ရည်ကြမ်းကို အိမ်ရှင် အလျှင်သောက်ပြီးမှ သောက်တတ်တဲ့အကျင့်ရှိတယ်"

ပိုင်ကြင်ယုန်က ပြန်ပြောသည်။

ဤတွင် ပိုးရှင်းနှင့် ပိုးမင်တို့၏ မျက်နှာများ ကွက်ခနဲပျက်သွားကြသည်။

"ကျွန်တော်တို့က စေတနာနဲ့ ညွှန်ခဲ့တာပါ၊ ဒီလို ရိုင်းရိုင်း ပျပျပြောဖို့ မသင့်ပါဘူး"

ပိုးရှင်းက ပြောသည်။

"ရှင်တို့ ဆေးခတ်ထားတဲ့ လက်ဖက်ရည်ကြမ်းကို သောက်ပြတဲ့အထိ ယဉ်ကျေးရမှာလား၊ ကဲ ... ပြောစမ်းပါဦး၊ ရှင်တို့နဲ့ ကျွန်မတို့ သိလည်းမသိ၊ တစ်ခါမှတောင် မမြင်ဖူးဘဲနဲ့ ဘာကြောင့် အခုလို လုပ်ရတာလဲ"

ပိုးရှင်းက ချက်ချင်း ပြန်မပြော။ ပိုင်ကြင်ယုန်ကို စူးစိုက်ကြည့်နေပြီးမှ မချိပြုံး ပြုံးကာ ပြောသည်။

"ခင်ဗျားတို့ မဆိုးဘူး၊ သတင်းကြိုရထားကြတယ်နဲ့ တူတယ်"

"ဘယ်ကမှ သတင်းကြိုရတာမဟုတ်ဘူး၊ ဒီအိမ်ရှေ့မှာ ရေးထားတဲ့ စာတန်းကို မြင်ရကတည်းက အကဲခတ်မိတယ်"

ပိုင်ကြင်ယုန်က ပြန်ပြောသည်။

"ဘယ်လို အကဲခတ်မိတာလဲ"

"စာတန်းတစ်ခု ရေးတယ်ဆိုရင် ပန်းချီဆရာ တစ်ယောက်ယောက်ကို တာဝန်ပေးပြီး သေသေသပ်သပ် ရေးခိုင်းကြတာချည်းပဲ၊ ဘယ်သူကမှ မသေမသပ်နဲ့ ကိုယ်တိုင်မရေးကြဘူး။



ပြီးတော့ စာတန်းက ဆေးတွေတောင် မခြောက်သေးဘူး၊ အလျင်စလို ရေးပြီး ချိတ်ထားမှန်း သိပ်သိသာတယ်။

ပြီးတော့ ဒီနေရာက သိုင်းသင်တန်းကျောင်းသာဆိုတယ်၊ သိုင်းသင်တန်းကျောင်းနဲ့ လုံးဝမတူဘူး၊ အင်း ... ရှင့်ကို တာဝန်ပေးထားတဲ့လူက လူအရှေးမှားတာပဲ"

"ခင်ဗျားက အကဲခတ်တော်သားပဲ"

ပိုးရှင်းက ပြောသည်။

ပိုးရှင်း၏ စကားမဆုံးမီမှာပင် ကျန်းယွှင်တီနှင့် ပိုင်ကြင်ယုန်တို့ ထိုင်နေကြသော ဖျာမှာ အောက်သို့ နိမ့်ဆင်းသွားသည်။

သူတို့ထိုင်နေသော နေရာအောက်ဝယ် လှို့ဂုက်တံခါး ရှိနေသည်။

ကျန်းယွှင်တီသည် သတိရှိလှသည်။

ထိုင်နေရာမှ ဆတ်ခနဲ ခုန်ထကာ ညာလက်ဖြင့် အပေါ်တွင် ကျန်နေခဲ့သော တံခါးဘောင်ကို လှမ်းဆွဲသည်။

ဘယ်လက်ဖြင့် ပိုင်ကြင်ယုန်၏ လက်မောင်းကို လှမ်းဆုပ်သည်။

ထို့နောက် တံခါးဘောင်ကို အားပြုဆုပ်ကိုင်ထားမိသော ညာလက်ကို အားပြု၍ အပေါ်သို့ တအား ခုန်တက်လိုက်သည်။

ပိုင်ကြွင်ယုန်ကိုပင် ဆွဲခေါ်လာခဲ့သည်။

အချိန်မီလေးပင်ဟု ဆိုနိုင်သည်။

အကယ်၍ အံဝှက်တံခါးအောက်သို့ အလွန်နိမ့်ကျစွာ ရောက်သွားလျှင် တံခါးဘောင်ကို ဆွဲတင်နိုင်မည်မဟုတ်ပေ။

ကျန်းယွင်တီတို့ နှစ်ယောက် အပေါ်သို့ ပြန်လည်ခုန်တက်လာသည်ကို တွေ့ကြရသောအခါ ပိုးရှင်းနှင့် ပိုးမင်တို့ နှစ်ယောက်မှာ အကြီးအကျယ် ထိတ်လန့်သွားသည်။

"ရှင်တို့ ဘယ်သူတွေလဲ၊ မှန်မှန်ပြောစမ်း"

ပိုင်ကြွင်ယုန်က ပိုးရှင်းကို မေးသည်။

"ကျွန်တော့်နာမည်က ပိုးရှင်းပါပဲ၊ ဟောဒါကတော့ ကျွန်တော့် ညီမ မဟုတ်ပါဘူး၊ ကျွန်တော့် မယား ချန်မိန်ပါ"

ပိုးရှင်းက ကြောက်ကြောက်လန့်လန့် ပြန်အဖြေပေးသည်။

"ကျွန်မတို့ကို ဘယ်သူက လုပ်ကြံခိုင်းတာလဲ"

"အဲဒါကိုတော့ မပြောပါရစေနဲ့"



"မပြောရင် ရှင်တို့နှစ်ယောက်စလုံး အသေသတ်မယ်"

"သတ်ရင်လည်း ခံရမှာပဲ၊ ပြောတော့ မပြောဝံ့ဘူး"

"တောက် ..."

ပိုင်ကြွင်ယုန်က ဒေါသတကြီး တောက်ခေါက်ကာ ပိုးရှင်း၏ ငယ်ထိပ်ကို လက်ဝါးဖြင့် ရိုက်ချမည် ပြုသည်။

"ဒေါသ သိပ်မကြီးပါနဲ့၊ သူတို့ကြည့်ရတာ သူတို့ ကြောက်ရတဲ့လူတစ်ယောက်က အတင်းအကြပ် လုပ်ခိုင်းတာနဲ့ တူပါတယ်၊ သူတို့ကို ခွင့်လွှတ်လိုက်ပါ"

ကျန်းယွင်တီက ပိုင်ကြွင်ယုန်ကို အသာဆွဲထားပြီး ဖျောင်းဖျပြောဆိုသည်။

ပိုင်ကြွင်ယုန် သဘောအရဆိုလျှင် ပိုးရှင်းတို့ကို အသေမသတ်သည့်တိုင် မှတ်လောက်အောင် ဆုံးမခဲ့ချင်သည်။

သို့သော် သနားတတ်သော ကျန်းယွင်တီက ဖျောင်းဖျပြောဆိုသောကြောင့် ဒေါသစိတ်ကို ချုပ်တည်းကာ ထိုအိမ်လေးမှ ထွက်လာခဲ့သည်။

မြင်းလှည်းပေါ်ဝယ် အတန်ကြာ ငြိမ်သက်စွာ ထိုင်၍ လိုက်ပါလာခဲ့ပြီးနောက် ပိုင်ကြွင်ယုန်က မေးသည်။

"ကျွန်တော်ကတော့ ထန်းဝမ်ကြီးရဲ့ လက်ချက်ဖြစ်မယ်လို့ ထင်တာပဲ"

"ဘာကြောင့် ဒီလိုထင်တာလဲ"

"ဒီနယ်တစ်ဝိုက်မှာ ဖိန့်ဖိန့်တုန်အောင် ကြောက်ရတဲ့လူဆိုလို့ ထန်းဝမ်ကြီးတစ်ယောက်ပဲ ရှိတယ်။

"ပိုးရှင်းက အသက်အသေခံပြီး သူ့ကိုရိုင်းတဲ့ လူရဲ့နာမည်ကို ထုတ်မပြောဘဲ နှုတ်လုံတာကို ထောက်ပြီး တွက်ဆကြည့်ရတာပဲ"

"ရှင့် တွေးဆချက် မှန်နိုင်ပါတယ်၊ ကျွန်မတို့ အချိန်သိပ်မရဘူး၊ ဂျွန်ပွဲဂိုဏ်းကို အမြန်ဆုံး သွားကြစို့"

ကျန်းယွင်တီနှင့် ပိုင်ကြင်ယုန်တို့သည် ကျင်းစိုးမြို့မှ ထွက်ကာ တိမ်ဖြူတောင်ဘက်သို့ ခရီးနှင်လာခဲ့ကြသည်။

✱ ✱ ✱



## အခန်း(၈)

ယုန်နှစ်။ (၃) လပိုင်း (၇) ရက်နေ့။

အချိန်က ညဥ့်ဦးယံ။

တိမ်ဖြူတောင်အနီးရှိ ဂျွန်ပွဲဂိုဏ်း၏ စခန်းပရိဝုဏ်အနီးသို့ လူငါးယောက် ချဉ်းကပ်လာကြသည်။

လှုပ်ရှားပုံက ပုန်းလျှိုး ကွယ်လျှိုးနှင့်။

ကောင်းသောလာခြင်းတော့ မဟုတ်နိုင်။

ငါးယောက်စလုံး အနက်ရောင် ဝတ်စုံများ ဝတ်ထားကြသည်။ အနက်ရောင် မျက်နှာဖုံးများ စွပ်ထားကြသည်။

ဝတ်စုံနက် ငါးယောက်တွင် ခေါင်းဆောင် လုပ်သူမှာ အရပ်မြင့်ပြီး ကိုယ်ခန္ဓာ ပိန်ပိန်သွယ်သွယ် ရှိသည်။

လှုပ်ရှားသွားလာပုံ အလွန်သွက်လက်သည်။

ခြေသံလည်း လုံလှသည်။

ထိုသူ၏ ခါးကြားတွင် သံချွန်လက်နက်နှစ်ခု ထိုးထားသည်။

တစ်ပေခွဲသာသာခန့် ရှည်သော သံချွန်လေးများ။

တစ်ခုက ရွှေရောင်၊ တစ်ခုက ငွေရောင်။

ကျန် ဝတ်စုံနက် လေးယောက်မှာမူ ဓားရှည်ကိုယ်စီ ကိုင်ထားကြသည်။

ခါးစည်းကြိုးတွင်မူ ဓားမြှောင် သုံးလက်စီ ထိုးထားသည်။

အရပ်မြင့်မြင့် ပိန်ပိန်ပါးပါး ဝတ်စုံနက်က ရှေ့ဆောင်၍ မှောင်ရိပ်များခိုကာ ဂျွန်ပျံဂိုဏ်း၏ စခန်းကို ကာရံထားသော တံတိုင်းအနီးသို့ ချဉ်းကပ်လာကြသည်။

သူတို့ ချဉ်းကပ်လာသည့် နေရာမှာ စခန်းအဝင် တံခါးပေါက်နေရာနှင့် အတော်လှမ်းသည်။

မှောင်ရိပ်လည်း ကျနေသော နေရာဖြစ်သည်။

တံတိုင်းအနီးသို့ ချဉ်းကပ်မိသည်နှင့် ဝတ်စုံနက်တစ်ယောက်က သံချိပ်တပ်ထားသောကြိုးကို တံတိုင်းပေါ်သို့ အသာပစ်တင်



ချိတ်လိုက်သည်။

ထို့နောက် ထိုကြိုးကို အားပြုခိုတွဲကာ တံတိုင်းကိုဖြတ်ကျော်၍ ဂျွန်ပျံဂိုဏ်း၏ စခန်းပရိဝုဏ်ထဲသို့ တစ်ယောက်ပြီးတစ်ယောက် ဝင်ရောက်လာခဲ့ကြသည်။

သူတို့ငါးယောက်စလုံး အတွင်းဘက်သို့ ဝင်မိသည်နှင့် ရုတ်တရက် ထိုနေရာ အနီးတစ်ဝိုက်တွင် မီးရောင်များ လင်းလက်သွားသည်။

အသင့်စောင့်စားနေကြသော ဂျွန်ပျံဂိုဏ်းသားများကို ဝတ်စုံနက် ငါးယောက် ရင်ဆိုင်လိုက်ကြရလေပြီ။

ဂျွန်ပျံဂိုဏ်းသားများက ဘယ်ညာ အတောင်ပံဖြန့်ကာ နေရာယူထားကြသည်။

ညာတောင်ပံတွင် အဖြူရောင်ဝတ်စုံဝတ်ကာ အနီရောင် ခါးပတ်များ ပတ်ထားသည့် သိုင်းသမား နှစ်ဆယ် တန်းစီရပ်နေကြသည်။

ဘယ်တောင်ပံတွင်မူ အဖြူရောင်ဝတ်စုံဝတ်ပြီး အနက်ရောင် ခါးပတ်များ ပတ်ထားသည့် သိုင်းသမား နှစ်ဆယ်စီ တန်းရပ်နေ

ကြသည်။

တောင်ပံနှစ်ခု အလယ်ဗဟိုတွင်မူ ဂဠုန်ပျံဂိုဏ်းချုပ် ချူကုံးလျှံကိုယ်တိုင် ဦးဆောင်၍ ဒုဂိုဏ်းချုပ် လင်ပိုင်း၊ စခန်းတာဝန်ခံ ဝမ်တိန့်ကွတ်၊ လင်ပိုင်း၏သမီး လင်စွမ်းရင်၊ လက်ရွေးစင်သိုင်းသမားရှောင်ဟုန်တို့ ငါးယောက် ရှိနေသည်။

ဝတ်စုံနက်များက သူတို့၏လက်နက်များကို အသင့်ထုတ်ယူကိုင်စွဲလိုက်ကြသည်။

"ဘယ်သူများလဲလို့၊ လက်စသတ်တော့ နတ်ဆိုးလေး လွေ့ရာထန်းပါလား၊ ဘာကိစ္စနဲ့ မျက်နှာဖုံးစွပ်ပြီး ကျုပ်တို့စခန်းထဲကို ဗုန်းလျှိုး ကွယ်လျှိုး ဝင်လာရတာလဲ"

ခေါင်းဆောင်လုပ်သူ ဝတ်စုံနက်၏ လက်နက်များဖြစ်သော ရွှေသံချွန်နှင့် ငွေသံချွန်တို့ကို မြင်ရသောအခါ ဂဠုန်ဂိုဏ်းချုပ် ချူကုံးလျှံက လေသံအေးအေးဖြင့် ပြောသည်။

ချူကုံးလျှံမှာ သမ္မာရင့် သိုင်းသမားကြီးတစ်ယောက် ဖြစ်လေရာ ကိုင်စွဲသော လက်နက်ကိုမြင်လိုက်သည်နှင့် မည်သူမည်ဝါဖြစ်ကြောင်း ဒက်ခနဲ ပြောနိုင်သည်။



"ခင်ဗျားက အကဲခတ်ကောင်းသားပဲ၊ ဟုတ်တယ်၊ ကျုပ်နတ်ဆိုးလေး လွေ့ရာထန်းပဲ၊ လာရတဲ့အကြောင်းကတော့ ခင်ဗျားတို့ ဂဠုန်ပျံဂိုဏ်းကို ချေမှုန်းပစ်ဖို့ပဲ"

နတ်ဆိုးလေး လွေ့ရာထန်းက ပြန်ပြောသည်။

"ဟား ... ဟား ... ဟား ... တယ်ဟုတ်ပါလား၊ လူငါးယောက်နဲ့ ဂဠုန်ပျံဂိုဏ်းတစ်ခုလုံးကို ချေမှုန်းမလို့တဲ့၊ ဟုတ်မှလည်းလုပ်ပါ"

"ကျုပ်နဲ့အတူ ပါလာတဲ့ လူလေးယောက် ဘယ်သူလဲဆိုတာ မသိလို့ ခင်ဗျား ဒီစကားပြောတာပါ"

"ခင်ဗျားနဲ့ပါတဲ့ လူလေးယောက်က ဘယ်သူတွေလဲ"

"ကျားဘီလူးလေးဖော်ဆိုတာ ကြားဖူးမှာပေါ့"

ဤအခါတွင် ချူကုံးလျှံသာမက လင်ပိုင်းနှင့် ဝမ်တိန့်ကွတ်တို့ပါ မျက်နှာကွက်ခနဲ ပျက်သွားကြသည်။

ကျားဘီလူးလေးဖော်ဆိုသည်မှာ သိုင်းပညာစွမ်း မြင့်မားပြီး ကျားရိုင်းလိုခက်ထန်ကာ ဘီလူးလို ကြမ်းကြုတ်သော သိုင်းသမားဆိုးများဖြစ်ကြောင်း သူတို့ ကောင်းကောင်း သိထားသည်မဟုတ်ပါ

လား။

ထိုအချိန် ဂျွန်ပျံဂိုဏ်း၏ စခန်း ပရဝုဏ်အနံ့အပြားမှ မီးတောက်မီးလျှံများ တက်လာသည်။

ဆူသံ၊ ညံသံ၊ အော်သံ၊ ဟစ်သံ၊ တိုက်ခိုက်သံများကလည်း သောသောရုတ်ရုတ် ပေါ်ထွက်လာသည်။

ဂျွန်ပျံဂိုဏ်း၏ ထိပ်တန်းသိုင်းသမားများ ဤနေရာဝယ် စုဝေးနေခိုက် ရန်သူများက အလစ်ဝင်ရောက်ကာ တိုက်ခိုက်ခြင်းပင် ဖြစ်သည်

"သတ်ကြ ..."

နတ်ဆိုးလေး လွေ့ရာထန်းက အော်ဟစ်ကာ အမိန့်ပေးလိုက်ပြီး ချူးကုံးလျှံတို့ရှိနေသော အလယ်ဗဟိုနေရာကို ပြေးဝင်တိုက်ခိုက်သည်။

ကျန်ဝတ်စုံဝတ် လေးယောက်သည် နှစ်ယောက်စီ လူစုခွဲကာ ဘယ်ညာအတောင်ပံများကို တိုးဝင်တိုက်ခိုက်သည်။

ကျားဘီလူးညီနောင်တို့၏ တိုက်ခိုက်မှုမှာ ကြမ်းတမ်းခက်ထန်လှသည်။



စတင် ရင်ဆိုင်မိသည်နှင့် ခါးပတ်နီသိုင်းသမား တစ်ယောက်၊ ခါးပတ်နက် သိုင်းသမားသုံးယောက် ဓားချက်များ အထိ ရကာ လဲကျသွားသည်။

နတ်ဆိုးလေး [illegible]ထန်းမှာမူ ဂျွန်ပျံဂိုဏ်း၏ ထိပ်သီးသိုင်းသမား ငါးယော[illegible] ရင်ဆိုင်ရသည်မို့ အတင့်မရဲဝံ့။ ထိန်းထိန်းသိမ်းသိမ်း တိုက်ခိုက်နေရသည်။

ထို့ကြောင့် မည်သည့်ဘက်တွင်မှ အထိအခိုက်မရှိသေးပေ။

"ဝမ်တိန့်ကွတ်ရယ်၊ ရှောင်ဟုန်ရယ်၊ လင်စွမ်ရင်ရယ်၊ ခါးပတ်နီ သိုင်းသမား ခြောက်ယောက်ရယ်ပဲ ဒီမှာနေခဲ့၊ ကျန်တဲ့ လူတွေကို လင်ပိုင်းက ခေါင်းဆောင်ပြီး တခြားနေရာမှာ ဝင်တိုက်နေကြတဲ့ ရန်သူတွေကို ရင်ဆိုင်တိုက်နေတဲ့ ဂိုဏ်းဝင်တွေကို သွားအကူအညီပေး"

ချူးကုံလျှံက အမိန့်ပေးလိုက်သည်။

ဤသို့ဖြင့် ထိုနေရာဝယ် ချူးကုံးလျှံ၊ ဝမ်တိန့်ကွတ်၊ ရှောင်ဟုန်၊ လင်စွမ်ရင်နှင့် ခါးပတ်နီသိုင်းသမား ခြောက်ယောက်သာ ကျန်နေခဲ့ပြီး ကျန်း ခါးပတ်နီသိုင်းသမား ၁၃ ယောက်နှင့် ခါးပတ်နီသိုင်းသမား

၁၇ ယောက်တို့ကို လင်ပိုင်းက ဦးဆောင်ကာ စခန်းပရိဂုဏ်အတွင်းသို့ တခြားနေရာများမှ အလစ်ဝင်ရောက်လာပြီး မီးရှို့ဖျက်ဆီးတိုက်ခိုက်ကြသော ရန်သူများကို ခုခံနေသည့် တခြား ဂဠုန်ပုံဂိုဏ်းဝင်များကို ကူညီအားဖြည့်ပေးနိုင်ရန် ထွက်သွားကြသည်။

စောစောပိုင်းက နတ်ဆိုးလေး လွေ့ရာထန်းတို့ကို ရင်ဆိုင်ခဲ့သည့် ဂဠုန်ပုံဂိုဏ်း၏ အင်အားမှာ မသေးလှပေ။

ခါးပတ်နီနှင့် ခါးပတ်နက်သိုင်းသမားများမှာ ဂဠုန်ပုံဂိုဏ်း၏ အားကိုးရသော ပထမတန်း သိုင်းသမားများ ဖြစ်ကြသလို ဂိုဏ်းချုပ် ချူကုံးလျှံတို့ ငါးယောက်မှာလည်း ဂဠုန်ပုံဂိုဏ်း၏ ထိပ်သီးသိုင်းသမားများ ဖြစ်ကြသည်။

ဤအင်အားနှင့်ဆိုလျှင် နတ်ဆိုးလေးတို့ လူစုကို ကောင်းစွာ ထိန်းထားနိုင်မည် ဖြစ်သည်။

သို့သော် စခန်းပရိဂုဏ်အတွင်းသို့ အလစ်ဝင်ရောက်ကာ မီးရှို့ဖျက်ဆီး တိုက်ခိုက်နေသံများကို ကြားလိုက် သိလိုက်ရသည်တွင် သူတို့အားလုံး စိတ်အတော်လှုပ်ရှားသွားကြသည်။

ထို့ကြောင့်လည်း တိုက်ပွဲအစဝယ် ခါးပတ်နီသိုင်းသမား တစ်



ယောက်နှင့် ခါးပတ်နက် သိုင်းသမား သုံးယောက် ထိခိုက်သွားရခြင်းပင်။

မိမိတို့ စိတ်လှုပ်ရှားကာ အာရုံများနေမှန်း ချူကုံးလျှံက ရိပ်မိသည်။

သို့အတွက်ကြောင့် နောက်ဆံမတင်းဘဲ နတ်ဆိုးလေးတို့ကို ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင်ရန်အတွက် လင်ပိုင်းကို လူစုခွဲကာ လွှတ်လိုက်ခြင်းဖြစ်သည်။

ထို့နောက် ကျန်နေသေးသမျှ လူများဖြင့် နတ်ဆိုးလေးတို့ကို အပြင်းအထန် ရင်ဆိုင်တိုက်ခိုက်သည်။

နတ်ဆိုးလေး လွေ့ရာထန်းကို ချူကုံးလျှံနှင့် ဝမ်တိန့်ကွတ်တို့ နှစ်ယောက်က ဝိုင်းညှပ်တိုက်ခိုက်သည်။

ကျားဘီလူး (၁)က လင်စွမ်းရင်ကို တိုက်သည်။

ကျားဘီလူး (၂)က ရှောင်ဟုန်ကို ရင်ဆိုင်တိုက်ခိုက်သည်။

ကျားဘီလူး(၃)နှင့် (၄)ကမူ ခါးပတ်နီသိုင်းသမား သုံးယောက်စီနှင့် ရင်ဆိုင်တိုက်ခိုက်ရသည်။

ချူကုံးလျှံနှင့် ဝမ်တိန့်ကွတ်တို့ နှစ်ယောက်မှာ နတ်ဆိုးလေး

လွှေရာထန်းနှင့် အကြိတ်အနယ် သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်နေရသည်။

နတ်ဆိုးလေးက အသာစီးရမှု များသည်။

ကျားဘီလူး အမှတ်(၃)နှင့် အမှတ်(၄) တို့မှာမူ အောက်စီးမှရှိနေကာ ခံစစ်ကိုသာ ဆင်နေရသည်။

လင်စွမ်းရင်နှင့် ရှောင်ဟုန်တို့မှာမူ အခြေအနေမကောင်း။

ကျားဘီလူး(၁)နှင့် (၂)တို့၏ ဖိနှိပ်တိုက်ခိုက်မှုကို အလူးအလဲပင် ခံနေရသည်။

သိုင်းကွက် (၂၅)ကွက် အပြန်အလှန် ရင်ဆိုင်တိုက်ခိုက်ပြီးနောက် နတ်ဆိုးလေးက သူ၏နာမည်ကျော် နတ်ဆိုးကြိမ်ရိုက်သိုင်းကို ထုတ်သုံးတော့သည်။

ရွှေသံချွန်၊ ငွေသံချွန် လက်နက်နှစ်ခုက ချူကုံးလျှံနှင့် ဝမ်တိန့်ကွတ်တို့ကို လွှမ်းမိုးခြိမ်းခြောက်နေသည်။

ချူကုံးလျှံ၏ ဂဠုန်တောင်ဖြန့် ဓားသိုင်းနှင့် ဝမ်တိန့်ကွတ်၏သင့်ကျမ်းတောင်ဓားသိုင်းတို့မှာ အံမတုနိုင်။

ချူကုံးလျှံနှင့် ဝမ်တိန့်ကွတ်တို့ နှစ်ယောက်မှာ အလူးအလဲ



ပင် ခံနေရသည်။

အသေအလဲ ခုခံတိုက်ခိုက်နေသည့်ကြားမှ ချူကုံးလျှံ၏ ညာလက်မောင်းကို ရွှေသံချွန်ဖြင့် စိုက်ထိုးမိသွားသည်။

ချူကုံးလျှံ ဒဏ်ရာရသွားသည်တွင် ခုခံတိုက်ခိုက်မှုအင်အားမှာ သိသိသာသာ လျော့နည်းသွား၏။

ဤသည်ကို အခွင့်ကောင်းယူကာ နတ်ဆိုးလေး လွှေရာထန်းက အတင်းတရကြမ်း ဖိတိုက်ရာ ဝမ်တိန့်ကွတ်မှာ ငွေသံချွန်ဖြင့် အထိုးခံလိုက်ရပြန်သည်။

ဝမ်တိန့်ကွတ် ရသော ဒဏ်ရာမှာ ချူကုံးလျှံထက် ပိုပြင်းသည်။

နှစ်ယောက်စလုံး ဒဏ်ရာဒဏ်ချက် ရနေသည့်ကြားမှ အတင်းအားခဲကာ တိုက်ခိုက်နေကြသည်။

အားတင်း၍ တိုက်နေသော်လည်း စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ပြီ။

ချူကုံးလျှံ၏ ဘယ်လက်မောင်းနှင့် ရင်ဘတ်တို့တွင် အထိခံလိုက်ရပြန်သည်။

ဝမ်တိန့်ကွတ်မှာလည်း ညာဘက်ပေါင်တွင် ဒဏ်ရာပြင်းပြင်းထန်ထန် ရသွားပြန်သည်။

ထိုအချိန်တွင် ကျားဘီလူး(၄)ကို ရင်ဆိုင်တိုက်ခိုက်နေသော ခါးပတ်နီသိုင်းသမား သုံးယောက်တွင် တစ်ယောက်ထိပြီး ကျန်နှစ်ယောက်က ကျားဘီလူး (၄)ကို ချေမှုန်းအနိုင်ယူလိုက်သည်။

ထိုခါးပတ်နီသိုင်းသမား နှစ်ယောက်က ချက်ချင်းပင် ချူကုံးလျှံတို့ တိုက်ခိုက်ပါဝင်နေရာသို့ ပြေးဝင်လာကြပြီး ချူကုံးလျှံတို့ဘက်မှ ပါဝင်အားဖြည့်ပေးသည်။

ချူကုံးလျှံ'တို့မှာ နတ်ဆိုးကြိမ်ရိုက်သိုင်း၏ ဖိနှိပ်တိုက်ခိုက်နေမှုမှ လွတ်ကင်းသွားသည်။

တင်းထားသည့်စိတ်ကို လျော့လိုက်ပြီမို့ ဝမ်တိန့်ကွတ်မှာ မဟန်နိုင်တော့ဘဲ လဲကျသွားသည်။

ချူကုံးလျှံကမူ ဒဏ်ရာများကို မမှုဘဲ ခါးပတ်နီသိုင်းသမားနှစ်ယောက်ကို ရှေ့ဆောင်ကာ နတ်ဆိုးလေးကို ပြင်းပြင်းထန်ထန် တိုက်ခိုက်နေသည်။

ခါးပတ်နီသိုင်းသမား နှစ်ယောက်က ဝဲယာတောင်ပံဖြန့်ကာ



တိုက်ခိုက်သည်။

ချူကုံးလျှံကအလယ်ဗဟိုမှနေ၍ ထိန်းပေးသည်။

ဂျွန်ပျံဂိုဏ်း၏ နာမည်ကျော် 'ဂျွန်တောင်ဖြန့် စုပေါင်းသိုင်းကွက်ကြီး' ၏ ပုံစံအတိုင်း သိုင်းကွက်နင်းတိုက်ခိုက်မှုပင်။

ဂျွန်တောင်ဖြန့် စုပေါင်းသိုင်းကွက်ကြီးတွင် ဘယ်တောင်ပံ၌ သိုင်းသမား (၂၀)၊ ညာတောင်ပံ၌ သိုင်းသမား (၂၀)၊ အလယ်ဗဟိုတွင် သိုင်းသမား (၅) ယောက် နေရာယူ တိုက်ခိုက်ရသည်။

ပထမပိုင်းတွင် နတ်ဆိုးလေးတို့နှင့် ရင်ဆိုင်ရန် သိုင်းကွက်ပုံစံအတိုင်း ခင်းကျင်းထားခဲ့ခြင်း ဖြစ်သည်။

ယခု လူသုံးယောက်တည်းဖြင့် ဂျွန်တောင်ဖြန့်သိုင်းကွက်ဆင်ကာ တိုက်ခိုက်ရသည့်အတွက် အားအင်မကြီးမားပေ။

သို့သော် သူတို့သုံးယောက်၏ အကွက်ကျကျ လှုပ်ရှား ဆုတ်တက် တိုက်ခိုက်မှုကြောင့် နတ်ဆိုးလေးမှာ ခြေချုပ် လက်ချုပ်ခံရသလိုဖြစ်ကာ စိတ်တိုင်းကျ လှုပ်ရှားမတိုက်ခိုက်နိုင်တော့ပေ။

လွှေ့ရာထန်း၏ နတ်ဆိုးကြိမ်ရိုက်သိုင်းကို ဂျွန်တောင်ဖြန့် စုပေါင်းသိုင်းကွက်က ချုပ်ထိန်းထားနိုင်ပေပြီ။

ထိုအချိန်ဝယ် ကျားဘီလူး (၃)နှင့် ရင်ဆိုင်တိုက်ခိုက်နေကြသော ခါးပတ်နီသိုင်းသမား သုံးယောက်က ကျားဘီလူး(၃)ကို ချေမှုန်းအနိုင်ယူပြီးနောက် ချူကုံးလျှံတို့ဘက်သို့ အားဖြည့်ရန် ပြေးဝင်လာပြန်သည်။

ထိုခါးပတ်နီသိုင်းသမား သုံးယောက်သာ ရောက်ရှိအားဖြည့်လာလျှင် မိမိအဖို့ အခြေမဟန်နိုင်တော့ကြောင်း နတ်ဆိုးလေး ရိပ်မိသည်။

ထို့ကြောင့် နတ်ဆိုးလေး လွေ့ရာထန်းက မိုးကြိုးသွားသိုင်းကို ထုတ်သုံးတော့သည်။

မိုးကြိုးသွားသိုင်းမှာ နတ်ဆိုးလေး လွေ့ရာထန်း တတ်မြောက်ထားသည့် သိုင်းပညာများတွင် အဆင့်မြင့်ဆုံးနှင့် အကြမ်းတမ်းအခက်ထန်ဆုံး ဖြစ်သည်။

မိုးကြိုးသွားသိုင်းကွက် စုစုပေါင်း သိုင်းကွက် ငါးကွက်ရှိသည်။

အလွန်အဆင့်မြင့်သည်။

အပြောင်းအလဲ အလှည့်အကွေ့များသလောက် အားလည်း အလွန်ပြင်းထန်သည်။



နတ်ဆိုးလေး လွေ့ရာထန်းမှာ မိုးကြိုးသွားသိုင်းကွက် ငါးကွက်စလုံးပင် အောင်မြင်အောင် မလေ့ကျင့်နိုင်သေး။

သိုင်းကွက် နှစ်ကွက်သာ ပိုင်ပိုင်နိုင်နိုင် တတ်မြောက်ပြီး တတိယသိုင်းကွက်ကို အခြေခံသဘောလောက် နားလည်ထားသည်။

ကျန်စတုတ္ထသိုင်းကွက်များကိုမူ လုံးဝ နားမလည်သေးပေ။

နတ်ဆိုးလေး လွေ့ရာထန်းက မိုးကြိုးသိုင်း၏ ပထမသိုင်းကွက်ကို သုံးကာ တန်ပြန်တိုက်စစ်ဆင်သည်။

ဤအခါတွင် ချူကုံးလျှံ၏ ဂျွန်တောင်ဖြန့် သိုင်းကွက်၏ အရှိန်အဟုန်မှာ ချက်ချင်း တုံ့ရပ်သွားသည်။

နတ်ဆိုးလေးက အဆင့်မြင့်သိုင်းကွက်တစ်ခု ထုတ်သုံးလိုက်မှန်း ချူကုံးလျှံက ရိပ်မိလိုက်သည်။

ထို့ကြောင့် မိမိတို့ လူသုံးယောက် အားဖြည့်ဝင်ရောက်လာချိန်အထိ အချိန်ဆွဲထားနိုင်ရန် တိုက်စစ်မှ ခံစစ်ကို ပြောင်းလိုက်သည်။

ပြေးလာနေသော ခါးပတ်နီသိုင်းသမား သုံးယောက် အားဖြည့်ရောက်ရှိလာမှ တန်ပြန်တိုက်စစ်ဆင်ရန် ချူကုံးလျှံက မိတ်ကူးထားသည်။

သို့သော် ...

ချူကုံးလျှံတို့အတွက် ကံကြမ္မာဆိုးဖန်လာသည်ကား ထိုအချိန်မှာပင် ရှောင်ဟုန်မှာ ကျားဘီလူး(၂)၏ လက်ချက်ထိကာ လဲကျသွားခြင်းပင်တည်း။

ကျားဘီလူး(၂)သည် ရှောင်ဟုန်ကို ချေမှုန်းအနိုင်ယူပြီးသည်နှင့် ချူကုံးလျှံတို့အား ကူညီရန် ပြေးလာသည့် ခါးပတ်နီသိုင်းသမားသုံးယောက်ကို လမ်းမှဖြတ်ကာ တိုက်ခိုက်သည်။

ရုတ်တရက် ကြားဖြတ်အတိုက်ခံရသည်မို့ ခါးပတ်နီသိုင်းသမား တစ်ယောက် ကျားဘီလူး(၂)၏ ဓားချက်ထိကာ တုံးခနဲ လဲကျသွားသည်။

ကျန်ခါးပတ်နီ သိုင်းသမားနှစ်ယောက်မှာလည်း ကျားဘီလူး(၂)နှင့် ရင်ဆိုင်တိုက်ခိုက်ကြရတော့သည်။

ချူကုံးလျှံတို့ကို သွားရောက် အားဖြည့်ကူညီမပေးနိုင်တော့။

နတ်ဆိုးလေးက ဆက်လက်၍ မိုးကြိုးသိုင်း၏ ဒုတိယသိုင်းကွက်ကိုသုံးကာ တိုက်စစ်ဆင်ပြန်သည်။

ချူကုံးလျှံတို့၏ ဂျူန်တောင်ဖြန့် စုပေါင်းသိုင်းကွက် ပျက်



သွားပြီး ခါးပတ်နီသိုင်းသမားတစ်ယောက် ငွေသံချွန် အထိခံရပြီး လဲကျသွားသည်။

ချူကုံးလျှံတို့ လူစုအတွက် အခြေအနေ အလွန်ဆိုးရွားနေပေပြီ။

✱ ✱ ✱

## အခန်း(၉)

ယုန်နှစ်။ (၃)လပိုင်း။ (၇) ရက်နေ့။

ညဦးယံအချိန်။

ကျန်းယွင်တီနှင့် ပိုင်ကြင်ယုန်တို့ နှစ်ယောက် ဂျွန်ပုံဂိုဏ်း၏ စခန်းနှင့် သုံးမိုင်ခန့်ဝေးသော တိမ်ဖြူတောင်ခြေ တစ်နေရာရှိ တောလမ်းလေးတစ်ခုသို့ ရောက်လာကြသည်။

တောလမ်းလေးအတိုင်း ခပ်သွက်သွက် လျှောက်လာခဲ့ကြရာ ရုတ်တရက် လူသုံးယောက် လမ်းဘေးမှ ထွက်လာပြီး သူတို့သွားမည့် လမ်းကို ပိတ်ဆို့ကာ ရပ်လိုက်ကြသည်။

ထိုလူသုံးယောက်သည် အပြာရောင် ဝတ်စုံများ ဝတ်ထားကြသည်။



အပြာရောင်ဝတ်စုံဝတ် လူသုံးယောက်၏ လက်ထဲတွင် ကိုင်ထားသည့် လက်နက်များမှာ ထူးဆန်းလှသည်။

အရှည် သုံးပေသာသာခန့် ရှိသော သံပိုက်လုံးများ ဖြစ်သည်။ သံပိုက်လုံး၏ အရင်းဘက်တွင် ခလုတ်တပ်ထားသော လက်ကိုင်လေးများ ပါရှိသည်။

ဤလို လက်နက်ဆန်းမျိုးကို ကျန်းယွင်တီတို့ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးကြသေးပေ။

ကျန်းယွင်တီနှင့် ပိုင်ကြင်ယုန်တို့ နှစ်ယောက်လည်း ခြေလှမ်းများကို တုံ့ရပ်လိုက်ကြသည်။

"ခင်ဗျားတို့နှစ်ယောက် ဘယ်ကိုသွားကြမလို့လဲ"

ဝတ်စုံပြာ သုံးယောက်အနက်မှ ခေါင်းဆောင်ဖြစ်ဟန်တူသော ကတုံးပြောင်ပြောင်နှင့် လူကြီးက မေးသည်။

"ဂျွန်ပုံဂိုဏ်းရဲ့ စခန်းကို သွားမလို့ပါ"

ကျန်းယွင်တီက ပြန်အဖြေပေးသည်။

"ဂျွန်ပုံဂိုဏ်းရဲ့ စခန်းကို မသွားရဘူး၊ လမ်းပိတ်ထားတယ်"

"ကျွန်တော်တို့ သွားမယ့်လမ်းကို ဘယ်သူမှ ပိတ်ထားလို့

မရဘူး၊ ဒီတော့ လမ်းဖယ်ပေးကြပါ၊ ဖယ်မပေးရင် ကျွန်တော်တို့ အကြောင်း သိရအောင် ပြရလိမ့်မယ်"

"ဟား ... ဟား ... ဟား တယ်ဟုတ်ပါလား၊ အေး ... ခင်ဗျား တို့အကြောင်း မပြခင် ကျုပ်တို့ရဲ့ မြားပျံစကြာလက်နက်ကို မြည်း ကြည့်စမ်းပါဦး"

စကားဆုံးသည်နှင့် ကတုံးပြောင်ကြီးသည် သူ့လက်တွင် ကိုင် ထားသော သံပိုက်လုံးကို ဆတ်ခနဲ မြှောက်ကာ ပြောင်းဝကို ကျန်း ယွင်တီရှိရာသို့ တိုးချိန်ပြီး ပြောင်းရင်းမှ ခလုတ်ကို နှိပ်ဆွဲလိုက်သည်။

"ဝှစ် ... ဝှစ် ဝှစ် ... ဝှစ် ဝှစ်"

သံပိုက်လုံးလေးထဲမှ မြားတိုလေး ငါးချောင်း လွင့်ပျံထွက် လာသည်။

ကျန်းယွင်တီမှာ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး ဘေးသို့ လွှားခနဲခုန်ကာ နေရာပြောင်းပြီး ကိုယ်ခန္ဓာကိုလည်း အသာရှေ့သို့ ကိုင်းချလိုက်သည်။

နဂါးငွေ့သိုင်းကိုသုံးကာ နေရာရွှေ့ပြောင်းလိုက်သည်ဖြစ်သော ကြောင့် ကျန်းယွင်တီ၏ လှုပ်ရှားမှုမှာ သွက်လက်လှသည်။



လျင်မြန်သော အဟုန်ဖြင့် လွင့်ပျံဝင်ရောက်လာသော မြားတို လေး ငါးစင်းမှာ ကျန်းယွင်တီကို မထိဘဲ သီသီလေးကပ်ကာ လွဲ သွားသည်။

ကတုံးပြောင်ကြီးသည် မြားပျံစကြာလက်နက်ဖြင့် ကျန်းယွင်တီ ကို ထပ်မံပစ်ခတ်ရန် ချိန်ရွယ်လိုက်ပြန်သည်။

ကျန်းယွင်တီက ကတုံးပြောင်ကြီးကို နောက်တစ်ကြိမ် ထပ်မံ ပစ်ရန် အခွင့်မပေးတော့။

လျှပ်စစ်နှယ် လျင်မြန်သော အရှိန်ဖြင့် ရှေ့သို့ လွှားခနဲခုန် တက်လာပြီး မြားပျံစကြာလက်နက်၏ ပြောင်းတံကို ညာလက်ဖြင့် ဆတ်ခနဲ ဆုပ်ဖမ်းလိုက်သည်။

နဂါးငွေ့သိုင်းဖြင့် နေရာရွှေ့ပြောင်း လှုပ်ရှားပြီး အဋ္ဌဝါသိုင်း ကို သုံးကာ တိုက်ခိုက်လိုက်သည်မို့ လက်ထုတ်၊ လက်နှုတ်က သွက်လက်မြန်ဆန်လှသည်။

ကတုံးကြီး ခလုတ်မဆွဲနိုင်မီမှာပင် ကျန်းယွင်တီ၏ ညာလက် က မြားပျံစကြာ လက်နက်၏ ပြောင်းကို ဆုပ်ကိုင်မိသွားပြီးဖြစ် သွားသည်။

ဆုပ်ကိုင်မိသည်နှင့် ကျန်းယွင်တီက အတွင်းအားကိုသုံးကာ မြားပျံစကြာလက်နက်ကို ဆောင့်ဆွဲယူလိုက်သည်။

ကတုံးကြီးမှာ ကျန်းယွင်တီ၏ အတွင်းအားကို မခံနိုင်။ မယှဉ်နိုင်။

မြားပျံစကြာလက်နက်သည် ကတုံးကြီး၏လက်မှ လွတ်ပြီး ကျန်းယွင်တီ၏ လက်သို့ ပါလာသည်။

ထိုအချိန်တွင် ကျန်ဝတ်စုံပြာနှစ်ယောက်က ကျန်းယွင်တီကို သူတို့၏လက်တွင် ကိုင်ထားသည့် မြားပျံစကြာလက်နက်များဖြင့် ပတ်ခုတ်ရန် လှမ်းချိန်ကြသည်။

ကျန်းယွင်တီမှာ ထိုလူနှစ်ယောက်ကို တိုက်ခိုက်ရန် လက်လှမ်းမမီ။ အချိန်လည်းမရတော့။

ဤတွင် ပိုင်ကြင်ယုန်က ပါဝင်လှုပ်ရှားရတော့သည်။

ပိုင်ကြင်ယုန်သည် ဓားရှည်ကို ဆွဲထုတ်ကာ ဝတ်စုံပြာဝတ်နှစ်ယောက်ကို အတင်းဝင်၍ ခုတ်ပိုင်းတိုက်ခိုက်သည်။

သေရေးရှင်ရေး အခြေအနေနှင့် ကြုံကြိုက်နေသည်မို့ ပိုင်ကြင်ယုန်က အပိုင်ကွက်များကိုသုံးကာ ခပ်ကြမ်းကြမ်း တိုက်ခိုက်လိုက်



သည်။

ဝတ်စုံပြာနှစ်ယောက်စလုံးမှာ ဓားချက်အထိခံရပြီး လဲကျသွားသည်။

မိမိ အဖော်နှစ်ယောက်၏ ဖြစ်ပေါ်ကို မြင်ရသော ကတုံးကြီးမှာ ဆက်လက်တိုက်ခိုက်ရန် မဝံ့တော့ဘဲ တစ်ချိုးတည်း သုတ်ခြေတင်ကာ ထွက်ပြေးသွားလေတော့သည်။

"ဒီလူသုံးယောက်က ဘာကြောင့် အခုလို လမ်းကဖြတ်ပြီး တားဆီးရတာလဲ"

ကတုံးပြောင်ကြီး ထွက်ပြေးသွားပြီးနောက် ကျန်းယွင်တီက ခေါင်းကုတ်ကာ ခပ်ညည်းညည်းလေး ရေရွတ်လိုက်သည်။

"ကြည့်ရတာ ဂျွန်ပျံဂိုဏ်းကို ရန်သူတွေ ဝိုင်းထားသလား၊ ဒါမှမဟုတ် ရန်သူတွေ ဝင်တိုက်နေသလား၊ တစ်ခုခုပဲ"

ပိုင်ကြင်ယုန်က ထင်မြင်ချက်ပေးသည်။

"ဒီအတိုင်းဆိုရင် ကျွန်တော်တို့ ဂျွန်ပျံဂိုဏ်းကို အမြန်ဆုံးရောက်အောင် သွားကြမှဖြစ်မယ်"

ကျန်းယွင်တီနှင့် ပိုင်ကြင်ယုန်တို့သည် မြေကြီးပေါ်ဝယ် ကျနေ

သော မြားပျံစကြာလက်နက် သုံးခုကို ဖျက်ဆီးပစ်ကြပြီးနောက် ဂရူန်ပျံဂိုဏ်း၏ စခန်းရှိရာသို့ ခပ်သုတ်သုတ် ထွက်လာခဲ့ကြသည်။

မကြာမီမှာပင် ဂရူန်ပျံဂိုဏ်း၏ စခန်းကို လှမ်းမြင်နိုင်သည့် နေရာသို့ ရောက်လာသည်။

ဂရူန်ပျံဂိုဏ်း၏ စခန်းတွင် မီးဟုန်းဟုန်း တောက်လောင်နေသည်ကို ကျန်းယွင်တီတို့ မြင်လိုက်ရသည်။

"ဟော ... ဂရူန်ပျံဂိုဏ်းမှာ ပြဿနာအကြီးအကျယ် ပေါ်နေပြီ၊ ကျွန်တော်တို့ အမြန်ဆုံးသွားစို့"

ကျန်းယွင်တီက ပြောသည်။

ထို့နောက် နှစ်ယောက်သား ကိုယ်ဖော့ပညာ သုံးကာ ဂရူန်ပျံဂိုဏ်း၏ စခန်းရှိရာသို့ လျင်မြန်စွာ ပြေးလာခဲ့သည်။

ဟ ဟ ဟ

ဂရူန်ပျံဂိုဏ်း ပရိဝုဏ်အနားသို့ ကျန်းယွင်တီတို့ရောက်လာ၏။

စခန်းပရိဝုဏ်အတွင်းရှိ အဆောက်အအုံများမှာ မီးလောင်နေပြီး အော်သံ ဟစ်သံများ ညံနေသည်။

ပြေးလွှား တိုက်ခိုက်နေသော အရိပ်အယောင်များကိုလည်း



မြင်ရသည်။

ကျန်းယွင်တီနှင့် ပိုင်ကြင်ယုန်တို့သည် စခန်းထဲသို့ ပြေးဝင်ခဲ့သည်။

စခန်းအဝင်ဝနားဝယ် လူနှစ်ယောက်နှင့် ရင်ဆိုင် တိုးမိသည်။

တစ်ယောက်က မြွေစိမ်းကျားပွတ် ဟူတင်။

ကျန်တစ်ယောက်ကတော့ အသက် (၆၀)ခန့်ရှိ အဘိုးအို တစ်ယောက်။

ဟူတင်ရော ထိုအဘိုးအိုပါ နှစ်ယောက်စလုံး အပြာရောင် ဝတ်စုံများ ဝတ်ထားသည်။

ဟူတင်၏ လက်ထဲတွင် မြွေစိမ်းကျားပွတ်ကို ကိုင်ထားသည်။

အဘိုးအို၏ လက်ထဲတွင်တော့ ဓားရှည်တစ်လက် ကိုင်ထားသည်။

"အဲဒီအဘိုးကြီးဟာ ဓားတစ်လက် စီးမာကျင်းဆိုတဲ့ လူပဲ၊ သူ့ဓားသိုင်းက အတော်အစွမ်းထက်တယ်၊ မပေါ့ဆနဲ့"

ပိုင်ကြင်ယုန်က ကျန်းယွင်တီကို တီးတိုးပြောဆို သတိပေး

မြွေစိမ်းကျွာပွတ်ဟူတင်ကို တွေ့ရသည့်အတွက် ဂမ္ဘုန်ပုံဂိုဏ်းကို လာရောက်တိုက်ခိုက်ကြသူများမှာ ထန်းဝမ်ကြီး၏ ဘက်တော်သားများ ဖြစ်ကြောင်း ကျန်းယွင်တီတို့ သိလိုက်ကြသည်။

"မင်းတို့နှစ်ယောက်က ဒီနေရာထိလိုက်ပြီး ရှုပ်ကြမလို့ကိုး၊ အေး ... ဒီကိုရောက်လာတာ မင်းတို့ရဲ့သေတွင်းကို မင်းတို့ တူးကြတာပဲ"

ကျန်းယွင်တီကို တွေ့ရသောအခါ ဟူတင်က အေးစက်သောလေသံနှင့် ပြောသည်။

ထို့နောက် မြွေစိမ်းကျွာပွတ်ကို ရွှမ်းခနဲ ဝှေ့ယမ်းကာ ပိုင်ကြင်ယုန်ကို လှမ်းရိုက်သည်။

စီးမာကျင်းကလည်း ကျန်းယွင်တီအား ဓားရှည်ဖြင့် လှမ်းခုတ်ပိုင်းသည်။

စီးမာကျင်း၏ ဓားချက်မှာ ခပ်ရိုးရိုးသာ ဖြစ်သော်လည်း အားအလွန်ပြင်းထန်သည်။

ပိုင်ကြင်ယုန် သတိပေးထားသည့်အတိုင်း ထိပ်တန်းဓားသမားတစ်ယောက် ဖြစ်ကြောင်း ကျန်းယွင်တီ သိလိုက်သည်။



ကျန်းယွင်တီက နောက်သို့ ဆတ်ခနဲခုန်ကာ ရှောင်လိုက်သည့်အတွက် ဓားချက်မှာ ကပ်ကာလွဲသွားသည်။

ထိုအချိန်တွင် ပိုင်ကြင်ယုန်မှာ ဓားရှည်ကို ဝှေ့ယမ်းခုတ်ထစ်ကာ ဟူတင်နှင့် အကြိတ်အနယ် ရင်ဆိုင်တိုက်ခိုက်နေလေပြီ။

ဟူတင်၏ သိုင်းပညာစွမ်းမှာ ပိုင်ကြင်ယုန်ထက် သာလွန်ကြောင်း ကျန်းယွင်တီ သိထားသည်။

ပိုင်ကြင်ယုန် အနေဖြင့် အလွန်ဆုံး သိုင်းကွက် ငါးဆယ်ခန့်သာ ဟူတင်ကို ခုခံရင်ဆိုင်နိုင်ပေမည်။

သိုင်းကွက် ငါးဆယ်ကျော်လျှင် အရေးနိမ့်ရဖို့သာ များသည်။

သိုင်းကွက် ငါးဆယ်မပြည့်မီ မိမိက ဝင်ရောက်ကူညီပေးမှ ဖြစ်တော့မည်။

ဤသို့ ကူညီနိုင်ရန်မှာလည်း ထိုအချိန်အတွင်း စီးမာကျင်းကို အနိုင်ယူနိုင်မှ ဖြစ်မည်။

စီးမာကျင်းလို ထိပ်တန်းဓားသမားတစ်ယောက်ကို လက်နက်မဲ့ ရင်ဆိုင်အနိုင်ယူရန်မှာ လွယ်မည်မဟုတ်။

ဒီတော့ ကျန်းယွင်တီအဖို့ လက်နက်သုံးရန် လိုလာပြီ။

မိမိနှင့် အင်ဘာန်လိန်တို့ ဆက်စပ်ပတ်သက်နေကြောင်းကို လူသိမခံလိုသောကြောင့် ကျန်းယွင်တီက နတ်ဝတ်ရုံ အင်္ကျီလက်နက်ကို ထုတ်မသုံးလို။

ထို့ကြောင့် ကြူးဝှားထံမှ ရခဲ့သည့် ဓားမြှောင်ကို ဆွဲထုတ်လိုက်သည်။

ထိုဓားမြှောင်မှာ ရှစ်လက်မသာသာမျှသာ ရှည်သော်လည်း လက်နက်မဲ့ထက်စာလျှင်တော့ များစွာတော်သည်ဟု ဆိုရမည်။

ကျန်းယွင်တီသည် ဓားမြှောင်ကို ထုတ်ယူကိုင်စွဲလိုက်သော်လည်း မည်သည့် သိုင်းကွက်ကိုသုံးကာ တိုက်ရမည်ကို ဝေခွဲမရသေး။

အင်ဘာန်လိန်က ကျန်းယွင်တီကို ဓားသိုင်းပညာ သင်မပေးခဲ့ပေ။

အင်ဘာန်လိန် သင်ပေးခဲ့သည့် ထိပ်တန်းအဆင့်မြင့် သိုင်းပညာရပ်ဖြစ်သော အဗ္ဗာဝါသိုင်းမှာလည်း လက်နက်မဲ့ သိုင်းပညာရပ်တစ်ခုဖြစ်သည်။

နတ်ဝတ်ရုံသိုင်းမှာ လက်နက်ကို သုံးရသော သိုင်းပညာရပ်ဖြစ်သော်လည်း လက်နက်က ဓားမဟုတ်။ နတ်ဝတ်ရုံအင်္ကျီ လက်နက်



သာ ဖြစ်သည်။

ကျန်းယွင်တီ၏ ငယ်ဆရာဖြစ်သော တောင်ငင်းကမူ ကျန်းယွင်တီကို အခြေခံသိုင်းပညာ သင်ကြားပေးခဲ့သည်။

သို့သော် ထိုဓားသိုင်းမှာ အလွန်ရိုးစင်းသော သာမန်ဓားသိုင်းပညာရပ်တစ်ခုသာ ဖြစ်ရာ စီးမာကျင်းလို ထိပ်တန်းဓားသမားတစ်ယောက်ကို ရင်ဆိုင်ရာတွင် သင့်လျော်ပါမည်လားဟု ကျန်းယွင်တီ သံသယဖြစ်နေသည်။

ဤသို့ ကျန်းယွင်တီ မည်သည့်သိုင်းကွက်ကို သုံးရမှန်းမသိဘဲ ဝေခွဲမရ ဖြစ်နေစဉ်မှာပင် စီးမာကျင်းက ဒုတိယဓားချက်အဖြစ် ထပ်မံခုတ်ပိုင်း တိုက်ခိုက်လာပြန်သည်။

ဒုတိယဓားချက်က ပထမဓားချက်လို ရိုးရိုးစင်းစင်း မဟုတ်တော့။

အကွက်ဆန်းလာသည်။ အားလည်း ပိုပြင်းလာသည်။

ကျန်းယွင်တီမှာ ကမန်းကတန်းပင် နောက်သို့ ခုန်ရှောင်လိုက်ရသည်။

ခုန်ရှောင်သော်လည်း မလွတ်။

ဓားချက်က ကျန်းယွင်တီ ရှောင်ရာနောက်သို့ ထပ်ဆင့်လိုက်လာသည်။

ရှောင်၍ရနိုင်တော့မည့် အခြေအနေ မဟုတ်တော့သောကြောင့် ကျန်းယွင်တီက ဓားမြှောင်ကို ရှေ့ယမ်းကာ ခုခံတိုက်ခိုက်လိုက်ရသည်။

တောင်ငင်း သင်ပေးလိုက်သော သာမန်ဓားကွက်ကလေး တစ်ကွက်သာ ဖြစ်သည်။

သို့ရာတွင် ဤဓားကွ ်၏ လှုပ်ရှားမှုတွင် နတ်ဝတ်ရုံသိုင်း၏ သွက်လက်မြန်ဆန်လှသော လက်ထုတ် လက်နှုတ် လှုပ်ရှားမှု အင်အားက ပါသွားသည်။

ထို့ကြောင့် ဓားကွက်တွင် ပါဝင်သည့် ဓားချက် သုံးချက် ခုတ်ပိုင်း လှုပ်ရှားမှုမှာ အလွန် သွက်လက်မြန်ဆန်ကာ ဆက်တိုက်ဆိုသလို ဖြစ်သွားသည်။

ဤတွင် ကျန်းယွင်တီ၏ ဓားကွက်မှာ သာမန်ဓားကွက်တစ်ခု မဟုတ်တော့ဘဲ ဓားချက် သုံးချက်ဆက်တိုက်ဆင့်ကာ ခွဲဖြာတိုက်ခိုက်သော အဆင့်မြင့်ဓားကွက်တစ်ခုသဖွယ်မျိုး ဖြစ်သွားသည်။



ယိပ်တန်းဓားသမား စီးမာကျင်း၏ တိုက်စစ် ဓားချက်မှာ ကျန်းယွင်တီ၏ ဓားချက်သုံးဆင့်ကို မထိုးဖောက်နိုင်တော့။

တဒင်္ဂအတွင်း ဓားချက်သုံးချက်ကို လမ်းကြောင်းသုံးသွယ်ခွဲကာ ခုတ်ပိုင်းတိုက်ခိုက်နိုင်သည့်အတွက် စီးမာကျင်းကိုယ်တိုင် အံ့သြထိတ်လန့်ပြီး သိုင်းကွက်ကို ရုပ်သိမ်းကာ ကမန်းကတန်းပင် နောက်သို့ဆုတ်လိုက်ရသည်။

ဤလို ဓားချက်ဓားကွက်မျိုး စီးမာကျင်း တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသေးပေ။

အံ့သြထိတ်လန့်သည့်အပြင် မျက်စိလည်း လည်သွားရသည်။

ကျန်းယွင်တီကိုယ်တိုင်မှာလည်း မိမိ၏ ဓားသိုင်းကွက် မြန်ဆန်သွက်လက်ပြီး အားပြင်းလှမှုကို အစတွင် အံ့သြမိသည်။

သို့သော် ချက်ချင်းဆိုသလိုပင် အဏ္ဏဝါသိုင်း၏ မြန်ဆန်မှုနှင့် အားပြင်းမှုကို ဓားကွက်တွင် ထည့်သုံးလိုက်၍ ယခုလို ဖြစ်လာကြောင်း နားလည်သဘောပေါက်သွားသည်။

ထို့ကြောင့် ဆက်လက်၍ တောင်ငင်း သင်ပေးလိုက်သော အခြေခံဓားသိုင်းတွင် အဏ္ဏဝါသိုင်း၏ သွက်လက်လျင်မြန်မှု၊ အား

ပြင်းထန်မှုနှင့် အလှည့်အပြောင်းများကို ဖြည့်သွင်းကာ လှုပ်ရှားတိုက်ခိုက်လေတော့သည်။

ဤတိုက်ကွက်နှင့် ဓားချက်များမှာ ပထမအကြိမ် တိုက်ခိုက်မှုထက် ပိုရိုလာသည်။ ပို၍သွက်လာသည်။

ဤသို့ဖြင့် ကျန်းယွင်တီမှာ မမျှော်လင့်ဘဲနှင့် ဓားသိုင်းကွက်အသစ်အဆန်းတစ်မျိုးကို တီထွင်နိုင်ခဲ့သည်။

စီးမာကျင်း အလူးအလဲ ခံနေရသည်။

တတိယမြောက် တိုက်ကွက်တွင်မူ စီးမာကျင်း ညာလက်မောင်းကို ဓားချက်ထိကာ ညာလက်တွင်ကိုင်ထားသော ဓားရှည်လည်း လွတ်ကျသွားသည်။

အကယ်၍ ကျန်းယွင်တီ အသေသတ်လိုလျှင် စီးမာကျင်းခုခံရှောင်တိမ်းနိုင်မည်မဟုတ်။

သေကွင်းသေကွက်ကို ဓားချက် အထိခံရမည်သာ။

ကျန်းယွင်တီက ရက်ရက်စက်စက် လုပ်လိုသော စိတ် မရှိသောကြောင့် စီးမာကျင်း၏ သေကွင်းသေကွက်နေရာကို မတိုက်ဘဲ ဓားလွတ်ကျစေရုံလောက်သာ ရည်ရွယ်ပြီး လက်မောင်းကိုသာ ခုတ်



လိုက်ခြင်း ဖြစ်သည်။

သို့ရာတွင် ...

မည်သို့မည်ပုံ ဖြစ်သည်မသိ။

စီးမာကျင်းသည် မြေကြီးပေါ်လဲကျသွားကာ သုံးလေးချက်လူးလိမ့်ပြီး အသက်ပျောက်သွားသည်။

ကျန်းယွင်တီ အလွန် အံ့သြသွားသည်။

လက်မောင်းကို ဓားချက်ထိရုံဖြင့် အဘယ်ကြောင့် အသက်ပျောက်သွားရသနည်း။

အဖြေရှာ၍မရ။

ထိုအချိန်တွင် ပိုင်ကြင်ယုန်မှာ ဟူတင်၏ တိုက်ခိုက်မှုကို အသောလဲ ခုခံနေရသည်။

ကျော့ပွတ်ရိုက်ချက်ပင် နှစ်ချက်အထိခံရပြီးဖြစ်သည်။

ပိုင်ကြင်ယုန် အခြေမလှတော့ပြီမို့ ကျန်းယွင်တီသည် ထွေထွေထူးထူး ဆက်လက်စဉ်းစားမနေတော့ဘဲ ပိုင်ကြင်ယုန်ဘက်မှ ကူညီရန် ပြေးလာခဲ့သည်။

ကျန်းယွင်တီ ပြေးလာသည်ကို မြင်ရသောအခါ မြွေစိမ်း

ကျော်မှုတ်ဟူတင်သည် ဆက်လက်ကိုက်ခိုက်ခြင်းမပြုတော့ဘဲ ချာခနဲ လှည့်ကာ သုတ်ခြေတင် ပြေးသွားလေတော့သည်။

ဟူတင်လို နာမည်ရသိုင်းသမားတစ်ယောက်အနေဖြင့် တိုက်ပွဲမှ အလန့်တကြား ကျောခိုင်းထွက်ပြေးသွားသည်မှာ အတော် အံ့သြဖို့ ကောင်းသည်။

အဘယ်ကြောင့် ထွက်ပြေးသွားမှန်း ကျန်းယွင်တီ မသိ။

"တယ်ဆန်းနေပါလား၊ စီးမာကျင်းကလည်း လက်မောင်းကို ဓားချက်ထိရုံနဲ့ အသက်ထွက်သွားတယ်၊ ဟူတင်ကျတော့လည်း ကျွန်တော် ပြေးလာတာနဲ့ တစ်ချိုးတည်းလစ်ပြေးတာပဲ၊ ဘယ်လိုဟာတွေမှန်း မသိဘူး၊ အစဉ်းစားရခက်စရာပဲ"

ကျန်းယွင်တီက ပိုင်ကြင်ယုန်ကို ပြောသည်။

"အဲဒီဓားမြှောင်ရဲ့ အသွားမှာ အဆိပ်ရှိလိမ့်မယ်၊ ဒါကြောင့် ဓားချက်ထိတာနဲ့ အဆိပ်မိပြီး အသက်ပျောက်သွားတာပေါ့၊ ပြီးတော့ ဟူတင်ကလည်း ဒီဓားမြှောင်အကြောင်း သိထားတယ်နဲ့တူတယ်၊ ဒီဓားမြှောင်နဲ့ အတိုက်ခံရမှာကိုကြောက်ပြီး ထွက်ပြေးသွားတာ ဖြစ်လိမ့်မယ်"



ပိုင်ကြင်ယုန်က ပြန်ပြောသည်။

"ဓားသွားမှာ အဆိပ်သုတ်ထားတာလား"

"အဆိပ်သုတ်ထားတာတော့ မဟုတ်နိုင်ဘူး၊ ဓားသွားကို လုပ်ထားတဲ့ သတ္တုကိုက အဆိပ်ရှိတဲ့ အမျိုးအစားဖြစ်လိမ့်မယ်"

"တောက် ... ကြူးဇွားက တယ်လည်း ကြမ်းကြုတ်ရက်စက်ပါလား၊ ဒီလို အဆိပ်ရှိတဲ့ ဓားကိုတောင် ကိုင်တယ်"

ကျန်းယွင်တီက ဤသို့ပြောပြီး ဓားမြှောင်ကို လွှင့်ပစ်မည်ပြုသည်။

"ဒီလိုမလုပ်နဲ့လေ၊ ဒီဓားဟာ အစွမ်းထက်တဲ့ လက်နက်တစ်မျိုးပဲ၊ ဒီဓား မသမာသူတွေလက်ထဲ ရောက်သွားင် လူတွေကို ဒုက္ခကောင်းကောင်းပေးလိမ့်မယ်၊ ဒီတော့ ရှင်ပဲ သိမ်းထားပြီး အကျိုးရှိတဲ့နေရာမှာ သုံးပေါ့"

ပိုင်ကြင်ယုန်က ဟန့်တားလိုက်သည်။

ထို့ကြောင့် ကျန်းယွင်တီသည် ဓားမြှောင်ကို လွှင့်မပစ်တော့ဘဲ ဓားအိမ်ထဲ ပြန်ထည့်ကာ ကောင်းစွာ သိမ်းဆည်းထားလိုက်သည်။

ထို့နောက် နှစ်ယောက်သား ဂဠုန်ပျံဂိုဏ်း၏ စခန်းပရိဝုဏ်

ထဲသို့ အပြေးဝင်ရောက်လာခဲ့ကြသည်။

ဂျွန်ပုံဂိုဏ်း၏ စခန်းပရိဝုဏ်ထဲတွင်ကား ကမ္ဘာပျက်သလို ဖြစ်နေသည်။

အတုံးအရုံး လဲကျသေဆုံးနေကြသည်များမှာလည်း မြင်လို့မကောင်း။

အပြာရောင်ဝတ်စုံဝတ်ထားသူများက ဂျွန်ပုံဂိုဏ်းသားများကို လိုက်လံ တိုက်ခိုက်ချေမှုန်းနေကြခြင်းဖြစ်သည်။

အပြာရောင် ဝတ်စုံဝတ်ထားသူများမှာ လူအင်အား သိပ်မများ။

သို့သော် သိုင်းပညာအစွမ်း အတော်ထက်မြက်သည်။

ဂျွန်ပုံဂိုဏ်းဝင်များမှာ သူတို့ကို မယှဉ်နိုင်ဘဲ ခံဘက်ကချည်းရှိနေသည်။

ကျန်းယွင်တီနှင့် ပိုင်ကြင်ယုန်တို့သည် ဂျွန်ပုံဂိုဏ်းသားများဘက်မှ ကူညီကာ ဝတ်စုံပြာဝတ်များကို လိုက်လံ တိုက်ခိုက်သည်။

ဤသို့ တိုက်ခိုက်ရင်းဖြင့် ကျန်းယွင်တီနှင့် ပိုင်ကြင်ယုန်တို့ နှစ်ယောက်မှာ လူစုကွဲသွားကြသည်။

ကျန်းယွင်တီသည် ဝတ်စုံပြာဝတ်များကို လိုက်လံတိုက်ခိုက်



ရင်း စခန်းပရိဝုဏ်အစွန်ဘက် တစ်နေရာသို့ ရောက်လာသည်။

ထိုနေရာတွင် တိုက်ပွဲအတော်ပြင်းပြင်းထန်ထန် ဖြစ်နေသည်။

ဂျွန်ပုံဂိုဏ်း၏ ဂိုဏ်းချုပ် ချူကုံးလျှံကိုယ်တိုင် ခေါင်းဆောင်ကာ တိုက်ခိုက်နေသည်။

ထိုနေရာဝယ် ဂျွန်ပုံဂိုဏ်းနှင့် ရင်ဆိုင် တိုက်ခိုက်နေကြသူများမှာ ဝတ်စုံပြာဝတ် လူများမဟုတ်တော့။

အနက်ရောင် ဝတ်စုံဝတ် လူသုံးယောက်ဖြစ်သည်။

အနက်ရောင် ဝတ်စုံဝတ် လူသုံးယောက်ကို ချူကုံးလျှံနှင့် အဖြူရောင်ဝတ်စုံဝတ်ကာ ခါးပတ်အနီးပတ်ထားသူ သုံးယောက်တို့က ရင်ဆိုင်တိုက်ခိုက်နေသည်။

ကျန်းယွင်တီ ရောက်ရှိသွားချိန်တွင် ချူကုံးလျှံတို့ဘက်မှ အကြီးအကျယ် အခြေအနေယိုင်နေသည်။

ဝတ်စုံနက်ဝတ် လူသုံးယောက်တို့၏ဖိနှိပ်တိုက်ခိုက်မှုကို အလူးအလဲ ခံနေရသည်။

ချူကုံးလျှံနှင့် ဝတ်စုံဖြူ နှစ်ယောက်မှာ ဒဏ်ရာရနေကြသည်။

ဝတ်စုံဖြူတစ်ယောက်သာလျှင် ဒဏ်ရာမရသေးဘဲ ရှိနေသည်။

"ဝိုက်း-ချုပ်ကြီး ချူ ဘာမှမစိုးရိမ်နဲ့တော့၊ ကျွန်တော် ကူပေးမယ်"

ကျန်းယွင်တီက အော်ဟစ်ပြောဆိုပြီး တိုက်ပွဲအတွင်းသို့ ပြေးဝင်လာသည်။

ဝတ်စုံနက်တစ်ယောက်က ကျန်းယွင်တီကို ဆီးကြိုတိုက်ခိုက်သည်။

ချူကုံးလျှံတို့၏ အခြေအနေ အလွန်ဆိုးနေပြီမို့ ကျန်းယွင်တီသည် အချိန်ဆွဲမနေတော့။

ဓားမြှောင်ဖြင့် သုံးချက်ဆင့်ကာ ထိုးနက်တိုက်ခိုက်လိုက်သည်။

ဓားချက် သုံးချက်က ဆက်တိုက်ပင်။

ဓားချက်များက ဆက်တိုက်ဖြစ်သော်လည်း ဓားချက်၏ ဦးတည်ရာလမ်းကြောင်းများကတော့ တစ်ခုနှင့်တစ်ခုမတူ၊ ကွဲပြားသည်။ ခြားနားသည်။

ပထမဓားချက်က ရင်ဘတ်ကို ဦးတည်သည်။

ဒုတိယဓားချက်က ညာဘက်နံစောင်းသို့ ရည်ရွယ်သည်။

တတိယဓားချက်ကမူ ဘယ်ဘက်ပခုံးကို ထိုးနက်သည်။



ဝတ်စုံနက်ဝတ်လူက ပျာပျာသလဲပင် ပြန်လည်ခုခံသည်။

"ထန်း ... ထန်း"

ပထမနှင့် ဒုတိယဓားချက်များကို ဝတ်စုံနက်ဝတ်လူက သူ၏ဓားရှည်ဖြင့် ခံဆောင်ပက်ထုတ်ပစ်လိုက်နိုင်သည်။

သို့သော် တတိယဓားချက်ကိုမူ မရှောင်နိုင်။

ဝတ်စုံနက်၏ ဘယ်ဘက်ပခုံးကို ဓားချက်ထိသွားသည်။

"အား ..."

ဝတ်စုံနက်မှာ တစ်ချက်သာအော်နိုင်ပြီး မြေကြီးပေါ် လဲကျသွားသည်။

တစ်ချက် နှစ်ချက် လူးလိမ့်ပြီးနောက် ငြိမ်သက်သွားသည်။

ရွှေသံချွန်နှင့် ငွေသံချွန် လက်နက်များကို ဝဲယာနှစ်ဖက်တွင် ကိုင်ထားသော ဝတ်စုံနက်ဝတ်လူ ကျန်းယွင်တီထံသို့ ပြေးဝင်လာသည်။

ကျန်ဓားရှည်ကိုင် ဝတ်စုံနက်မှာမူ ချူကုံးလျှံတို့နှင့် ဆက်လက်တိုက်ခိုက်ကျန်နေခဲ့သည်။

"အဲဒါ နတ်ဆိုးလေး လွေ့ရာထန်းပဲ သိလား"

ချူကုံးလျှံ၏ လှမ်းအော်သတိပေးသံကို ကျန်းယွင်တီ ကြားရသည်။

နတ်ဆိုးလေး လွေ့ရာထန်းဟူသောအမည်ကို ကျန်းယွင်တီ မကြားဖူးသေးပေ။

သို့သော် ချူကုံးလျှံကိုယ်တိုင်က အရေးတကြီး လှမ်းအော်သတိပေးသည့်အတွက် ဤလူ အစွမ်းသေးမည် မဟုတ်ကြောင်းကိုကား နားလည်လိုက်သည်။

ကျန်းယွင်တီက သူမမျှော်လင့်ဘဲ တီထွင်ထားခဲ့သည့် ဓားသိုင်းကွက်ဆန်းကို သုံးကာ နတ်ဆိုးလေးကို ဆီးကြိုတိုက်ခိုက်သည်။

ဓားရိပ်ဓားရောင်များက လမ်းကြောင်းသုံးခုခွဲကာ နတ်ဆိုးလေးကို လွှမ်းခြုံသွားသည်။

"မင်းက အလာကြီးပါလား"

နတ်ဆိုးလေးက ခနဲ့သံဖြင့် ရယ်မောပြောဆိုရင်း ကျန်းယွင်တီ၏ ဓားချက်များကို ရွှေသံချွန်ဖြင့် တစ်လှည့်၊ ငွေသံချွန်ဖြင့် တစ်ကြိမ် ခံဆောင်ပယ်ဖျက်လိုက်သည်။

ဤတစ်ကွက် ရင်ဆိုင်မိသည်နှင့် နတ်ဆိုးလေးမှာ တကယ်ပင်



သိုင်းပညာထက်မြက်သူတစ်ယောက်ဖြစ်မှန်း ကျန်းယွင်တီ ရိပ်မိလိုက်လေပြီ။

ကျန်းယွင်တီက ဆက်လက်၍ အဏ္ဏဝါသိုင်း၏ သွက်လက်မြန်ဆန်မှုနှင့် ပြင်းထန်သော အားအင်များကို ဓားကွက်တွင် ဖြည့်ထည့်သုံးကာ ခပ်သွက်သွက် ခပ်ကြမ်းကြမ်းတိုက်စစ်ဆင်သည်။

ထို့ပြင် နဂါးငွေ့သိုင်း၏ ရွေ့လျား နေရာပြောင်းမှုကိုပါ ထပ်မံအားဖြည့် သုံးလိုက်သေးသည်။

ဤတွင် ကျန်းယွင်တီ၏ တိုက်ခိုက်မှုအင်အားမှာ မြန်ဆန်သွက်လက်၍ အားအင်ပြင်းထန်သည့်အပြင် နေရာအပြောင်းအလဲ အလှုပ်အရှားလည်း ပိရိကာ အလွန်ပင် အစွမ်းထက်လာသည်။

သို့သော် နတ်ဆိုးလေး လွေ့ရာထန်းက နတ်ဆိုးကြိမ်ရိုက်သိုင်းကိုသုံးကာ ကျန်းယွင်တီ၏ တိုက်စစ်ကို ထိန်းထားနိုင်သည်။

ကျန်းယွင်တီနှင့် လွေ့ရာထန်းတို့မှာ တစ်ယောက်နှင့် တစ်ယောက် အားမျှသလို ဖြစ်နေသည်။

မည်သူမျှ အသာစီးမရ။

မည်သူမျှလည်း အောက်စည်းသို့ မရောက်။

အကြိတ်အနယ် တိုက်ခိုက်နေကြရသည်။

သိုင်းကွက် နှစ်ဆယ်ကျော် ရင်ဆိုင်တိုက်ခိုက်ပြီးချိန်တွင် နတ်ဆိုးကြိမ်ရိုက်သိုင်းကွက်ဖြင့် တစ်ဖက်လူကို အနိုင်ယူ၍ မရနိုင်မှန်း လွှေ့ရာထန်း နားလည်သွားသည်။

ထို့ကြောင့် လွှေ့ရာထန်းက သူ၏အဆင့်မြင့်ဆုံး သိုင်းကွက်ဖြစ်သည့် မိုးကြိုးသွားသိုင်းကို ထုတ်သုံးတော့သည်။

မိုးကြိုးသွားသိုင်းမှာ ပြိုင်ဘက်ကင်းသော ထိပ်တန်းအဆင့်မြင့်သိုင်းပညာရပ်တစ်ခု ဖြစ်သည်။

မိုးကြိုးသွားသိုင်းတွင် သိုင်းကွက် ငါးကွက် ပါရှိသည်။

နတ်ဆိုးလေးသည် ထိုသိုင်းကွက် ငါးကွက်စလုံးကို မတတ်မြောက်သေး။

ပထမနှင့် ဒုတိယ သိုင်းကွက်များကိုသာ ပိုင်ပိုင်နိုင်နိုင် တတ်ကျွမ်းပြီး တတိယ သိုင်းကွက်ကို အခြေခံသဘောလောက် နားလည်သည်။

စတုတ္ထနှင့် ပဉ္စမ သိုင်းကွက်များကိုတော့ လုံးဝမတတ်။ နားလည်း နားမလည်သေး။



ထို့ကြောင့် မိုးကြိုးသွားသိုင်းကို ကွက်ပြည့်၊ အားပြည့်၊ အင်ပြည့် မသုံးနိုင်သေးပေ။

သို့သော် နတ်ဆိုးလေး တတ်မြောက်ထားသော မိုးကြိုးသွားသိုင်းကွက်နှစ်ကွက်၏ အစွမ်းကား မသေးလှပါ။

ချူကုံးလျှံနှင့် ဂဠုန်ပျံဂိုဏ်း၏ ထိပ်သီးသိုင်းသမားများကို ထိုသိုင်းကွက်နှစ်ကွက်ဖြင့် ဖိနှိပ် အနိုင်ယူခဲ့သည်။

ယခုလည်း နတ်ဆိုးလေးက မိုးကြိုးသွားသိုင်းကို ထုတ်သုံးသည်နှင့် ကျန်းယွင်တီမှာ ချက်ချင်း အောက်စီးသို့ ရောက်သွားသည်။

မကြာမီမှာပင် ကျန်းယွင်တီ၏ ဓားမြှောင်မှာ နတ်ဆိုးလေး၏ ရွှေသံချွန် ငွေသံချွန်နှစ်ခု၏ ကြက်ခြေခတ် ညှပ်ယူဖမ်းမှုကို ခံလိုက်ရသည်။

ညှပ်မှုဖမ်းမှုမှာ မြဲမြဲလှသည်။

ထို့ပြင် နတ်ဆိုးလေး၏ အတွင်းအားမှာ ကျန်းယွင်တီထက် ပိုမို မြင့်မားနက်ရှိုင်းသည်ဖြစ်ရာ ကျန်းယွင်တီအဖို့ ညှပ်မိနေသော ဓားမြှောင်ကို ဆွဲမထုတ်နိုင်ခဲ့ပေ။

ယခုလို အခြေအနေမျိုးတွင် နတ်ဆိုးလေးက တိုက်ခိုက်မှု

ပြုလျှင် ကျန်းယွင်တီ ထိမ်းရှာင်ခုခံဖို့ မလွယ်။

အထိခံရဖို့ များသည်။

သို့သော် ...

နတ်ဆိုးလေးသည် သံချွန်နှစ်ခုဖြင့် ကြက်ခြေခတ် ညှပ်မိထားသော ဓားမြှောင်ကို သေသေချာချာ ကြည့်လိုက်မိရာ မျက်လုံးပြူးသွားသည်။

ဤဓားမြှောင်ကို သူ ကောင်းကောင်းသိသည်။

ဤဓားမြှောင်၏ အစွမ်းအစကိုလည်း သူ ကောင်းကောင်းနားလည်သည်။

"အလို ... ဘီလူးစွယ် ဓားမြှောင်ပါလား၊ မင်း ဒီဓားမြှောင်ကို ဘယ်ကရသလဲ"

နတ်ဆိုးလေးက တအံ့တသြမေးသည်။

မျက်နှာဖုံး၏ မျက်လုံးပေါက်များမှ ပေါ်နေသော နတ်ဆိုးလေး၏ မျက်လုံးများမှာ အရောင်တောက်နေသည်။

အသံမှာလည်း တုန်ယင်နေသည်။

နတ်ဆိုးလေး စိတ်လှုပ်သွားကြောင်း အလွန်သိသာနိုင်သည်။



"ကျွန်တော် လူတစ်ယောက်ကို အနိုင်တိုက်ပြီး အရယူလာတာပဲ"

ကျန်းယွင်တီက ဤသို့ပြောပြီး ဓားမြှောင်ကို ဆတ်ခနဲ ဆွဲထုတ်ယူလိုက်သည်။

နတ်ဆိုးလေးမှာ တုန်လှုပ်ချောက်ချားကာ စိတ်လှုပ်ရှားနေချိန်မို့ ညှပ်ယူထားသည့် အင်အားမှာ များစွာ လျော့နည်းနေသည်။

ထို့ကြောင့် ကျန်းယွင်တီအဖို့ အလွယ်တကူပင် ဓားမြှောင်ကို ပြန်ထုတ်ယူနိုင်ခဲ့သည်။

"မင်းလ ဘီလူးစွယ်ဓားပိုင်ရှင်ကို အနိုင်တိုက်ခဲ့တယ် ဟုတ်လား"

နတ်ဆိုးလေးသည် တအံ့တသြပြောရင်း နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။

နတ်ဆိုးလေးသည် အဘယ့်ကြောင့် ယခုလို တအံ့တသြဖြစ်ကာ တုန်လှုပ်ချောက်ချားသွားရကြောင်း ကျန်းယွင်တီ စဉ်းစား၍မရ။

"ဟုတ်တယ်"

ကျန်းယွင်တီက ခေါင်းညိတ်အဖြေပေးလိုက်သည်။

"ကျားဘီလူးတစ် နောက်ဆုတ်ပြန်ကြစို့"

နတ်ဆိုးလေး လွေ့ရာထန်းသည် ဤသို့ပြောပြီး ချာခနဲလှည့်ကာ ပြေးထွက်သွားသည်။

ချူကုံးလျှံတို့နှင့် တိုက်ခိုက်နေသော ကျားဘီလူးတစ်လည်း နတ်ဆိုးလေး၏နောက်မှ ပြေးလိုက်သွားသည်။

"မောင်ရင်လေးက ဘယ်သူလဲ၊ မောင်ရင်လေးကို သိပ်ကျေးဇူးတင်ပါတယ်"

နတ်ဆိုးလေး လွေ့ရာထန်းနှင့် ကျားဘီးလူး တစ်တို့ ထွက်ပြေးသွားကြပြီးနောက် ချူကုံးလျှံက ကျန်းယွင်တီကို ကျေးဇူးတင်စကား ပြောသည်။

"ကျွန်တော် ဘယ်သူလဲဆိုတာ နောက်မှပြောမယ်၊ အခု ရန်သူတွေကို အလျင်လိုက်နှိမ်နင်းပေးလိုက်ဦးမယ်"

ကျန်းယွင်တီက ဤသို့ပြောပြီး အပြေးကလေး ထွက်လာခဲ့သည်။

နတ်ဆိုးလေးနှင့် ကျားဘီလူးတို့ ထွက်ပြေးသွားကြပြီမို့ ဝတ်ရုံပြာဝတ် လူဘက်များမှ အားများစွာလျော့သွားသည်။



ထို့ပြင်ကျန်းယွင်တီ၏ ကူညီပေးမှုကြောင့် ဂဠုန်ပျံဂိုဏ်းဘက်မှ များစွာ အားတက်လာသည်။

မကြာမီပင် ဝတ်ရုံပြာများ အရေးနိမ့်ကာ ကစဉ့်ကလျား ထွက်ပြေးသွားကြသည်။

တိုက်ပွဲ ပြီးသွားပြီ။

✱ ✱ ✱

တိုက်ပွဲပြီးသွားပေပြီ။

ဝတ်ရုံပြာများ အရေးနိမ့်ကာ ထွက်ပြေးသွားကြသည်။

သို့သော် ဂဠုန်ပျံဂိုဏ်းအပို့မှ အတော်ပင်အထိနာသည်။

စခန်းအတွင်းရှိ အဆောက်အအုံ တစ်ဝက်ကျော် မီးလောင်ပျက်စီးသွားသည်။

ဂိုဏ်းဝင် သုံးပုံနှစ်ပုံခန့်လည်း သေကြေဒဏ်ရာရသည်။

သေဆုံးသူများထဲဝယ် စခန်းတာဝန်ခံ ဝမ်တိန့်ကွတ်နှင့် လက်ရွေးစင် သိုင်းသမား ရှောင်ဟုန်တို့ ပါရှိသည်။

ဂိုဏ်းချုပ်ချူကုံးလှုံနှင့် ဒုဂိုဏ်းချုပ် လင်ပိုင်းတို့ကိုယ်တိုင်လည်း ဒဏ်ရာရသည်။

ချူကုံးလှုံ၏ ဒဏ်ရာက အတော်ပြင်းထန်သည်။

လင်စွမ်ရင်လည်းဒဏ်ရာရသည်။

သို့သော် ဒဏ်ရာက သိပ်မပြင်းထန်လှပေ။

ဒဏ်ရာရသူများအား နေရာချထား ပြုစုပေးခြင်း၊ သေဆုံးသူများကို မြေမြှုပ်သင်္ဂြိုဟ်ခြင်းတို့ကို လင်ပိုင်းနှင့် လင်စွမ်ရင်တို့ သားအဖက ခေါင်းဆောင်ကာ လုပ်ဆောင်ကြသည်။

သူတို့သားအဖမှာ ဒဏ်ရာများ ရသော်လည်း ပြင်းထန်ခြင်းမရှိသောကြောင့် ဆေးထည့်စည်းနှောင်ပြီး လှုပ်ရှားလုပ်ဆောင်နိုင်ခဲ့သည်။

ကျန်းယွင်တီကမူ အပျက်အစီးများကို ရှင်းလင်းမှုနှင့် မီးကြွင်းမီးကျန်များ ငြိမ်းသတ်မှုတို့ကို ဦးစီးလုပ်ဆောင်ပေးသည်။

တစ်နေကုန် ကိုယ့်တာဝန်ကိုယ် အားကြိုးမာန်တက် လုပ်ဆောင်ပြီးနောက် ညနေပိုင်းဝယ် မီးလောင်ကျွမ်းခြင်းမရှိဘဲ ကျန်နေခဲ့သည့် လင်မိသားစုနေအိမ်တွင် အနားယူကာ ညစာစားကြသည်။



ညနေစာ စားဝိုင်းတွင် လူသိပ်မများပါ။

လင်ပိုင်းတို့ သားအဖနှစ်ယောက်နှင့် ကျန်းယွင်တီတို့သာ ဖြစ်သည်။

အလွယ်တကူ ချက်ပြုတ်စားရသော ဟင်းလျာများ ဖြစ်သော်လည်း မောမောပန်းပန်းနှင့်စားရသည်မို့ အတော် ခံတွင်းတွေ့သည်။

သုံးယောက်သား စကားပင်မပြောနိုင်ကြဘဲ အားရပါးရ စားလိုက်ကြသည်။

စားသောက်ပြီးနောက် ဧည့်ခန်းတွင် သွားထိုင်ကြသည်။

"မောင်ရင်လေးက အင်ဘာန်လိန်ဆီက အဆင့်မြင့်သိုင်းပညာတွေ သင်ယူတတ်မြောက်ထားတဲ့ ကျန်းယွင်တီ မဟုတ်လား"

ဧည့်ခန်းတွင် ထိုင်မိကြသောအခါ လင်ပိုင်းက ပြောသည်။

ကျန်းယွင်တီ အတော်အံ့ဩသွားရသည်။

ကျန်းယွင်တီမှာ ယခုထက်တိုင် ရုပ်ဖျက်ထားဆဲ ဖြစ်သည်။

မိမိ၏အမည်ကိုသာမက မိမိနှင့် အင်ဘာန်လိန်တို့ ပတ်သက်မှုကိုပါ ဒက်ခနဲ ပြောချနိုင်သည့်အတွက် ကျန်းယွင်တီ အံ့ဩမိသည်။

"အဘက ဘယ်လိုလုပ် သိတာလဲ"

ကျန်းယွင်တီက တအံ့တသြ ပြန်မေးသည်။

"တူမတော် ပိုင်ကြင်ယုန်က အကြောင်းစုံပြောပြလို့ သိရတာပဲ၊ ကျုပ်ရဲ့သမီး လင်စွမ်းရင် အထင်မှားပြီး ပြုခဲ့မိတာကိုလည်း ကျုပ်က တောင်းပန်ပါတယ်"

လင်ပိုင်းက ပြောသည်။

"ဩော် ... ဟုတ်လား၊ ဒါနဲ့ ပိုင်ကြင်ယုန်ကော ဘယ်ရောက်နေလဲ"

"သူ ဒဏ်ရာရနေလို့ ဆေးထည့်ပြီး အနားယူနေတယ်"

"ပိုင်ကြင်ယုန် ဒဏ်ရာရနေတယ်ဟုတ်လား၊ ဒဏ်ရာ အတော်ပြင်းထန်သလား"

"မပြင်းထန်ပါဘူး၊ ဒါပေမယ့် ဒဏ်ရာက သေးတော့ မသေးဘူး"

"အခု ဘယ်မှာလဲ၊ သူ့ကို ကျွန်တော် သွားကြည့်ချင်တယ်"

"သူ့ဆီကို မင်းလာမကြည့်ပါနဲ့လို့ ပိုင်ကြင်ယုန်က သေသေချာချာ မှာလိုက်တယ်"

"ဘာဖြစ်လို့လဲ"



"အဲဒါကိုတော့ ကျုပ်လည်း မပြောတတ်ဘူး"

"သူ ဒဏ်ရာရနေတယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့လား၊ ရန်သူ့လက်ချက်နဲ့ အသက်များဆုံးသွားပြီလား"

"ဟာ ... မဟုတ်တာ၊ ပိုင်ကြင်ယုန် မသေသေးပါဘူး၊ ဒဏ်ရာပဲ ရနေတာပါ"

✱ ✱ ✱

## အခန်း(၁၀)

ကျန်းယွင်တီနှင့် လင်စွမ်ရင်တို့ နှစ်ယောက် အရှေ့ပင်လယ်သို့ ခရီးထွက်လာခဲ့ကြသည်။

လင်စွမ်ရင်သည် ယောကျ်ားလေးအသွင် မဝတ်ဆင်တော့ဘဲ မိန်းကလေး အဝတ်အစားများကို ဝတ်စားလာခဲ့သည်။

မိန်းကလေး အဝတ်အစားများကို ဝတ်ထားသည့်အတွက် လင်စွမ်ရင်၏ ဖူးပွင့်စ အလှမှာ ပို၍ ပေါ်လွင်နေသည်။

လင်စွမ်ရင်မှာ ပွင့်ပွင့်လင်းလင်း ရှိသူတစ်ယောက်မို့ ခရီးအတူသွားရင်း ကျန်းယွင်တီနှင့် ခင်မင်ရင်းနှီးသွားသည်။

ငါးရက်ကြာသောအခါ၊ အရှေ့ပင်လယ်ကမ်းခြေရှိ ကျိုန့်စီးဆိပ်ကမ်းမြို့သို့ ရောက်သွားကြသည်။



သူတို့နှစ်ယောက်သည် စားသောက်ဆိုင်တစ်ဆိုင်တွင် ဝင်ရောက်ပြီး နေ့လယ်စာ စားကြသည်။

ထို့နောက် နတ်ဆိုးကျွန်းသို့သွားရန်အတွက် လှေငှားနိုင်ရန် ဆိပ်ကမ်းဘက်သို့ ထွက်လာခဲ့ကြသည်။

ကျိုန့်စီးမြို့မှာ စည်ကားသော ဆိပ်ကမ်းမြို့တစ်မြို့ ဖြစ်သည်။

သို့သော် ဆိပ်ကမ်းတွင်မူ ရွက်လှေတစ်စီးသာ ဆိုက်ကပ်ထားသည်ကို တွေ့ရသည်။

ဤမျှ စည်ကားသော ဆိပ်ကမ်းမြို့တွင် လှေတစ်စီးသာ ဆိုက်ထားသည်မှာ ထူးခြားလှသည်။

"မောင်ရင်လေးတို့ ဘယ်သွားကြမလို့လဲ"

ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော ရွက်လှေပေါ်ရှိ လှေသမားက ကျန်းယွင်တီကို လှမ်းမေးသည်။

"နတ်ဆိုးကျွန်းကို သွားမလို့ပါ၊ လိုက်ပို့ပေးနိုင်မလား"

ကျန်းယွင်တီက ပြန်ပြောသည်။

"ဖြစ်ပါတယ်၊ နတ်ဆိုးကျွန်းကို ကျုပ်တို့ သွားနေကြပဲ၊ လာ တက်ကြ"

ကျုန်းယွင်တီနှင့် လင်စွမ်ရင်တို့ ရှက်လှေပေါ် တက်ကြသည်။

သူတို့ တက်ပြီးသည်နှင့် ရှက်လှေသည် ပင်လယ်ပြင်ထဲသို့ ရှက်လွှင့်ထွက်လာခဲ့သည်။

လှေပေါ်တွင် လှေသမား နှစ်ဦးပါရှိသည်။

ထိုလှေသမား နှစ်ဦးမှာ ရေကြောင်း အလွန်ကျွမ်းကျင်သည်။

ရှက်လွှင့်၊ ပဲ့ထိန်း အလုပ်များကို စေ့စပ်စွာ လုပ်နိုင်သည်။

လေကြောင်းသင့်သည်မို့ ရှက်လှေလေးသည် ပင်လာယ်ပြင် ထက်ဝယ် ရှုပ်တိုက်ကာ လျှင်မြန်စွာ ပြေးနေသည်။

ရှက်ဖွင့်လှေလေးသည် ကမ်းမမြင် လမ်းမမြင် ပင်လယ်ပြင် တွင် တစ်နေကုန် ရှက်လွှင့်နေသည်။

ညနေစောင်းသို့ ရောက်သောအခါ လှေပေါ်တွင် ပါလာသော ရိက္ခာများကို ချက်ပြုတ်၍ ညစာ စားကြရသည်။

မည်သည့် အချိန်က လှေပေါ်ဝယ် ရိက္ခာများ တင်ထားမှန်း ကျုန်းယွင်တီတို့ မသိ။

ပင်လယ်ပြင်ဝယ် နှစ်ရက်တိုင်တိုင် ခရီးနှင်ရသည်။

လှေပေါ်ဝယ် ရိက္ခာ အလုံအလောက် ပါလာသောကြောင့်



စားရေး သောက်ရေး မပူရပေ။

လှိုင်းလေလည်း ငြိမ်သက်သောကြောင့် မည်သည့် အန္တရာယ်မျှ မတွေ့ရပေ။

ဒုတိယမြောက်နေ့၏ နေ့လယ်ပိုင်းတွင် ကျွန်းတစ်ကျွန်း၏ ကမ်းခြေသို့ ဆိုက်ကပ်မိသည်။

"အဲဒါ နတ်ဆိုးကျွန်းပဲ"

လှေသမားတစ်ယောက်က ကျုန်းယွင်တီတို့ကို ပြောသည်။

ကျုန်းယွင်တီနှင့် လင်စွမ်ရင်တို့က ကျွန်းကို လှမ်းကြည့်လိုက်ကြသည်။

နတ်ဆိုးကျွန်းမှာ ကျွန်းငယ်လေး တစ်ခုမျှသာ ဖြစ်သည်။

ကျွန်းပေါ်ဝယ် သစ်ပင်များ အုပ်အုပ်ဆိုင်းဆိုင်း ရှိသည်။

မကြာမီမှာပင် ကျွန်း၏ ကမ်းစပ်တစ်နေရာဝယ် ရှက်လှေလေး ဆိုက်ကပ်မိသည်။

"ကျွန်တော်တို့နှစ်ယောက် ကျွန်းပေါ် တက်လိုက်ဦးမယ်၊ ခင်ဗျားတို့ ဒီမှာပဲ စောင့်နေခဲ့ကြပါ၊ ကျွန်တော်တို့ လူတစ်ယောက်ကို ခေါ်ပြီး ပြန်လာခဲ့မယ်၊ ပြီးတော့ ကျိုန့်စီးမြို့ကို ပြန်သွားမယ်၊

လှေခကိုတော့ ကျိန့်စီးမြို့ကို ပြန်ရောက်တော့မှ ယူပေါ့ဟုတ်လား"

ကမ်းစပ်တွင် လှေဆိုက်ကပ်မိသောအခါ ကျန်းယွင်တီက လှေသမားကို ပြောသည်။

"ရပါတယ်၊ စိတ်ချသာသွားပါ၊ ကျုပ်တို့ ဒီနေရာကပဲ စောင့်နေမယ်"

လှေသမားတစ်ယောက်က ပြန်ပြောသည်။

ကျန်းယွင်တီနှင့် လင်စွမ်ရင်တို့ နှစ်ယောက်လည်း လှေပေါ်မှ ဆင်းကာ ကျွန်းပေါ်သို့ တက်လာခဲ့ကြသည်။

✳ ✳ ✳

ကျန်းယွင်တီနှင့် လ်စွဲရင်တို့ နတ်ဆိုးကျွန်းပေါ်သို့ တက်လာခဲ့ကြသည်။

ကျွန်းပေါ်သို့ရောက်ပြီး ဟိုဟိုဒီဒီ လှည့်လည်ရှာကြည့်ကြသည်၊ ပထမတွင် လူရိပ်လူယောင် မတွေ့ရ။

သို့သော် ခွဲကောင်းကောင်းဖြင့် ဆက်လက်ရှာကြည့်ရာ ခပ်



လှမ်းလှမ်း တစ်နေရာဝယ် မီးခိုးလေးများ တက်နေသည်ကို တွေ့ကြရသည်။

ကျန်းယွင်တီတို့နှစ်ယောက် မီးခိုးလေးများ တက်နေသည့်နေရာသို့ ရှေ့ရှုလာခဲ့ကြသည်။

မီးခိုးလေးများ ထွက်နေသည့်နေရာသို့ ကျန်းယွင်တီတို့ ရောက်လာကြသည်။

ထိုနေရာမှာ မြေကွက်လပ်လေးတစ်ခု ဖြစ်သည်။

မြေကွက်လပ် အလယ်လောက်ဝယ် မီးပုံတစ်ခုရှိသည်။

မီးပုံဘေးဝယ် အဘိုးအိုတစ်ယောက် ထိုင်ကာ ယုန်တစ်ကောင်ကို ကျကျနန မီးကင်နေသည်။

အဘိုးအိုးမှာ အသက် (၆၀) ခန့်ရှိသည်။

အရပ်မြင့်မြင့်၊ ပိန်ပိန်ရှည်ရှည်၊ အနက်ရောင်ဝတ်စုံ ဖားဖားကြီးကို ဝတ်ထားသည်။

အင်ဘန်လိန်တော့ မဟုတ်။

ကျန်းယွင်တီ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသေးသော အဘိုးအိုတစ်ယောက်။

“မင်းတို့ ရောက်လာကြပြီကိုး၊ ငါကတော့ ဆုံးဖြတ်ချက်ကို မပြင်နိုင်ဘူး၊ ဒီတော့ မင်းတို့ အချိန်ကုန်ခံပြီး ငါ့ကို ဖျောင်းဖျ မနေကြနဲ့တော့၊ ခပ်မြန်မြန်သာ ပြန်သွားကြတာ ကောင်းလိမ့်မယ်”

အဘိုးအိုက ကျန်းယွင်တီကို မျက်မှောင်ကြုတ်ကာ ကြည့်ပြီး ပြောသည်။

အဘိုးအို၏ စကားကို ကျန်းယွင်တီ နားမလည်။

ဘာကိုဆိုလိုမှန်း တွေး၍ပင်မရ။

“အဘက ဘယ်သူလဲ”

ကျန်းယွင်တီက မေးသည်။

“မင်းတို့က ဒီကျွန်းပေါ်ကို လာကြပြီး ငါဘယ်သူလဲဆိုတာ မသိဘူးလား”

“တကယ်မသိပါဘူး”

“မင်းတို့ကို ဘယ်သူက ဒီကျွန်းကိုလာဖို့ လမ်းညွှန်လိုက်တာလဲ”

“ကြူးဝှားကပါ”

“အေး ... ကြူးဝှားက လမ်းညွှန်လိုက်လို့ ရောက်လာတယ်



ဆိုရင် ငါ့ကိုသိရမှာပေါ့၊ မင်းတို့ကို လွှတ်လိုက်တဲ့ ကြူးဝှားကို ပြန်ပြောလိုက်၊ သူတို့နဲ့ ငါ ဘယ်တော့မှ မပူးပေါင်းနိုင်ဘူးလို့”

“ဟာ ... မဟုတ်သေးပါဘူး”

“ဘာမဟုတ်သေးတာလဲ”

“ဒီကျွန်းကို ကြူးဝှား လမ်းညွှန်လိုက်တာဖြစ်ပေမယ့် ကျွန်တော်တို့ ဒီကိုရောက်လာတာက ကြူးဝှားက လွှတ်လိုက်လို့ မဟုတ်ပါဘူး”

“ဒါဖြင့် မင်းတို့က ဒီကျွန်းကို ဘာလာလုပ်တာလဲ၊ ရှင်းရှင်း ပြောစမ်း”

“ကျွန်တော်တို့က ပျောက်ဆုံးနေတဲ့ မိတ်ဆွေတစ်ယောက်ကို လိုက်ရှာနေတာပါ၊ အဲဒီမိတ်ဆွေ ဒီကျွန်းပေါ်မှာ ရှိနေတယ်လို့ ကြူးဝှားက လမ်းညွှန်လိုက်တယ်၊ ဒါကြောင့် ကျွန်တော့်ရဲ့ မိတ်ဆွေကို ကယ်တင်ခေါ်ဆောင်ရအောင် ဒီကျွန်းကို ရောက်လာရတာပါ”

“ဒီကျွန်းပေါ်မှာ ငါတစ်ယောက်တည်းပဲ ရှိတယ်၊ ငါ့အပြင် တခြား ဘယ်သူမှမရှိဘူး၊ မင်းရဲ့ မိတ်ဆွေက ဘယ်သူတုန်း”

“အင်ဘန်လိန်ပါ”

"ဟား ဟား ဟား ဟား ... မင်းကိုတော့ ကြူးဝှားက ကောင်းကောင်း လှည့်စားလိုက်ပြီ၊ အင်ဘန်လိန်က ဒီကျွန်းပေါ်မှာ မရှိပါဘူး"

အဘိုးအိုက ရယ်မောပြောဆိုသည်။

"ဟင် ... တကယ်ပဲလား"

"တကယ်ပေါ့ကွ၊ ငါက မင်းတို့ကို ညာရမလား"

"အဘရဲ့နာမည်ကို ပြောပြနိုင်မလား"

"ငါ့နာမည် ဟိုကိုးဝမ်၊ နတ်ဆိုးကြီး ဟိုကိုးဝမ်လို့လည်း ခေါ်ကြတယ်"

"နတ်ဆိုးလေး လွေ့ရာထန်းနဲ့ ဘယ်လိုပတ်သက်သလဲ"

"လွေ့ရာထန်းက အရင်တုန်းကတော့ ငါ့တပည့်ပဲ၊ ဒါပေမယ့် သူက မျိုးဖျက်လုပ်ငန်းတွေ လုပ်နေလို့ သူ့ကို တပည့်ရယ်လို့ ငါက အသိအမှတ်မပြုတော့ဘူး၊ ငါ့ကိုလည်း သူက ဆရာလို့ မသတ်မှတ်တော့ဘူး၊ ဒီတော့ သူနဲ့ငါနဲ့ ဘယ်လိုမှ မပတ်သက်ကြဘူးလို့ပဲ ပြောကြပါစို့"

"အဘက ဘယ်လိုလုပ်ပြီး ဒီကျွန်းပေါ် ရောက်နေတာလဲ"

"ငါ့ကို ကြူးဝှားက မျိုးဖျက်သစ္စာဖောက်လုပ်ငန်းတွေကို



လုပ်တဲ့နေရာမှာ သူတို့ကို ကူညီပေးဖို့ ပြောဆိုကမ်းလှမ်းခဲ့ကြတယ်၊ ငါဟာ လူကောင်းတော့ မဟုတ်ပါဘူး၊ နိုးဆိုးနေတဲ့ လူဆိုးတစ်ယောက်ပါပဲ။

ဒါပေမယ့် ငါက တိုင်းပြည်အပေါ် သစ္စာဖောက်ပြီး တိုင်းတစ်ပါး ညြဇာခံရမယ့် အလုပ်မျိုးကိုတော့ မလုပ်ဘူး၊ ဒါကြောင့် ကြူးဝှားတို့ ကမ်းလှမ်းတာကို ငြင်းလိုက်တယ်။

အဲဒီတော့ ကြူးဝှားတို့က ငါ့ကို ဒီကျွန်းပေါ် ပို့ထားပြီး အကျဉ်းချထားလိုက်တယ် ဆိုပါတော့ကွာ"

"ဩော် ... ဒီလိုကိုး၊ ဒါပေမယ့် အဘ ဘာမှမစိုးရိမ်ပါနဲ့တော့၊ ကျွန်တော်တို့မှာ လှေပါလာတယ်၊ ဒီနေ့ကစပြီး အဘတစ်ယောက်တည်း ဒီကျွန်းပေါ်မှာ အကျဉ်းချခံနေရတဲ့ ဘဝက လွတ်ပြီလို့သာ မှတ်ပေတော့"

"လှေက မင်းတို့ကိုယ်တိုင် ရွက်လွှင့်လာတာလား"

"မဟုတ်ပါဘူး၊ လှေသမားတွေ ပါလာတယ်၊ လှေငှားပြီး လာခဲ့ကြတာပါ"

"ဟား ဟား ဟား ဟား ... ဟား ဟား မင်းတို့ အလိမ်

မိပြန်ပြီ"

"ဟင် ... ဘာဖြစ်လို့လဲ"

"မင်းတို့ငှားလာတဲ့လှေ အနုလောက်ဆိုရင် ရှိတော့မှာ မဟုတ်ဘူး"

"ဟာ ... ရှိမှာပါ၊ ကျွန်တော်တို့က စောင့်နေဖို့ သေသေချာချာ ပြောခဲ့တာပဲ"

"ငါပြောတာ မယုံရင် သွားကြည့်ချည်"

ကျွန်းယွင်တီနှင့် လင်စွမ်ရင်တို့ နှစ်ယောက် ရွက်လှေဆိုက်ကပ်ထားရာသို့ အပြေးလေး သွားကြည့်ကြသည်။

နတ်ဆိုးကြီး ဟိုကိုဝမ်း ပြောလိုက်သည့်စကားမှန်သည်။

ရွက်လှေ မရှိတော့။

ပင်လယ်ပြင်ထဲတွင် ရွက်လွှင့်ကာ ထွက်သွား၍ ခပ်ဝေးဝေးသို့ပင် ရောက်နေပြီဖြစ်သော ရွက်လှေကိုသာ လှမ်းမြင်ရတော့သည်။

ကျွန်းယွင်တီနှင့် လင်စဝမ်ရင်တို့ စိတ်ပျက် လက်ပျက်ပင် ဟိုကိုးဝမ်ရှိရာသို့ ပြန်လာခဲ့ကြသည်။

✱ ✱ ✱



"ဘယ့်နယ်လဲ ... လှေထွက်သွားပြီမဟုတ်လား"

ကျွန်းယွင်တီတို့ စိတ်ပျက်လက်ပျက် ပြန်လာကြသည်ကို တွေ့ရသောအခါ ဟိုကိုးဝမ်က ဆီးမေးသည်။

"ဟုတ်တယ် ... လှေသားတွေကို စောင့်နေပါလို့ သေသေချာချာ ပြောထားလျက်နဲ့ ဘာကြောင့်ထွက်သွားသလဲ မသိဘူး၊ လှေခ တောင် မပေးရသေးဘူး"

ကျွန်းယွင်တီက စိတ်ပျက်စွာ ပြောပြီး အဘိုးအို၏ ဘေးနားတွင် ထိုင်ချလိုက်သည်။

လင်စွမ်ရင်လည်း ကျွန်းယွင်တီနှင့်အတူ ထိုင်သည်။

"ဒီလှေသမားတွေက ကြူးဝှားရဲ့ လူတွေပဲ၊ မင်းတို့ကို ငါ့လို ကံကြမ္မာမျိုး ကြုံရအောင် ဖန်တီးပြီး ဒီကျွန်းပေါ်လာပို့ပေးသွားကြတာ၊ ဒါနဲ့ အဲ့ဒီလှေသမားတွေ ကျွေးတဲ့ အစားအစာကိုကော မင်းတို့စားမိသလား"

"ဟာ ... စားမိတာပေါ့၊ အတော်များများကို စားမိတယ်"

"ဒါဆိုရင် မင်းတို့လည်း ငါ့လိုပဲ ဘီလူးအဆိပ် အမိခံရမှာ သေချာနေပြီ"

"ကျွန်တော်တို့ အဆိပ်မိနေတယ် ဟုတ်လား၊ ကျွန်တော်တို့ ဘာမှလည်း မဖြစ်ပါလား၊ အကောင်းအတိုင်း ရှိနေတာပဲ"

"ဘီလူးအဆိပ်က ချက်ချင်းတန်ခိုးပြတာ မဟုတ်ဘူး၊ ပြီးတော့ သိပ်လည်း အားမပြင်းဘူး၊ ဒါပေမယ့် အတော့်ကို ကြောက်စရာ ကောင်းတယ်၊ ဒီအဆိပ်မိပြီးရင် အားသွန်ခွန်စိုက် လှုပ်ရှားလုပ်ဆောင်လို့ မရနိုင်တော့ဘူး။

ပြီးတော့ အချိန်ကြာလာတာနဲ့အမျှ အဆိပ်ဒဏ်ကို ပိုခံရတယ်၊ အဆိပ်မိတဲ့ အချိန်သိပ်ကြာပြီးရင် ဖြေဆေးရလို့ အဆိပ်ကိုက ဖြေနိုင်တာတောင် အားအင် ချက်ချင်းပြန်မပြည့်ဘူး၊ အချိန်ယူပြီး လေ့ကျင့်အားမွေးပေးရတယ်"

"အဘလည်း ဘီလူးအဆိပ်ဆေး မိနေတာကိုး"

"အေး ... ဒါကြောင့် ဒီကျွန်းပေါ်မှာ ဘယ်ကိုမှ မသွားနိုင်ဘဲ အကျဉ်းကျနေတာပေါ့၊ မဟုတ်ရင် ဒီကျွန်းမှာ ဒီလောက် သစ်ပင်ဝါးပင်တွေ ပေါများနေတာ ဖောင်ဖွဲ့ပြီး ဒီကျွန်းကနေ ထွက်သွားတာ ကြာပြီ"

"တောက် ... ကြူးဗွားတို့က တယ်လည်း အကြံပက်စက်ပါ



လား"

"တိုင်းပြည်အပေါ်တောင် သစ္စာဖောက်နေတဲ့ မျိုးဖျက်တွေပဲ၊ အကြံပက်စက်တာပေါ့၊ ကဲ ... အခုလို ဖြစ်လာမှတော့ ဘာမှ စိတ်မကောင်း ဖြစ်မနေကြနဲ့တော့၊ ဒီကျွန်းပေါ်မှာ တတ်နိုင်သမျှ စိတ်ချမ်းသာအောင် ကြည့်နေကြပေတော့"

"ဟုတ်ကဲ့ ... အခု အခြေအနေရောက်မှတော့ ဒီအတိုင်းပဲ လုပ်ရတော့မှာပေါ့"

"မင်းနဲ့ အင်ဘန်လိန်နဲ့ ဘယ်လိုပတ်သက်ခဲ့တယ်ဆိုတာ ပြောစမ်းပါဦး"

ဤတွင် ကျန်းယွင်တိက နတ်ရဲသုံးဖော် ဘုံကျောင်းအနီးရှိ အိမ်ကြီးထဲတွင် ဖြစ်ပျက်ခဲ့လုံမှ စကာ မီလင်၏ ဆေးခတ်မှု ခံခဲ့ရပုံ၊ အင်ဘလိန်နှင့် တွေ့ရှိပြီး သိုင်းပညာများ သင်ခဲ့ရပုံ၊ ကျားနက်ဂိုဏ်းသားများ၏ တိုက်ခိုက်မှုကြောင့် အင်ဘန်လိန် မြားဆိပ်သင့်ခဲ့ပုံ၊ အင်ဘန်လိန်ကို ဆေးကုရန် ခေါ်လာရာတွင် ပျောက်ဆုံးသွားခဲ့ပုံ အကြောင်းခြင်းရာ အလုံးစုံကို ပြန်ပြောပြလိုက်သည်။

"ဖြစ်ပုံက ဒီလိုကိုး၊ အင်ဘန်လိန်ရဲ့ နတ်ဝတ်ရုံအကျီလက်

နက် မင်းဆီမှာ ရှိနေတယ်ပေါ့ ဟုတ်လား"

ကျန်းယွင်တီ ပြောပြသည်များကို နားထောင်ပြီးနောက် ဟိုကိုးဝမ်းက ပြောသည်။

"ဟုတ်ကဲ့ ... ကျွန်တော် ဒီမှာရှိနေပါတယ်"

ကျန်းယွင်တီက ဤသို့ပြောပြီး ခါးတွင်ပတ်ထားသော နတ်ဝတ်ရုံအင်္ကျီလက်နက်ကို အသာပုတ်ပြလိုက်သည်။

"နတ်ဝတ်ရုံအင်္ကျီလက်နက်လို အဆင့်မြင့်ပြီး အစွမ်းထက်တဲ့ လက်နက်ဆန်းတစ်ခု လက်ကိုင်ရှိနေတာတောင် မင်းက ဘာကြောင့် ဓားမြှောင်ကိုင်ထားရတာလဲ"

ကျန်းယွင်တီ၏ ခါးတွင် ထိုးထားသော ဓားမြှောင်ကို မေးငေါ့ပြပြီး ဟိုကိုးဝမ်က မေးသည်။

"ဒါက ကျွန်တော့် ဓားမြှောင်မဟုတ်ပါဘူး၊ ကြူးဗွားဆီက ရခဲ့တာပါ"

ဤသို့ပြောပြီး ကျန်းယွင်တီက ဓားမြှောင်ကို ဓားအိမ်ထဲမှ ထုတ်၍ ပြသည်။

"ဟာ ... ဘီလူးစွယ် ဓားမြှောင်ပါလား"



ဟိုကိုးဝမ်သည် ထိုင်ရာမှ ခုန်ထပြီး အားရဝမ်းသာ ပြောသည်။ သူ့အသွင်မှာ အလွန် အားရဝမ်းသာ ဖြစ်နေသည်။

ဘီလူးစွယ် ဓားမြှောင်ကို မြင်လိုက်သည်နှင့် ဤမျှလောက် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည့်အတွက် ကျန်းယွင်တီတို့မှာ အံ့ဩမိကြသည်။

"မင်းတို့ ဘာမှမစိုးရိမ်ကြနဲ့တော့၊ ဒီ ဘီလူးစွယ် ဓားမြှောင် ရှိရင် ဘီလူးအဆိပ်ဆေးကို ဖြေလို့ရပြီ"

နတ်ဆိုးကြီး ဟိုကိုးဝမ် ဆက်ပြောသော စကားကြောင့် ကျန်းယွင်တီ ပို၍အံ့ဩရပြန်သည်။

ကျန်းယွင်တီ သိထားရသမျှ ဘီလူးစွယ်ဓားမြှောင်မှာ အဆိပ်ရှိပြီး ထိမိရှမိလျှင် အဆိပ်သင့်သေဆုံးသည်သာ ဖြစ်သည်။

အဆိပ်ဖြေ၍ ရနိုင်ပါမည်လား။

"ဒီ ဘီလူးစွယ်ဓားမြှောင်နဲ့ ထိမိရှမိရင် အဆိပ်သင့်ပြီး တုံးခနဲ လဲကျသေသွားရတာချည်းပဲ၊ ဘယ်လိုလုပ်ပြီး ဒီဓားမြှောင်နဲ့ အဆိပ်ဖြေလို့ရမှာလဲ"

ကျန်းယွင်တီက ထုတ်ဖော်မေးမြန်းမိသည်။

"မင်းက အဆိပ်ပညာကို နားမလည်တော့ ဒီလိုပြောမှာပဲ၊ တကယ်တော့ အဆိပ်ကို အဆိပ်နဲ့ပဲ ဖြေရတယ်၊ ဒီဘီလူးစွယ် ဓားမြှောင်ဟာ ငါ့ရဲ့ လက်နက်တစ်ခုပဲ။

နောက်တော့ ဘယ်လိုဖြစ်မှန်းမသိဘဲ ပျောက်သွားတယ်၊ လက်စသတ်တော့ ကြူးဗွားက ခိုးယူသွားတာကိုး၊ ဒီဘီလူးစွယ် ဓားမြှောင် ပျောက်သွားပြီးမှ ငါလည်း ဘီလူးအဆိပ်ဆေး အမိခံလိုက်ရတာပဲ"

"ဘီလူးစွယ် ဓားမြှောင်နဲ့မှ ဘီလူးအဆိပ်ဆေးကို ဖြေနိုင်ကာလား"

"ဒီလိုတော့ မဟုတ်ပါဘူး၊ ဘီလူးအဆိပ်ဖြေဆေးတွေ ကြူးဗွားတို့မှာ ရှိတယ်၊ ဘီလူးစွယ်ဓားမြှောင်နဲ့ ဘီလူးအဆိပ်ကို ဖြေနိုင်တယ်ဆိုတာ ကြူးဗွားမသိဘူး၊ လွေ့ရာထန်းတောင် မသိဘူး"

"ဘီလူးစွယ်ဓားမြှောင် ကြူးဗွားဆီမှာ ရှိနေတယ်ဆိုတာကို လွေ့ရာထန်းလည်း သိဟန်မတူဘူး၊ ကျွန်တော့် လက်မှာ ဒီဓားမြှောင်ကို မြင်တော့ လွေ့ရာထန်း လန့်ဖျပ်ပြီး ထွက်ပြေးသွားတာပဲ"

ကျန်းယွင်တီက ဖြစ်ပျက်ပုံကို ဆက်လက်၍ အသေးစိတ် ပြောပြလိုက်သည်။



"မင်းက ဘီလူးစွယ်ဓားမြှောင်ကို လူတစ်ယောက်ဆီက အရယူလာခဲ့တယ်ဆိုတော့ ငါ့ဆီကယူခဲ့တယ်လို့ထင်ပြီး ဒီကောင် လန့်ဖျပ်သွားတာဖြစ်လိမ့်မယ်"

ကျန်းယွင်တီ ပြောသည်ကို နားထောင်ပြီးသောအခါ နတ်ဆိုးကြီး ဟိုကိုးဝမ်က ထင်မြင်ချက်ပေးသည်။

"ဟုတ်တယ် ... အဲဒီလိုပဲ ဖြစ်နိုင်ပါလိမ့်မယ်"

"ကြူးဗွားက သူတို့ရဲ့ မျိုးဖျက်သစ္စာဖောက်လုပ်ငန်းမှာ ပူးပေါင်းပါဝင်ရင် ငါ့ကို အဆိပ်ဖြေဆေးပေးမယ်လို့ ပြောထားတယ်၊ ငါကလည်း အသက်သာအသေခံမယ်၊ တိုင်းပြည်ကို သစ္စာဖောက်တဲ့ အလုပ်တော့ မလုပ်ဘူးလို့ ပြန်ပြောထားတယ်"

သူတို့က ငါ့ဆုံးဖြတ်ချက် ပြောင်းလိုပြောင်းငြား မကြာခဏ ယူလွှတ်ပြီး မေးမြန်းတတ်တယ်၊ မင်းတို့နှစ်ယောက်ကို တွေ့တုန်းက ကြူးဗွား လွှတ်လိုက်တဲ့လူတွေမှတ်လို့ ငါ့ဆုံးဖြတ်ချက် မပြင်ဘူးလို့ ဆီးပြောလိုက်တာ။

"ကဲ ... ပြောနေရင် အချိန်ကုန်မယ်၊ မင်းတို့ကို အလျင် အဆိပ်ဖြေပေးမယ်၊ မင်းတို့နှစ်ယောက်က ဒီဘီလူးအဆိပ်သင့်တာ

အချိန်မကြာသေးဘူးဆိုရင်တော့ အဆိပ်ဖြေလို့ ရပါတယ်”

ထို့နောက် ဟိုကိုးဝမ်က လင်စွမ်ရင်ကို စတင်၍ အဆိပ်ဖြေပေးသည်။

ဘီလူးစွယ်ဓားမြှောင်ကို သုံးပြီး ဘီလူးအဆိပ်ကို ဖြေပေးရသည်မှာ လွယ်သည်ဟု မဆိုနိုင်။

ခက်သည်ဟုလည်း ပြော၍မရ။

လွယ်မယောင်နှင့် ခက်သည်။

ခက်သလိုနှင့် လွယ်သည်။

အဆိပ်ဖြေနည်းမှာ ကိုယ်ခန္ဓာရှိ အဓိကအရေးကြီးဆုံး အသက်ကယ် သွေးကြောကွက်နေရာ ငါးနေရာကို ဘီလူးစွယ် ဓားမြှောင်များနှင့် တစ်ခုပြီးတစ်ခု လိုက်ဖိထောက်ပေးခြင်းသာ ဖြစ်သည်။

ဤသို့ ဖိထောက် ရာတွင် သွေးကြောကွက်နေရာ မှန်ကန်ဖို့လိုသည်။

ဖိထောက်သည့် အားမှာလည်း အချိန်အဆတိကျရန် လိုသည်။

အားသိပ်များ၍လည်း မဖြစ်။

အားပျော့၍လည်း မရ။



ဘီလူးစွယ် ဓားမြှောင်တွင်ရှိသည့် အဆိပ်ဓာတ် သွေးကြောထဲတို့ အချိန်အဆမှန်ကန်စွာ တိုးဝင်သွားစေရန်အတွက် လိုအပ်သည့် အကိုင်းအတာအတိုင်း မှန်ကန်စွာ ဖိထောက်ပေးရသည်။

အချိန်တစ်နာရီကြာမျှ အသက်ကယ်သွေးကြောကွက်နေရာ ငါးနေရာကို ဘီလူးစွယ်ဓားမြှောင်ဖြင့် ဖိထောက် ကုသပေးပြီးနောက် လင်စွမ်ရင်တွင် သင့်နေသော အဆိပ်များ ပျက်ပြယ်သွားသည်။

ထို့နောက် ကျန်းယွင်တီကို ဆက်လက်၍ ကုသပေးပြန်သည်။

ကျန်းယွင်တီကို ကုသပေးရာတွင်လည်း အချိန်တစ်နာရီခန့် ယူရသည်။

ကျန်းယွင်တီကို ဘီလူးအဆိပ်များ ပျက်ပြယ်အောင် ကုသပေးပြီးချိန်ဝယ် ညနေ လေးနာရီခန့် ရှိနေပြီဖြစ်သည်။

“မကြာခင် နေဝင်တော့မယ်၊ ငါ ဘီလူးအဆိပ်သင့်နေတာ အချိန်အတော်ကြာပြီမို့ ငါ့ကို အဆိပ်ဖြေရင် အတော့်ကိုအချိန်ယူရမယ်။

ဒီတော့ မနက်ဖြန်ကျမှပဲ တစ်နေ့လုံး အချိန်ယူပြီး ကုတာပေါ့၊ အခု နေရောင်ရှိတုန်း မင်းတို့နှစ်ယောက် နေထိုင်ဖို့ နေရာသိုင်းခင်း

သွားရှာကြည့်ကြဦး။

ဒီကျွန်းပေါ်မှာ သဘာဝကျောက်ဂူတွေတော့ အတော်များတယ်၊ သင့်လျော်မယ်ထင်တဲ့ ဂူကိုသာ ရွေးပေတော့၊ ပြီးရင် ဒီကိုပြန်လာခဲ့၊ မင်းတို့အတွက် ညနေစာ ငါစီမံထားပေးမယ်”

နတ်ဆိုးကြီး ဟိုကိုးဝမ်ကက ပြောသည်။

ကျန်းယွင်တီနှင့် လင်စွမ်ရင်တို့ နှစ်ယောက်တည်း ကျွန်းပေါ်တွင် လှည့်ပတ်ကြည့်ရှုရန် ထိုနေရာမှ ထွက်လာခဲ့သည်။

✱ ✱ ✱

ကျန်းယွင်တီနှင့် လင်စွမ်ရင်တို့ ကျွန်းပေါ်တွင် လှည့်ပတ်ကြည့်ရန် ထွက်လာခဲ့သည်။

“ဒီကျွန်းက စိမ်းစိမ်းစိုစိုနဲ့ အတော့်ကို သာယာတာပဲနော်”

လမ်းလျှောက်လာကြရင်း ကျန်းယွင်တီက ပြောသည်။

“သာယာတာတော့ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်မ ကြောက်တယ်”



လင်စွမ်ရင်က ပြန်ပြောသည်။

“ဘာလဲ ... ဒီကျွန်းပေါ်မှာ သောင်တင်နေမှာကို ကြောက်နေတာလား၊ အစ်ကိုတို့မှာ ဘီလူးအဆိပ်တွေ ပြယ်ကုန်ပြီဆိုတော့ ဒီကိစ္စ ကို ကြောက်နေစရာမလိုပါဘူး။

ဒီကျွန်းပေါ်မှာ သစ်ပင်ဝါးပင်တွေ အများကြီး ရှိနေတာပဲ၊ ဝါးဖောင်ဖွဲ့ပြီး သွားရင်ရပါတယ်၊ ညီမက ရေကြောင်း ကျွမ်းကျင်ပြီးသားဆိုတော့ ပြည်မကမ်းခြေကို အရောက်ပြန်ဖို့ သိပ်မခက်ပါဘူး”

“ကျွန်မက ဒီအတွက် တွေးကြောက်နေတာ မဟုတ်ပါဘူး အစ်ကို”

“ဒါဖြင့် ဘာကိုကြောက်နေတာလဲ”

“ဟို ... နတ်ဆိုးကြီးကို အစ်ကို မကြောက်ဘူးလား”

“မကြောက်ပါဘူး၊ ပြီးတော့ သူက အဆိပ်မိပြီး အားအင်ကုန်ခမ်းနေတဲ့ လူတစ်ယောက်ပဲ၊ အစ်ကိုတို့ကို အန္တရာယ်မပေးနိုင်ပါဘူး”

“ဒီလူကြီးက နတ်ဆိုးကြီးရယ်လို့ နာမည်ရထားတာဆိုတော့ အတော့်ကို ဆိုးတောမယ့်လူလို့ ကျွန်မတော့ ထင်မိတယ်”

"သူဟာ ဆိုးမိုက်ပေမယ့် တိုင်းပြည်ကိုတော့ သစ္စာရှိပါတယ်၊ သူ့အသက်အသေခံပြီး တိုင်းပြည်သစ္စာဖောက်တဲ့ အလုပ်ကို မလုပ်ဘဲ နေတာကိုကြည့်လေ"

"ဘာပဲဖြစ်ဖြစ် သတိတော့ထားဖို့လိုတယ်"

"ဒါတော့ ဟုတ်ပါတယ်၊ သတိလက်လွတ်လို့ ဘယ်ဖြစ်မလဲ"

သူတို့နှစ်ယောက်သည် စကားတပြောပြောနှင့် ကျွန်းပေါ်ဝယ် လျှောက်ကြည့်ကြသည်။

ကျွန်းမှာ အလျားငါးမိုင်ခန့်ရှိသည်။ အကျယ် နှစ်မိုင်နီးပါး ရှိသည်။ ကျောက်ဆောင်ထူထပ်သည်။ သစ်ပင်၊ ဝါးပင်များ အများအပြား ပေါက်ရောက်သည်။

ထို့ပြင် ယုန်၊ ပွး၊ မျောက်၊ တောကြက် စသော သတ္တဝါငယ်လေးများလည်း အများပင် ရှိသည်။

သစ်သီးဝလံများလည်း ပေါက်ရောက်သည်။

ဤကျွန်းပေါ်ဝယ် စားရေးသောက်ရေး အခက်အခဲ တွေ့နိုင်မည် မဟုတ်။

သဘာဝအလျောက်ဖြစ်ပေါ်နေသော ကျောက်ဂူများလည်း



အတော်များများပင်ရှိသည်။

ကျန်းယွင်တီတို့က ကျောက်ဂူတစ်ခုပြီးတစ်ခု ဝင်ရောက်ကြည့်ရှုကြသည်။ တချို့ဂူများမှာ သေးသည်။ တချို့ဂူများမှာ ကျယ်ပြန့်သော်လည်း လုံလုံခြုံခြုံ မရှိ။

သို့နှင့် စိတ်တိုင်းကျသည့်ဂူ မတွေ့နိုင်ဘဲရှိနေသည်။

နောက်ဆုံးတွင် ကျွန်း၏အရှေ့ဘက်ပိုင်းရှိ ကျောက်ဆောင်တစ်ခုတွင် ဖြစ်ပေါ်နေသော ဂူတစ်ခုသို့ ရောက်လာကြသည်။

ထိုဂူမှာ ကျယ်ကျယ်ဝန်းဝန်းလည်း ရှိသည်။

လေဝင်လေထွက်လည်း ကောင်းသည်။

လုံလည်း လုံခြုံသည်။

"အင်း ... အစ်ကိုတို့ လိုက်ကြည့်သမျှ ကျောက်ဂူတွေထဲမှာ ဒီဂူအကောင်းဆုံးပဲ၊ ကျယ်လည်းကျယ်တယ်၊ လေဝင်လေထွက်လည်း ကောင်းတယ်၊ လုံလုံခြုံခြုံလည်း ရှိတယ်"

ကျန်းယွင်တီက ကျောကဂူကို စစ်ဆေးကြည့်ပြီးနောက် မှတ်ချက် ချသည်။

"ဒါဖြင့် အစ်ကိုက ဒီကျောက်ဂူထဲမှာနေဖို့ သဘောတူပြီပေါ့

ဟုတ်လား"

လင်စွမ်ရင်က မေးသည်။

"အစ်ကို မနေပါဘူး၊ ညီမတစ်ယောက်တည်း အေးအေးချမ်းချမ်း နေပါ"

"ဒါဖြင့် အစ်ကိုက ဘယ်မှာသွားနေမှာလဲ"

"ဒီကျောက်ဆောင်ရဲ့ ဘယ်ဘက်က ကျောက်ဂူမှာ သွားနေမယ်၊ အဲဒီကျောက်ဂူက ဒီနေရာကနေ သိပ်မဝေးဘူးဆိုတော့ အရေးအကြောင်းရှိရင် လှမ်းအော်ခေါ်လို့ရတယတ်"

"အဲဒီကျောက်ဂူက ကောင်းမှမကောင်းဘဲ၊ ဒီကျောက်ဂူမှာပဲ လာနေပါ"

"ဟာ ... ညီမနဲ့ အစ်ကိုနဲ့ နှစ်ယောက်တည်း ဒီကျောက်ဂူထဲမှာ နေလို့ ဘယ်သင့်လျော်မှာလဲ"

"ဘာလို့ မသင့်လျော်ရမှာလဲ၊ ဘာလဲ အစ်ကိုက ကျွန်မကို မဟုတ်တာ ကြံချင်နေလို့လား"

"ဟာ ... ကြံကြံဖန်ဖန် ဘာကြောင့် ဒီလိုကြံရမှာလဲ"

"ဒါဖြင့် ဒီမှာပဲနေ။ ဘာမှ ပြောမနေနဲ့တော့"



ငယ်ရွယ်သူပီပီ လင်စွမ်ရင်က တစ်ခွန်းတိုး ပြောနေလေသည်ဖြစ်ရာ ကျန်းယွင်တီမှာ မငြင်းနိုင်။

နောက်ဆုံးဝယ် လင်စွမ်ရင်၏ အလိုကျ ခေါင်းညိတ်သဘောတူလိုက်ရလေတော့သည်။

နေထိုင်ရန် နေရာရေးချယ်ပြီးပြီမို့ ကျန်းယွင်တီနှင့် လင်စွမ်ရင် တို့သည် နတ်ဆိုးကြီး ဟိုကိုးဝမ် ရှိနေသောနေရာသို့ ပြန်လာခဲ့ကြသည်။

နတ်ဆိုးကြီးသည် ယုန်နှစ်ကောင်ကို မီးကင်ထားသည်ကို တွေ့ရသည်။

"ဘယ့်နယ်လဲ ... နေဖို့နေရာ တွေ့ခဲ့ပြီလား"

ဟိုကိုးဝမ်က ဆီး၍မေးသည်။

"ဟုတ်ကဲ့ ... တွေ့ခဲ့ပါပြီ"

"အေး ... ဒါဖြင့် လာ၊ ဟောဒီမှာ မင်းတို့ စုံတွဲအတွက် ယုန်တစ်ကောင် သတ်သတ်ကင်ပေးထားတယ်"

ဟိုကိုးဝမ်က ဤသို့ပြောပြီး ယုန်ကင်တစ်ကောင်ကို လှမ်းပေးသည်။

လင်စွမ်ရင်၏ မျက်နှာလေး ရဲခနဲဖြစ်သွားသည်။

ကျန်းယွင်တီမှာလည်း အတော်ပင် မျက်နှာပူသွားသည်။

တကယ်စင်စစ် သူတို့နှစ်ယောက်စလုံးမှာ စုံတွဲမဟုတ်ကြသေးပေ။

ယခုလို အပြောခံရသည့်အတွက် နှစ်ယောက်စလုံး ရှက်ကိုးရှက်ကန်း ဖြစ်သွားကြသည်။

"ရော့ ... ယူလေကွာ၊ စားကြစမ်းပါ"

ဟိုကိုးဝမ်က ထပ်မံပြောဆိုပြီး ယုန်ကင်ကို လှမ်းပေးသည်၊

ကျန်းယွင်တီက ယုန်ကင်ကို လှမ်းယူလိုက်သည်။

မီးအေးအေးဖြင့် ကျကျနန ကင်ထားသည်မို့ ယုန်ကင်မှာ အလွန်မွှေးကြိုင်နေသည်။ စားချင့်စဖွယ်ပင်။

ကျန်းယွင်တီနှင့် လင်စွမ်ရင်တို့မှာလည်း နေ့လယ်စာပင် မစားကြရသေးသောကြောင့် ဆာလောင်နေကြသည်။

ယုန်ကင်နံ့ကြောင့် ပို၍ဆာလာသည်။

ကျန်းယွင်တီက ယုန်ကင်ကို တစ်ခြမ်းဖဲ့ကာ လင်စွမ်ရင်ကို လှမ်းပေးသည်။



လင်စွမ်ရင်က ခေါင်းလေး ငုံ့နေရာမှ မော်မကြည့်ဘဲ ယုန်ကင်ကို လှမ်းယူသည်။

နှစ်ယောက်သား ငြိမ်သက်စွာ ယုန်ကင်ကို စားနေကြသည်။

တစ်ယောက်မျက်နှာ တစ်ယောက် မကြည့်ရဲ။

နှစ်ယောက်စလုံး၏ ရင်မှာမူ ခုန်၍နေသည်။

လင်စွမ်ရင်၏ ရင်ခုန်သံက ပို၍မြန်သည်။

✵ ✵ ✵

နောက်တစ်နေ့ နံနက်။

နတ်ဆိုးကြီး ဟိုကိုးဝမ် အသင့်ကင်ထားသော ကြက်ကင်ကို နံနက်စာအဖြစ် စားကြသည်။

ထို့နောက် နတ်ဆိုးကြီး ဟိုကိုးဝမ်၏ ကိုယ်ခန္ဓာတွင် သင့်နေသော ဘီလူးအဆိပ်များကို စတင်ကုသသည်။

ဟိုကိုးဝမ်က ဖိတောက်ရမည့် သွေးကြောကွက်နေရာများနှင့် အသုံးပြုရမည့် အားအင် အချိန်အဆတို့ကို ပြောပြညွှန်ကြားပေးသည်။

ကျွန်းယွင်တီက ဘီလူးစွယ်စားမြွောင်ကို ကိုင်ကာ ဟိုကိုးဝမ် ပြောပြသည့်အတိုင်း ဖိထောက်ကာ ကုသပေးသည်။

ကျွန်းယွင်တီမှာ ဘီလူးစွယ်စားမြွောင် ဖိထောက်ကာ အဆိပ် ဖြေ ကုသမှုတွင် ကျွမ်းကျင်မှုမရှိ။

ထို့ပြင် ဟိုကိုးဝမ် အဆိပ်မိထားသည့် အချိန်ကာလမှာ ရှည် ကြာပြီး ကိုယ်ခန္ဓာထဲဝယ် အဆိပ်တွေ ပျံ့နှံ့၍နေသည်။

ထို့ကြောင့် ကုသမှုမှာ ခရီးသိပ်မတွင်။

အတော်အချိန်ယူရသည်။

အတော်ပင် ခက်ခဲသည်။

လင်စွမ်ရင်သည်ပင် တစ်ခါတလေ ဝင်ရောက်ကာ ဟိုကိုးဝမ် ၏ သွေးကြောကွက်နေရာတချို့ကို ဖိတောက်အားဖြည့် ကူညီပေးရ သည်။

လုပ်ရင်းကိုင်ရင်းနှင့် မကြာမီပင် ကျွန်းယွင်တီမှာ အတော် လေး နားလည်တတ်ကျွမ်းလာသည်။ ကုသမှုမှာလည်း တိုးတက်လာ သည်။

သို့သော် ...



တစ်နေ့လုံး ကုသပေးသော်လည်း နေဝင်ချိန်သို့ ရောက်သည့် တိုင်အောင် အောင်မြင်ခြင်းမရှိသေးပေ။

ဤတွင် နေ့ခင်းအလင်းရောင်တမျှ လင်းထိန်သော မီးရောင် ရရှိစေရန် မီးတုတ်များ အများအပြား ထွန်းညှိပြီး ဆက်လက်ကုသရ သည်။

ညဉ့်သန်းခေါင်အချိန်သို့ ရောက်သောအခါတွင်မူ အဆိပ်အင် အားကို လျော့ပါးသွားအောင် ပြုလုပ်နိုင်ခဲ့သည်။ အဆိပ်များ လုံးဝ ကင်းစင်ခြင်း မရှိသော်လည်း သွေးလည်ပတ်မှုကို အနှောင့်အယှက် ပေးနိုင်သည့် အင်အားမျိုးမူ မရှိတော့ပေ။

ထို့ကြောင့် ကုသမှုကို ခေတ္တရပ်နားလိုက်ကြသည်။

နောက်တစ်နေ့ နံနက်ဟွင် ဆက်လက်ကုသသည်။

နေ့လယ်စာ စားချိန်သို့ရောက်သောအခါတွင်မူ ဟိုကိုးဝမ်တွင် သင့်နေသော ဘီလူးအဆိပ်အားလုံး လုံးဝ ကင်းစင်သွားလေတော့ သည်။

“မင်းတို့ကို ငါ သိပ်ကျေးဇူးတင်တယ်၊ ဒါကြောင့် မင်းတို့ အတွက် အကျိုးရှိမယ့် အလုပ်တစ်ခု ငါဆောင်ရွက်ပေးမယ်၊ ဒါပေ

မယ့် အဲ့ဒီအလုပ်ကို ဆောင်ရွက်မပေးခင် မင်းတို့ကို အလျှင်မေးချင်တာတွေ ရှိသေးတယ်"

အဆိပ်များ လုံးဝ ကင်းစင်သွားသောအခါ နတ်ဆိုးကြီး ဟိုကိုးဝမ်က ပြောသည်။

"မေးချင်တာ မေးနိုင်ပါတယ်"

ကျန်းယွင်တီက ပြန်ပြောသည်။

"မင်းတို့ ငါ့ကို ဘယ်လိုမြင်သလဲ"

"အင်း ... ဒါကတော့ ..."

ကျန်းယွင်တီမှာ အဖြေရခက်ကာ တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။

"ငါ့ကို လူဆိုး လူမိုက်ကြီးတစ်ယောက်လို့ မင်းတို့က ထင်နေသလား"

"အဘ အလျှင်တုန်းက ဘာတွေလုပ်ခဲ့တယ်ဆိုတာကိုတော့ ကျွန်တော် မသိဘူး၊ တိုင်းပြည်အပေါ် သစ္စာဖောက်ရမယ့် အလုပ်ကို အဘမလုပ်ဘဲ အသက်အသေခံပြီး ငြင်းပယ်ခဲ့တာကိုတော့ ကျွန်တော် သိပါတယ်၊ ဒီအတွက်တော့ အဘကို ချီးမွမ်းမိတာ အမှန်ပဲ"

"အေးညမင်းပြောတာ မဆိုးဘူး၊ ငါ့ကိုယ်ငါ သူတော်ကောင်း



လို့တော့ မပြောချင်ပါဘူး၊ ငါဟာ ဆိုးခဲ့ မိုက်ခဲ့ပါတယ်၊ ဒါပေမယ့် တိုင်းပြည်ကို ရောင်းစားရမယ့် အလုပ်ကိုတော့ ငါမလုပ်ဘူး၊ ကောင်းပြီ... တကယ်လို့ ငါရဲ့သိုင်းပညာတွေကို သင်ပေးမယ်ဆိုရင် မင်းတို့ သင်ယူချင်တဲ့ ဆန္ဒ ရှိသလား"

နတ်ဆိုးကြီး ဟိုကိုးဝမ်၏ သိုင်းပညာ အဆင့်မြင့်မှန်း ကျန်းယွင်တီ သိသည်။

ဟိုကိုးဝမ်၏ သိုင်းပညာကို သင်ကြားရလျှင် အကျိုးရှိမည်မှန်းလည်း နားလည်သည်။

"ညီမကော ဘယ်လိုသဘောရသလဲ"

ကျန်းယွင်တီက ဆုံးဖြတ်ချက် မချသေးဘဲ လင်စွမ်ရင်၏ သဘောကို အလျှင်မေးသည်။

"အစ်ကို့သဘောပါပဲ၊ အစ်ကို ကျေနပ်သဘောတူရင် ကျွန်မလည်း သဘောတူပါတယ်"

လင်စွမ်ရင်က ပြန်ပြောသည်။

"ကောင်းပါပြီ ... အဘရဲ့ သိုင်းပညာတွေကို ကျွန်တော်တို့ သင်ယူပါ့မယ်၊ အဘကိုလည်း ဆရာအဖြစ် အသိအမှတ်ပြုပါတယ်"

ကျန်းယွင်တီက ဟိုကိုးဝမ်ကို အဖြေပေးလိုက်သည်။

ထို့နောက် ကျန်းယွင်တီနှင့် လင်စွမ်ရင်တို့သည် သစ်သီးများကို ခူးဆွတ်ကာ ကန်တော့ပွဲပြုလုပ်၍ ဟိုကိုးဝမ်ကို ဆရာအဖြစ် တင်မြှောက်သည့်ပွဲကို ခပ်ရိုရိုလေးပင် ပြုလုပ်ကြသည်။

"ငါ့မှာ သိုင်းပညာအမျိုးမျိုးရှိတယ်၊ ဒါပေမယ့် ငါ့ရဲ့ သိုင်းပညာတွေထဲက အဆင့်အမြင့်ဆုံး၊ အစွမ်းအထက်ဆုံးဖြစ်တဲ့ သိုင်းပညာနှစ်မျိုးကို မင်းတို့ကို သင်ပေးမယ်၊ အဲဒီသိုင်းပညာတွေကတော့ နတ်ဆိုးကြိမ်ရိုက်သိုင်းနဲ့ မိုးကြိုးသွားသိုင်းတွေပဲ ..."

ဆရာတင်မြှောက်သည့်ပွဲ ပြုလုပ်ပြီးသောအခါ ဟိုကိုးဝမ်က ပြောသည်။

ထို့နောက် ဟိုကိုးဝမ်က ဆက်လက်ပြီး နတ်ဆိုးကြိမ်ရိုက်သိုင်းနှင့် မိုးကြိုးသွားသိုင်းတို့၏ သဘောတရားများကို ရှင်းလင်းပြောပြသည်။

ဤသို့ဖြင့် ကျန်းယွင်တီနှင့် လင်စွမ်ရင်တို့သည် နတ်ဆိုးကျွန်းပေါ်တွင် နေထိုင်ရင်း ဟိုကိုးဝမ်ထံမှ အဆင့်မြင့်သိုင်းပညာများကို သင်ယူလေ့ကျင့်ကြသည်။



သူတို့နှစ်ယောက်စလုံးမှာ အဆင့်မြင့်သိုင်းသမားများ ဖြစ်သည့်အတွက် သင်ကြားလေ့လာရာတွင် အခက်အခဲ သိပ်မရှိပေ။

ဟိုကိုးဝမ်ကလည်း မှားကွက်များကို ရှာပြီး လိုအပ်ချက်များကို စိတ်ရှည်လက်ရှည် ရှင်းပြသည်။ ပြုပြင်ပေးသည်။

သို့ဖြစ်ရာ သိုင်းပညာသင်ကြားလေ့ကျင့်ပေးမှုမှာ အထူးပင် အောင်မြင်ခဲ့သည်။

နတ်ဆိုးကြိမ်ရိုက်သိုင်းကို သုံးလအတွင်း အောင်မြင်အောင် လေ့ကျင့်နိုင်ခဲ့သည်။

မိုးကြိုးသွားသိုင်းကို ဆက်လက်သင်ယူသောအခါတွင်မူ အခက်အခဲ တွေ့လာရသည်။

မိုးကြိုးသွားသိုင်းမှာ အလွန်အဆင့်မြင့်သည်နှင့်အမျှ အကွေ့အပြောင်း အလှုပ်အရှားလည်း အလွန်များကာ အကွက်စိတ်သည်။ အခြေခံအားဖြင့် သိုင်းကွက် ငါးကွက်သာ ရှိသော်လည်း သိုင်းကွက်တစ်ကွက်စီဝယ် အရွေ့အပြောင်းက ထောင်ကျော်ရှိသည်။

အခြေခံသဘောကို နားလည်ရန်ပင် ခက်လှသည်။

လင်စွမ်ရင်မှာ မိုးကြိုးသိုင်း၏ ပထမသိုင်းကွက်ကိုသာ တတ်

မြောက်အောင်ပင် လေ့ကျင့်နိုင်ခဲ့သည်။

ကျန်သိုင်းကွက်များကိုမူ သဘောပေါက်အောင် ကြိုးစား၍မရ။

ဉာဏ်ထက်မြက်သော ကျန်းယွင်တီကသာ မိုးကြိုးသွားသိုင်း၏ သိုင်းကွက် ငါးကွက်စလုံး အခြေခံသဘောကို နားလည်သည်။

နတ်ဆိုးကြီး ဟိုကိုးဝမ်၏ ကိုယ်ဖိရင်ဖိ လက်ထပ်လေ့ကျင့်ပေးမှုကြောင့် ကျန်းယွင်တီသည် မိုးကြိုးသွားသိုင်းကွက် သုံးကွက်အထိ ပိုင်ပိုင်နိုင်နိုင် လေ့ကျင့်အောင်မြင်လာခဲ့သည်။

သိုင်းပညာလေ့ကျင့်သင်ကြားပေးရင်း အနားယူချိန်များဝယ် ဟိုကိုးဝမ်က သိုင်းလောကနှင့် ပတ်သက်၍ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာမျိုးစုံကို ပြောပြလေ့ရှိသည်။

ဤသို့ဖြင့် ကျန်းယွင်တီနှင့် လင်စွမ်ရင်တို့မှာ သိုင်းဂိုဏ်းမျိုးစုံတို့အကြောင်း၊ သိုင်းကွက်အဆန်းမျိုးစုံတို့အကြောင်းနှင့် သိုင်းသမားကြီးများ၏ အကြောင်းတို့ကို အတော်ပင် စုံစုံလင်လင် သိရှိလာခဲ့ကြသည်။

အတူစား၊ အတူနေ၊ သိုင်းပညာလည်း အတူတူ သင်ယူနေ၍



သောကြောင့် ကျန်းယွင်တီနှင့် လင်စွမ်ရင်တို့မှာ ခင်မင်မှု ပို၍တိုးလာသည်။

ခင်မင်မှုနယ်ပယ်မှ ချစ်မေတ္တာနယ်ပယ်သို့ပင် ကူးပြောင်းလုလုဖြစ်နေသည်။

လင်စွမ်ရင်က ကျန်းယွင်တီကို အခွင့်အရေးများ ပေးသည်။ ရေလာမြောင်းပေး စကားများလည်း မကြာခဏပြောသည်။

ကျန်းယွင်တီက အကြောင်းကြောင်းကို ထောက်ထားပြီး စောင့်စည်းထိန်းသိမ်းနေရသည်။

ကျားမင်းဂိုဏ်းမှ လူများလည်း နတ်ဆိုးကျွန်းကို ရောက်မလာကြတော့ပေ။

ကျန်းယွင်တီတို့ကို ဤကျွန်းပေါ်သို့ ပို့ထားပြီးနောက် အဆက်အသွယ် ဖြတ်လိုက်ပုံရသည်။

တခြား မည်သူမျှလည်း ကျွန်းသို့ ရောက်မလာ။

ကျွန်း၏အနီးသို့ လှေသင်္ဘောတစ်စီးမျှပင် ရောက်မလာ။

ကျွန်းပေါ်တွင် ကျန်းယွင်တီတို့ သုံးယောက်သာ အေးအေးဆေးဆေး နေထိုင်ကျက် သိုင်းပညာများကို သင်ယူလေ့ကျင့်ခဲ့ကြ

သည်။

ဤသို့ဖြင့် တစ်နှစ်ခန့် အချိန်ကုန်လွန်သွားသည်။

ကျန်းယွင်တီမှာလည်း မိုးကြိုးသွားသိုင်း၏ သိုင်းကွက် သုံးကွက်ကို ကောင်းစွာကျွမ်းကျင်ပိုင်နိုင်ကာ စတုတ္ထနှင့် ပဉ္စမ သိုင်းကွက်များကိုလည်း သဘောတရား နားလည်လျက် အနည်းအကျဉ်း တတ်မြောက်ခဲ့သည်။

ကျန်းယွင်တီက မိမိတို့ ပြည်မကုန်းမြေသို့ ပြန်လိုကြောင်း နတ်ဆိုးကြီး ဟိုကိုးဝမ်ထံ ပြောဆိုခွင့်ပန်သည်။

ဟိုကိုးဝမ်က သဘောတူ ခွင့်ပြုသောကြောင့် ကျန်းယွင်တီတို့သည် ကျွန်းပေါ်ရှိ သစ်ပင်ဝါးပင်များကို ခုတ်လှဲကာ ခိုင်ခန့်သော ဖောင်တစ်ခု ပြုလုပ်သည်။

လင်စွမ်ရင်က မြက်ခြောက်များကို ရက်ကာ ရွက်ပြုလုပ်သည်။

ဖောင်ပြုလုပ်ပြီး ‌စီး၍ ရွက်လွှင့်ထွက်ရန် အသင့်ဖြစ်သောအခါ ကျန်းယွင်တီနှင့် လင်စွမ်ရင်တို့က ဟိုကိုးဝမ်ကို ကန်တော့ကာ နှုတ်ဆက်ကြသည်။

"ငါ့တပည့်နှစ်ယောက် အေးလင်းရန်ကင်းနဲ့ ပြည်မကုန်းမြေ



ရောက်ကြပါစေ၊ မင်းတို့ဆရာ ဆိုးမိုက်ခဲ့မိတာတွေကို မင်းတို့က ငါ့ရဲ့ သိုင်းပညာအမွေကို ဆက်ခံပြီး အများကောင်းကျိုး၊ တိုင်းပြည်ကောင်းကျိုး ဆောင်ရွက်ပြီး ပေးဆပ်ကြပါ၊ မင်းတို့ မသွားခင် သတင်းကောင်းတစ်ခု ပေးလိုက်ရဦးမယ်"

ကျန်းယွင်တီတို့ နှုတ်ဆက်ကန်တော့ပြီးသောအခါ ဟိုကိုးဝမ်က ပြောသည်။

ထို့နောက် အင်္ကျီအိတ်ထဲမှ ဆိတ်သားရေလေးတစ်ချပ် ထုတ်ပေးသည်။

ဆိတ်သားရေပေါ်ဝယ် ကွေ့ကွေ့ကောက်ကောက်နှင့် ပင့်ကူအိမ်လိုလို၊ ခရုပတ်လိုလို ခြစ်ရာများ ပါရှိသည်။

"အဲဒါ ခြောင်လိမ်စန်းတောင် အရှေ့ပိုင်းမှာရှိတဲ့ အကွေ့ဝက်ပါရဲ့ လမ်းကြောင်းပုံစံပဲ၊ ပုံစံက အကွေ့တစ်ထောင် ဝက်ပါတစ်ခုလုံးအတွက် အပြည့်အစုံတော့ မဟုတ်ဘူး၊ တစ်ဝက်လောက် အတွက်ပဲ။

ဒီလမ်းကြောင်း ပုံစံအတိုင်း သွားရင် အကွေ့တစ်ထောင်ဝက်ပါရဲ့ အလယ်ဗဟိုနေရာကို ရောက်လိမ့်မယ်၊ ကျားမင်းဗိုလ်းက

လူတွေက အင်ဘာန်လိန်ကို အဲဒီ အကွေ့တစ်ထောင် ဝက်ပါထဲမှာ အကျဉ်းချထားတယ်"

ဤစကားကို ကြားရသည်တွင် ကျန်းယွင်တီ အတော်ပင် အားတက်သွားသည်။

ဝမ်းလည်းသာမိသည်။

အင်ဘာန်လိန်နှင့် ပတ်သက်၍ သတင်းအစအန သိရပြီမဟုတ်ပါလား။

"ကျားမင်းဂိုဏ်းဝင်တွေက အကွေ့တစ်ထောင်ဝက်ပါထဲကို ဝင်တတ် ထွက်တတ်လို့လား"

ကျန်းယွင်တီက မေးသည်။

"ဟောဒီ လမ်းကြောင်းပုံစံ မြေပုံမျိုး နှစ်ခုရှိတယ်၊ တစ်ခုက ငါ့ဆီမှာ၊ နောက်တစ်ခုက လွေ့ရာထန်းဆီမှာ၊ လွေ့ရာထန်းက ကျားမင်းဂိုဏ်းနဲ့ ပူးပေါင်းပြီး တိုင်းတစ်ပါး သြဇာခံနေပြီဆိုတော့ သူ့မှာရှိတဲ့ လမ်းကြောင်းမြေပုံကို ကျားမင်းဂိုဏ်းကို ပေးလိုက်တာပေါ့။

အဲဒီလမ်းကြောင်းပုံစံ မြေပုံကိုကြည့်ပြီး အကွေ့တစ်ထောင်



ဝက်ပါရဲ့ အလယ်လောက်ကိုတော့ သူတို့ရောက်အောင် သွားတတ်ကြတယ်၊ အဆုံးအထိတော့ ဘယ်သူမှ မသွားနိုင်ဘူး"

"ဘာဘာအင်ဘာန်လိန်က မြားဆိပ်သင့်နေတာပဲ၊ အခုထက်ထိ အသက်ရှင်နိုင်ပါ့မလား"

"ကျားနက်ဂိုဏ်း ဆိုတာက ကျားမင်းဂိုဏ်းရဲ့ သြဇာခံပဲ၊ ဒီတော့ ကျားနက်ဂိုဏ်းရဲ့ မြားဆိပ်ဖြေဆေးကို ကျားမင်းဂိုဏ်းအနေနဲ့ ရဖို့မခက်ပါဘူး"

"ကျားမင်းဂိုဏ်းက လူတွေက ဘာဘာအင်ဘာန်လိန်ကို ဘာကြောင့် အကွေ့တစ်ထောင် ဝက်ပါထဲမှာ အကျဉ်းချထားရတာလဲ"

"အင်ဘာန်လိန်ကို သူတို့ဘက်ပါလာအောင် ဆွဲဆောင်ချင်လို့နဲ့ တူပါတယ်"

"ဘာဘာအင်ဘာန်လိန်နဲ့ ပတ်သက်ပြီး သတင်းထူးတွေ သိရတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ အဘအနေနဲ့ နောက်ထပ် ဘာများ ပြောဆိုမှာကြားစရာ ရှိပါသေးလဲ"

"မင်းတို့နှစ်ယောက်က မိုးကြိုးသွားသိုင်းကို အတော် တတ်မြောက်နေကြပြီဆိုတော့ မိုးကြိုးသွားသိုင်းနဲ့ သင့်တော်တဲ့ လက်နက်

ကို ကိုင်ဆောင်ဖို့လိုမယ်။

ဒီတော့ ပြည်မကုန်းမြေကို ပြန်ရောက်ရင် ဓားတိုလေး လေးလက်လုပ်ပြီး တစ်ယောက်ကို နှစ်လက်စီကိုင်ကြ။

ဓားတိုလေးတွေက တစ်ပေခွဲသာသာလောက် ရှည်ရမယ်၊ ဓားရွက်သိပ်ကြီးဖို့ မလိုဘူး၊ ခပ်သေးသေးသွယ်သွယ် ဖြစ်ဖို့လိုတယ်၊ ဓားအဖျားပိုင်း သုံးလက်မ လေးလက်မလောက်ကို ထက်မြက်နေအောင် ကောင်းကောင်းသွေးထားရမယ်"

"ဟုတ်ကဲ့ ... အဘပြောတဲ့ ဓားတိုလေးမျိုးလုပ်ပြီး ကျွန်တော်တို့ ကိုင်ဆောင်ပါ့မယ်"

"အေး ... ကောင်းပြီ၊ တိုင်းပြည်မှာ ကြုံနေရတဲ့ ပြည်ပရန်စွယ်ကို ချေမှုန်းပယ်ဖျက်နိုင်တဲ့ တိုင်းပြည်သားကောင်း သမီးကောင်းတွေ ဖြစ်ကြပါစေကွယ်"

မကြာမီမှာပင် ကျန်းယွင်တီတို့သည် သစ်ဖော်ကို ရွက်လွှင့်ကာ နတ်ဆိုးကျွန်းမှ ထွက်လာခဲ့သည်။

✱ ✱ ✱



ရာသီဥတုက သာယာနေသည်။

ပင်လယ်ပြင်ဝယ် လှိုင်းအိလေးများသာ ရှိသည်။

အရှေ့လေကလည်း တသုန်သုန် တိုက်ခတ်နေသည်။

ကျန်းယွင်တီတို့ စီးနင်းလာသော သစ်ဖောင်မှာ ပြည်မ ကမ်းခြေဘက်သို့ ဦးတည်ကာ တအိအိသွားနေသည်။

လေတိုက်အားကောင်းသော်လည်း သစ်ဖောင်တွင် တပ်ထားသော ရွက်က သိပ်မကောင်းသည့်အပြင် လင်စွမ်ရင်မှာ မြစ်ပြင်ဝယ် ရေကြောင်းကျွမ်းကျင်သော်လည်း ပင်လယ်ကိုဖြတ်၍ ရေကြောင်းခရီးဝေး သွားဖူးသည့် အတွေ့အကြုံ မရှိသောကြောင့် သူတို့၏ သစ်ဖော်မှာ သိပ်ခရီးမတွင်။

ဖြည်းဖြည်းနှေးနှေးသာ သွားနေသည်။

ဖောင်ပေါ်ဝယ် ခုနစ်ရက်စာ ရိက္ခာနှင့် ရေများ ပြည့်ပြည့်စုံစုံ ပါရှိလာသောကြောင့် ခရီးသိပ်မတွင်သော်လည်း ကျန်းယွင်တီတို့က သိပ်ပူပန်ခြင်း မရှိကြ။

ရာသီဥတု သာယာပြီး ဖြည်းဖြည်းအေးအေး သွားနိုင်လျှင် နောက်ဆုံး ပြည်မကမ်းခြေသို့ ချောချောမောမော ကောင်းကောင်း

မှန်မှန် ရောက်နိုင်မည်ဟု တွက်ဆထားသည်။

သို့သော် . . . .

လောကတွင် တွက်ကိန်းနှင့် လက်တွေ့ဖြစ်ရပ် မတူညီမှုများ အများအပြား ရှိသည်။

တွေးဆမျှော်လင့်ထားသည့်ကတစ်မျိုး၊ လက်တွေ့ ဖြစ်ရပ်က တစ်မျိုး ဖြစ်မှုများ မကြာခဏ ပေါ်တတ်သည်။

နတ်ဆိုးကျွန်းမှ ကျန်းယွင်တီတို့ ထွက်လာကြပြီး နှစ်ရက် ဆက်တိုက် ရာသီဥတုက သာသာယာယာရှိသည်။

လှိုင်းလေ ငြိမ်သက်သည်။

တတိယမြောက်နေ့တွင်မူ . . .

လေမုန်တိုင်းနှင့် ကြုံရလေတော့သည်။

လေမုန်တိုင်းနှင့်အတူ သည်းထန်သော မိုးကပါ တွဲ၍ ပါလာ သည်။

အကာအရံ မရှိသော သစ်ဖောင်ပေါ်တွင် ကျန်းယွင်တီတို့ နှစ်ယောက်မှာ ဟစ်ကိုယ်လုံး စိုရွှဲကုန်ကြသည်။

သစ်ဖောင်သည် နစ်မြုပ်သွားခြင်း မရှိသော်လည်း ကြမ်းတမ်း



သော လှိုင်းလုံးများကြားတွင် မြင့်လိုက် နိမ့်လိုက်နှင့် ဖြစ်ချင်သလို ဖြစ်နေကြသည်။

ပင်လယ်ခရီးကြမ်း မသွားဖူးသော သူတို့နှစ်ယောက်လုံး မူးဝေ၍ပင် လာကြသည်။

သစ်ဖောင်၏ ရွက်တိုင်တွင် ကိုယ်ခန္ဓာများကို ကြိုးဖြင့် ချည် ထားသည့်အတွက်ကြောင့်သာ သစ်ဖောင်ပေါ်မှ လွင့်စဉ်ကျမသွားကြ ခြင်း ဖြစ်သည်။

တခြား ပစ္စည်းပစ္စယများမှာမူ လှိုင်းပုတ်မှုကြောင့် ပင်လယ် ပြင်ထဲသို့ လွှင့်ကျကုန်ကြလေပြီ။

ကျန်းယွင်တီနှင့် လင်စွမ်ရင်တို့ နှစ်ယောက်သည် ကြံ့ခိုင်သော စိတ်ဓာတ်ဖြင့် ပြင်းထန်သည့် မုန်တိုင်း၊ သည်းထန်သော မိုးနှင့် ကြမ်းတမ်းသည့် လှိုင်းဒဏ်တို့ကို ရင်ဆိုင်နေသည်။

တစ်ယောက်ကို တစ်ယောက် မြဲမြဲစွာ ဖက်ထားကြသည်။

ရွက်တိုင်ကိုလည်း လက်မလွှတ်စတမ်း ဆုပ်ကိုင်ထားကြသည်။

ကျန်းယွင်တီက ဘယ်လက်ဖြင့် ရွက်တိုင်ကို ကိုင်ထားပြီး ညာလက်ဖြင့် လင်စွမ်ရင်၏ ကိုယ်ခန္ဓာ တစ်တစ်ရစ်ရစ်လေးကို

ဖက်ထားသည်။

လင်စွမ်ရင်ကလည်း ညာလက်ဖြင့် ရွက်တိုင်ကို ကိုင်ကာ ဘယ်လက်ဖြင့် ကျန်းယွှင်တီကို ဖက်ထားသည်။

ခန္ဓာကိုယ်နှစ်ခု ပူးကပ်နေသည်။

တစ်ဦး၏ ရင်ခုန်သံကိုပင် တစ်ဦးက ကြားနေရသည်။

နှစ်ဦးသား ပူးကပ်နေသည့်အတွက် အနွေးဓာတ်ရပြီး ချမ်းအေးသည့်ဒဏ်ကို ခံနိုင်ကြသည်။

ကျန်းယွှင်တီ၏ စိတ်ထဲတွင် လင်စွမ်ရင်ကို တစ်သက်လုံး ထွေးဖက်ထားလိုစိတ် ပေါ်လာသည်။

လင်စွမ်ရင်ကလည်း ကျန်းယွှင်တီ၏ ရင်ခွင်ထဲတွင် ခိုဝင်နေလိုသော ဆန္ဒ ဖြစ်လာသည်။

စိတ်မထိန်းနိုင်ဘဲ ကျန်းယွှင်တီသည် လင်စွမ်ရင်၏ နီထွေးနုအိသော နှုတ်ခမ်းလွှာလေးကို နမ်းမိသည်။

လင်စွမ်ရင်မှာလည်း မငြင်းနိုင်။ ငြင်းပယ်နိုင်သည့် အင်အားလည်း မရှိ။

ကျန်းယွှင်တီ၏ အနမ်းကို လိုလိုလားလားပင် ခံနေသည်၊



တုံ့ပြန်၍ပင် နမ်းလိုက်လေသေးသည်။

နှစ်ယောက်သား ပြင်းတန်သော မုန်တိုင်းကို မေ့သွားသည်။

သည်းထန်သော မိုးကိုလည်း သမသိတော့။ ကြမ်းတမ်းသည့် လှိုင်းဒဏ်ကိုလည်း မမြင်တော့။

သူတို့နှစ်ယောက် ဘာကိုမျှ သတိမထားနိုင်ကြတော့။

သေလျှင်လည်း နှစ်ယောက်အတူတူ သေကြရမည်။

ရှင်လျှင်လည်း နှစ်ယောက်အတူတူ ရှင်နိုင်ကြမည်။

မည်သူတွေ မည်သို့ဖြစ်နေဖြစ်နေ အချိန်ကတော့ တရွေ့ရွေ့ ကုန်သွားသည်။

အချိန်ဟူသည် အရာရာကို ပြောင်းလဲစေနိုင်သည်။

ခက်ထန်မှုကို ပျော့ပျောင်းလာစေနိုင်သလို ပျော့ပျောင်းမှုကိုလည်း ခက်ထန်လာစေနိုင်သည်။

အချိန်ကုန်လွန်သွားသည်နှင့်အမျှ ပြင်းထန်သော မုန်တိုင်းသည်လည်း ငြိမ်သက်သွားသည်။

သည်းထန်သော မိုးလည်း စဲသွားသည်။

ကြမ်းတမ်းသော လှိုင်းတို့သည်လည်း ငြိမ်သွားသည်။

မုန်တိုင်းစဲလေပြီ။

နေမင်းက ထွန်းလင်းတောက်ပနေသည်။

ပင်လယ်ပြင်မှာလည်း ငြိမ်သက်နေသည်။

မကြာသေးခင်သော အချိန်က ကြမ်းတမ်း ပြင်းထန်သည့် မုန်တိုင်းတစ်ခု တိုက်ခိုက်သွားသည်ဟုပင် ယုံနိုင်စရာမရှိ။

ကျွန်းယွှင်တီနှင့် လင်စွမ်ရင်တို့ နှစ်ယောက်မှာမူ တင်းကြပ်စွာ ဖက်ထားကြဆဲ။

သူတို့၏ သစ်ဖောင်ပေါ်တွင် အဝတ်အစားထည့်သည့် အိတ်လည်း မရှိတော့။ စားနပ်ရိက္ခာများလည်း မရှိတော့။ သောက်ရေလည်း မရှိတော့။

သူတို့နှစ်ယောက်မှအပ ဘာဆိုဘာမျှမရှိတော့။

ကမ်းခြေကိုလည်း မမြင်ရသေး။

ကမ်းမမြင် လမ်းမမြင် ပင်လယ်ပြင်ထဲတွင် ရိက္ခာမပါ၊ သောက်ရေမရှိနှင့်။

ဒီလိုအခြေအနေမျိုးမှာ ဒုက္ခကို ရင်ဆိုင်ရဖို့သာ ရှိသည်။ သူတို့နှစ်ယောက်အပို့ တစ်ယောက်ကိုတစ်ယောက် ဖက်ထား



ခြင်းဖြင့် ဒုက္ခကိုလည်း မေ့နိုင်မည်။ ရေငတ်ခြင်းကိုလည်း လျစ်လျူရှုထားနိုင်မည်။ ဆာလောင်မှုကိုလည်း သတိမမူဘဲ နေနိုင်မည်။

ထို့ကြောင့် တစ်ယောက်ကိုတစ်ယောက် ဆက်လက်၍ တင်းကြပ်စွာ ဖက်မြဲ ဖက်ထားခြင်းဖြစ်သည်။

အရှေ့လေ၏ တိုက်ခိုက်မှုနှင့် ရေစီးကြောင်းများ၏ သယ်ဆောင်မှုကြောင့် သစ်ဖောင်ကတော့ တအိအိမျော၍ နေသည်။

နေဝင်သွားသည်။

တစ်ည ကုန်လွန်သွားသည်။

မိုးလင်းလာသည်။

တစ်ရက်ကျော်လွန်သွားသည်။

သစ်ဖောင်လေးက တအိအိမျောနေဆဲ။

ကျွန်းယွှင်တီတို့ နှစ်ယောက်ကလည်း တစ်ယောက်ကို တစ်ယောက် ဖက်ထားမြဲ။

နောက်ဆုံးတွင်တော့ ... ။

✱ ✱ ✱

## အခန်း(၁၀)

နောက်ဆုံးတွင် ...

သစ်ဖောင်လေးသည် ကမ်းခြေတစ်ခုပေါ်သို့ ထိုးတင်ဆိုက်ကပ်မိသည်။

သစ်ဖောင်ပေါ်ရှိ ကျန်းယွင်တီနှင့် လင်စွမ်ရင်တို့မှာ တစ်ယောက်ကိုတစ်ယောက် ဖက်မြဲဖက်ထားကြသည်။

လှုပ်ပင် မလှုပ်။

ငြိမ်ငြိမ် သက်သက်။

သူတို့နှစ်ယောက် အသက်ပျောက်ကုန်ကြပြီလား။

မဟုတ်ပါ။

သူတို့ မသေကြသေး။ အသက်ရှင်နေကြဆဲပင်။



အစာငတ် ရေငတ်ဖြင့် ပင်လယ်ပြင်ကို ဖြတ်ကျော်လာခဲ့ရသည့်အတွက် သူတို့နှစ်ယောက်မှာ အားအင်ကုန်ခမ်း မောပန်းနွမ်းနယ်ကာ သတိလစ်နေကြခြင်း ဖြစ်သည်။

ကမ်းပေါ်သို့ သစ်ဖောင်ထိုးတင်ဆိုက်ကပ်မိပြီး မကြာခဏမှာပင် ကျန်းယွင်တီနှင့် လင်စွမ်ရင်တို့နှစ်ယောက် သတိပြန်ရလာကြသည်။

"ဟော ... အစ်ကို သစ်ဖောင် ကမ်းပေါ်တင်နေပြီ၊ ကျွန်မတို့ မသေကြတော့ဘူး၊ သေဘေးက လွတ်ပြီ"

လင်စွမ်ရင်က ကျန်းယွင်တီ၏ ရင်ခွင်ထဲမှ အသာအယာ ရုန်းထွက်ပြီး ပြောသည်။

"ဟုတ်တယ်၊ ဒါ ပြည်မကုန်းမြေပဲ"

ကျန်းယွင်တီကလည်း အားရဝမ်းသာ ပြန်ပြောသည်။

သူတို့နှစ်ယောက်သည် ရွက်တိုင်ဖြင့် တွဲကာချည်ထားသော ကြိုးများကို ဖြုတ်ပြီးနောက် သစ်ဖောင်ပေါ်မှ ဆင်းကာ ကမ်းပေါ်သို့ တက်လာခဲ့ကြသည်။

သူတို့တွင် ပါလာသော အထုပ်အပိုးနှင့် အိတ်အားလုံးမှာ ပင်ပယ်ပြင်တွင် ပျောပါဆုံးရှုံးခဲ့ပြီး ဖြစ်သည်။

နတ်ဝတ်ရုံအင်္ကျီလက်နက်မှာမူ ကျန်းယွင်တီက ခါးတွင် နိုင်မြဲစွာ ပတ်ထားသည့်အတွက် ပင်လယ်တွင်းသို့ မျောပါသွားခြင်း မရှိ။

ထို့ပြင် ကျန်းယွင်တီ၏ လည်ပင်းဝယ် ကြိုးဖြင့်ဆွဲချည်ထားသည့် အိတ်ရှဲလေးထဲတွင် ထည့်ထားသည့် ဆေးအသပြာများမှာလည်း ဆုံးရှုံးခြင်း မရှိခဲ့ပေ။

အစာရေစာ ငတ်ပြတ်လာသောကြောင့် ကျန်းယွင်တီနှင့် လင်စွမ်ရင်တို့ နှစ်ယောက်စလုံး အားနည်းနေကြသည်။

ခြေလှမ်းပင် မခိုင်။

ယိမ်းယိမ်းယိုင်ယိုင်နှင့် လျှောက်လှမ်းလာခဲ့ရသည်။

"သိပ်ဆာပြီး သိပ်မောတာပဲ အစ်ကိုရယ်၊ စားစရာ တစ်ခုခုလောက် အရင်ဆုံးရှာမှ ဖြစ်လိမ့်မယ်"

လင်စွမ်ရင်က ပြောသည်။

"ဟိုရှေ့ဘက်နားက ညို့ညို့မှိုင်းမှိုင်းမြင်နေရတာ ကျိန့်စီးမြို့ဖြစ်မယ် ထင်တယ်၊ အဲဒီဘက်ကို ကြိုးစားပြီး အရောက်သွားကြရအောင်၊ ကျိန့်စီးမြို့ကိုရောက်ရင်တော့ စားသောက်စရာတွေ ရမှာပဲ"



ကျန်းယွင်တီ ပြန်ပြောသည်။

နှစ်ယောက်သား အုပ်အုပ်ဆိုင်းဆိုင်း ညို့ညို့မှိုင်းမှိုင်း မြင်နေရသော နေရာသို့ ရှေ့ရှုကာ ကြိုးစား၍ လျှောက်လှမ်းလာခဲ့သည်။

အားအင်ကုန်ခန်း မောပန်းနေကြသည်မို့ ခရီးက သိပ်မတွင်။ တရွေ့ရွေ့ချင်းသာ လာနိုင်ခဲ့ကြသည်။

အတန်ကြာ လျှောက်လှမ်းမိသောအခါ ရေအိုင်လေးတစ်ခုကို တွေ့ရသည်။

အေးမြသန့်စင်သော ရေကို အားရပါးရ သောက်ကြသည်။

ရေတဝသောက်လိုက်ကြသည်မို့ အတော်ပင် လန်းဆန်းလာသည်။

ထို့ကြောင့် အစကထက် အနည်းငယ် ခြေလှမ်း ပိုမြန်လာသည်။

ပိုသွက်လာသည်။

ခရီးလည်း ပိုတွင်လာသည်။

ကျန်းယွင်တီ တွက်ကိန်း မလွဲပေ။

သူတို့ လှမ်းမြင်နေရသည့် ညို့ညို့မှိုင်းမှိုင်း နေရာမှာ ကျိန့်စီးမြို့ပင် ဖြစ်သည်။

ကျိန့်စီးမြို့နားသို့ နီးလာလေလေ ပိုအားတက်ကာ ခြေလှမ်းပိုသွက်လာလေလေ ဖြစ်သည်။

ကျိန့်စီးမြို့နှင့် တစ်မိုင်ခန့်ဝေးသော နေရာသို့ ရောက်လာသည်။

ထိုနေရာဝယ် မမျှော်လင့်သော အဖြစ်နှင့် ကျန်းယွင်တီတို့ ကြုံရသည်။

အားတင်းကာ လျှောက်လာကြသော ကျန်းယွင်တီတို့သည် လူတစ်စုနှင့် ရင်ဆိုင်တိုးမိသည်။

ထိုလူစုမှာ အားလုံး သုံးယောက်။

သုံးယောက်စလုံး အမျိုးသမီးများ ဖြစ်သည်။

ကျန်းယွင်တီ ကောင်းကောင်း သိနေသော အမျိုးသမီးများပါ။

ရှေ့မှ ဦးဆောင်၍လာသူက မီလင်။

နောက်ဘက်မှ လိုက်ပါလာသူ နှစ်ယောက်က ရီအီနှင့် နီစံ၊

မီလင်တို့သည် ကျန်းယွင်တီအား မြင်လိုက်သောအခါ အံ့အားသင့်သလိုဖြစ်ကာ ခြေလှမ်းတုံ့သွားသည်။

"ရှင်တို့ ဘယ်လိုလုပ်ပြီး နတ်ဆိုးကျွန်းက ထွက်လာနိုင်ကြတာလဲ"



အံ့အားသင့်ကာ ခေတ္တမျှ ကြောင်ကြည့်ပြီးနောက် မီလင်က မျက်မှောင်ကြုတ်ကာ မေးသည်။

"သစ်ဖောင်နဲ့ ပင်လယ်ကိုဖြတ်ပြီး လွတ်လာခဲ့တာပေါ့"

ကျန်းယွင်တီက ပြန်အဖြေပေးသည်။

"ဩော် ... လက်စသတ်တော့ ဘီလူးအဆိပ်တွေ ပြယ်သွားပြီကိုး"

"ဟုတ်တယ်"

"ဘီလူးအဆိပ်ပြယ်ပြီး ပင်လယ်ကို ဖြတ်ကျော်လာနိုင်ပေမယ့် ကျွန်မတို့လက်က မလွတ်နိုင်ပါဘူး၊ ကဲ ..."

မီလင်က ဤသို့ပြောပြီး ညာလက်ကို အသာမြှောက်ပြလိုက်သည်။

နီစံနှင့် ရီအီတို့ နှစ်ယောက် ရှေ့သို့တိုးလာပြီး ကျန်းယွင်တီနှင့် လင်စွမ်ရင်တို့ကို တိုက်ခိုက်ဖမ်းဆီးကြသည်။

ကျန်းယွင်တီနှင့် လင်စွမ်ရင်တို့မှာ အဆင့်မြင့်သိုင်းပညာရပ်များကို တတ်မြေ ... ိုင်းသမားများ ဖြစ်ကြသော်လည်း ယခု ... အစာငတ် ရေငတ်

ဖြင့် ပင်လယ်ပြင်ကို ဖြတ်ကျော်ခဲ့ရသည့် ဒဏ်ကြောင့် အားအင်ကုန်ခမ်းကာ မောပန်းနွမ်းနယ်နေကြသည်။

` စိတ်သွားတိုင်း ကိုယ်မပါ။

တာတ်ထားသည့် အဆင့်မြင့် သိုင်းပညာရပ်များကို စိတ်ထင်တိုင်း မသုံးနိုင်။

ဒီတော့ ...

ခေတ္တမျှ တုံ့ပြန်တိုက်ခိုက်နိုင်ပြီး အရှုံးပေးလိုက်ရသည်။

နီစံနှင့် ရီအိတို့၏ အကြောပိတ်ဖမ်းဆီးမှုကို ငြိမ်ခံလိုက်ရသည်။

"သူတို့နှစ်ယောက်ကို ပင်လယ်ကျားဂေဟာထဲမှာ ခဏသွားချုပ်ထားလိုက်၊ သခင်ကြီးကို ကျွန်မ အကြောင်းကြားပြီး လိုက်လာခဲ့မယ်၊ ပြီးမှ သခင်ကြီး ချမှတ်တဲ့အတိုင်း ဆက်လုပ်ကြတာပေါ့"

မီလင်က ရီအိနှင့် နီစံတို့ကို အမိန့်ပေးသည်။

ရီအိနှင့် နီစံတို့က အမိန့်နာခံကာ အကြောပိတ်ကာ မလှုပ်ရှားနိုင်တော့သော ကျန်းယွင်တီနှင့် လင်စွမ်ရင်တို့အား ဆွဲခေါ်သွားသည်။



မီလင်ကမူ ကျိုန့်စီးမြို့ဘက်သို့ ခပ်သုတ်သုတ် ပြန်ထွက်သွားသည်။

ဤဖြစ်ရပ်များကို တစ်စုံတစ်ယောက်သော သူက လမ်းဘေးတစ်နေရာရှိ ချုံပုတ်ကြီးတစ်ခု၏ နောက်မှ ချောင်းမြောင်းကြည့်ရှုနေခဲ့သည်။

ထိုသူသည် ညာလက်တစ်ဖက်ပြတ်နေပြီး အဖြူရောင် တစ်စုံကို ဝတ်ထားသည်။

အဖြူရောင်ဝတ်စုံ ဝတ်ထားသည့် ညာလက်တစ်ဖက်ပြတ်နေသည့် သစ်ပင် ချုံနွယ်များကို အကာအကွယ်ယူကာ ရီအိနှင့် စံနီတို့၏ နောက်သို့ နောက်ယောင်ခံ လိုက်သွားသည်။

ရီအိနှင့် နီစံတို့ကတော့ သူတို့နောက်မှ လူတစ်ယောက် နောက်ယောင်ခံ လိုက်လာကြသည်ကို သိဟန်မတူ။

ပင်လယ်ကျားဂေဟာ တည်ရှိရာ ပင်လယ်ကမ်းခြေဘက်သို့ ရှေ့ရှု၍ ခြေလှမ်းသွက်သွက်ဖြင့် သွားနေသည်။

✱ ✱ ✱

ပင်လယ်ကျွားဂေဟာ ...။

ကျိုက်ထီးမြို့၏ အရှေ့ဘက် သုံးမိုင်ခန့်အကွာ ပင်လယ်ကမ်းခြေ တစ်နေရာဝယ် တည်ရှိသည်။

ဂေဟာပရိဝုဏ်က အတော်ကျယ်ဝန်းသည်။

သို့သော် အဆောက်အအုံကတော့ ကြီးကြီးမားမား များများစားစား မရှိ။

ပင်မဂေဟာတစ်ဆောင်နှင့် အရံ အဆောက်အအုံ သုံးခုသာ ရှိသည်။

ပင်မဂေဟာက သိပ်မကြီးသလို အရံအဆောက်အအုံများကလည်း ခပ်ငယ်ငယ်ပင်။

ဂေဟာ ပရိဝုဏ်ထဲဝယ် နွယ်ပင်များ၊ ချုံပုတ်များလည်း အတော်များများ ရှိနေသည်။

ရုတ်တရက်ကြည့်လျှင် လူမနေဘဲ ပစ်ထားသည့် အိမ်ဂေဟာကြီးတစ်ခုဟုပင် ထင်မှတ်ရသည်။

ဤပင်လယ်ကျွား ဂေဟာမှာ ကျွားမင်းဂိုဏ်း၏ အရေးပါသော စခန်းထောက် နေရာတစ်ခုဖြစ်သည်။



ကျန်းယွင်တီနှင့် လင်စွမ်ရင်တို့ နှစ်ယောက် ပင်လယ်ကျွားဂေဟာ၏ အလုံတိုက်ထဲဝယ် ရောက်ရှိနေကြသည်။

သူတို့နှစ်ယောက်မှာ အစာရေစာများ စားသောက်ရပြီးဖြစ်လျက် အားအင်များ ပြန်လည်ပြည့်ဖြိုးကာ လန်းလန်းဆန်းဆန်း ရှိနေကြပြီဖြစ်သည်။

အပိတ်ခံထားရသော အကြောများလည်း ပြေပွင့်နေပေပြီ။

သို့ရာတွင် ...

အကျဉ်းခန်းတစ်ခုနှယ် လုံခြုံလှသော အလုံတိုက်ထဲသို့ ရောက်နေရသည်မို့ သူတို့မှာ ဘာမျှမတတ်နိုင်ကြတော့။

အလုံတိုက်မှာ အကျယ်ပေ သုံးဆယ်ပတ်လည်ခန့် ရှိသည်။

အခန်းဖွဲ့ထားခြင်း မရှိ။

တိုက်တစ်ခုလုံးမှာ အခန်းကျယ်ကြီးတစ်ခုလို ဖြစ်နေသည်။

ဝင်ပေါက်က တစ်ပေါက်တည်း။ ပြတင်းပေါက်ကတော့ တောင်ဘက်နှင့် မြောက်ဘက် နံရံများဝယ် တစ်ခုစီရှိသည်။

ဝင်ပေါက်ကို သံတံခါးကြီးဖြင့် အခိုင်အလုံ ပိတ်ထားသည်။

ပြတင်းပေါက် နှစ်ခုတွင်လည်း သံတိုင်များ ခပ်စိပ်စိပ် စိုက်ထားသည်။

တိုက်၏ နံရံ၊ ကြမ်းခင်းနှင့် အမိုးတို့က ကျောက်သားဖြင့် ပြုလုပ်ထားသည်။

ကျန်းယွင်တီတို့ နစ်ယောက်အဖို့ မည်သို့မျှ အပြင်မထွက်လာ။ လွတ်လမ်းရှာဖို့ အခွင့်အလမ်းလည်း မရှိ။

ကျန်းယွင်တီက ပြတင်းပေါက်များနှင့် ဝင်ပေါက် တံခါးတို့ ကို သေသေချာချာပင် စစ်ဆေးကြည့်သည်။

တံခါးချပ် ပြုလုပ်ထားသော သံပြားက ထု တစ်လက်မခန့် ထူသည်။

ပြတင်းပေါက်ဝယ် တတ်ထားသည့် သံတိုင်များက ကျပ်လုံးခန့် တုတ်သည်။

သံတိုင်များကို တစ်ခုချင်း ဆွဲနှဲ့ကြည့်သည်။

တစ်ခုတလေမျှပင် ယိုင်နဲ့ခြင်းမရှိ။

သံတိုင်အားလုံး ခိုင်ခန့်လှသည်။

"အင်း ... သံတံခါးရော သံတိုင်တွေပါ အားလုံး အခိုင်အခန့်တွေချည်းပဲ၊ ပိုင်ကြင်ယုန်သာရှိရင် သိပ်ကောင်းမှာပဲ"

ပြတင်းပေါက် သံတိုင်များနှင့် ဝင်ပေါက် တံခါးကို စစ်ဆေး



ကြည့်ပြီးနောက် ကျန်းယွင်တီက ခပ်ညည်းညည်း ပြောကာ လင်စွမ်ရင်၏ ဘေးနားတွင် ထိုင်ချလိုက်သည်။

"အစ်ကိုက ပိုင်ကြင်ယုန်ကို တမ်းတမ်းစွဲ ဖြစ်နေတာကိုး၊ အခုမှပဲ သိရတော့တယ်"

လင်စွမ်ရင်က ပြောသည်။

နှုတ်ခမ်းလေး မစူ့တစူနှင့်။ မကျေနပ်သည့် အသွင်မျိုး။

"ညီမကလည်း ဒီလိုမပြောပါနဲ့၊ ပိုင်ကြင်ယုန်ဆီမှာ မာန်စွယ်နဂါးရုပ်ရှိတယ်၊ အဲဒီ နဂါးရုပ်ရဲ့ အသွားက ဘယ်လောက်မာကြောတဲ့ သံထည်ကိုပဲဖြစ်ဖြစ် အချိန်အနည်းငယ်အတွင်း တိုက်ဖြတ်နိုင်တယ်၊ သူသာရှိရင် ဟောဟို ပြတင်းပေါက်က သံတိုင်တွေကို မာန်စွယ်နဂါးရုပ်ရဲ့ အသွားနဲ့ ကိုက်ဖြတ်ပြီး အပြင်ကို အလွတ်ရုန်းထွက်နိုင်မှာမို့လို့ ပြောတာပါ"

ကျန်းယွင်တီက ပြန်ပြောသည်။

ထန်းဝမ်ကြီက မိမိနှင့် ပိုင်ကြင်ဟုန်တို့ကို သံလှောင်အိမ်ခန်းထဲဝယ် ပိတ်လှောင်ဖမ်းဆီးထားစဉ်က မာန်စွယ် နဂါးရုပ်၏ အသွားဖြင့် သံတိုင်ကို ဖြတ်တောက်ကာ အလွတ်ရုန်းထွက်နိုင်ခဲ့ပုံကိုလည်း အကျဉ်းချုံးကာ ပြောပြသည်။

"ဘာမှ စိုးရိမ်ပူပန်မနေပါနဲ့ အစ်ကိုရယ်၊ အစ်ကိုနဲ့ ကျွန်မနဲ့က ပင်လယ်ပြင် မုန်တိုင်းကြားထဲကတောင် အသက်မသေဘဲ လွတ်မြောက်လာခဲ့ကြသေးတာပဲ၊ ဒီနေရာကလည်း လွတ်နိုင်ပါလိမ့်မယ်"

ကျွန်းယွင်တီ ပြောဆိုသည်ကို နားထောင်ပြီးသောအခါ လင်စွမ်ရင်က ပြောသည်။

ထို့နောက် ကျွန်းယွင်တီ၏ ရင်ခွင်ထဲသို့ အသာတိုးဝင်လာသည်။

ကျွန်းယွင်တီကလည်း အလိုက်သင့်ပင် ဖက်ထားလိုက်သည်။

လင်စွမ်ရင်မှာ ကိုယ်ခန္ဓာဖွံ့ဖြိုးတောင့်တင်းသည်ဖြစ်ရာ သိုင်းဖက်ထားရာတွင် အိအိထွေးထွေး ရှိလှသည်။ တစ်ပွေ့တစ်ပိုက် ရှိလှသည်။

ယခုအချိန်တွင် ကျွန်းယွင်တီ မည်သို့ပြုပြု လင်စွမ်ရင်က ငြင်းမည်မဟုတ်။ လိုက်လျောရန် အသင့်ပင်။

သို့သော် ကျွန်းယွင်တီက စည်းမကျော်။

အတတ်နိုင်ဆုံး စောင့်စည်းသည်။



လင်စွမ်ရင်၏ ပါးပြင်မို့မို့လေးကို နမ်းရှုံ့သာနမ်းပြီး အသာကိုယ်ချင်းခွာလိုက်သည်။

"အစ်ကို ..."

လင်စွမ်ရင်က လှမ်းခေါ်သည်။

အသံမှာ တစ်မျိုးလေး။

ဆွေးမြည့်မှုများ ရောစွက်နေသည့် အသံလား။

တမ်းတမှုများ ယှက်သန်းနေသည့် အသံလား။

ကျွန်းယွင်တီ မခွဲခြားတတ်။

"ဘာလဲ ... ညီမ"

ကျွန်းယွင်တီက စိတ်လှုပ်ရှားနေသည်ကို ကြိုးစားကာ ထိန်းပြီး ပြန်ထူးသည်။

"ပိုင်ကြင်ယုန်နဲ့ အစ်ကိုနဲ့ မေတ္တာမျှနေကြသလား"

"ဘာကြောင့် ဒီလိုမေးရတာလဲ"

"အစ်ကိုက ညီမကို ရှောင်ဖယ်ရှောင်ဖယ် လုပ်နေလို့ပါ"

"ညီမကို ညီမရဲ့ အဖေက အစ်ကိုနဲ့ စိတ်ချလက်ချ ထည့်ပေးလိုက်တာဆိုတော့ အစ်ကို့မှာ စောင့်ရှောက်ရမယ့် ဝတ္တရား ရှိပါတယ်၊ ဒါကြောင့်ပါ"

ထို့နောက် ကျန်းယွင်တီက စကားလမ်းကြောင်းလွှဲကာ အခြား အကြောင်းခြင်းရာများကို ပြောနေလိုက်သည်။

စကားပြောနေကြရာ အချိန် အတော်ကုန်သွားသည်။

ညနေအချိန်သို့ပင် ရောက်လာသည်။

ရီအီက ညစာလာပို့ပေးသည်။

ပင်ပန်းလာကြသည်မို့ ညစာစားပြီးနောက် တစ်ယောက်နှင့် တစ်ယောက် ခပ်လှမ်းလှမ်းခွာ၍ လှဲအိပ်လိုက်ကြသည်။

မကြာခင်မှာပင် အိပ်ပျော်သွားသည်။

နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်ရသည့်အတွက် မနက်မိုးလင်းခါနီးတွင် လန်းလန်းဆန်းဆန်းပင် အိပ်ရာမှ နိုးလာကြသည်။

နေမထွက်သေးသော်လည်း လသာနေသောကြောင့် အလင်းရောင်က ကောင်းစွာ ရှိနေသည်။

လင်စွမ်ရင်က ထိုင်နေရာမှထကာ ပြတင်းပေါက်သို့သွားပြီး အပြင်ဘက်သို့ လှမ်းကြည့်သည်။

ထိုပြတင်းပေါက်မှ နေ၍ ပင်လယ်ကမ်းခြေသို့ လှမ်းမြင်ရသည်။



လရောင် ဆမ်းထားသည့် ပင်လယ်ကမ်းခြေ ရှုခင်းမှာ လှပသည်။

အပြင်ဘက် ရှုခင်းကို ကြည့်နေရင်းမှ အမှတ်မထင်ပင် ပြတင်းပေါက်၏ သံတိုင်များကို ကြည့်လိုက်သည်။

လင်စွမ်ရင်၏ မျက်လုံး ပြူးသွားသည်။

မျက်မှောင်လည်း ကြုတ်သွားသည်။

"အစ်ကို ဒီမှာ လာကြည့်စမ်း၊ မြန်မြန်"

လင်စွမ်ရင်က ကျန်းယွင်တီကို လှမ်းပြောသည်။

ကျန်းယွင်တီက ပြတင်းပေါက်နားသို့ အပြေးလေး ရောက်လာသည်။

လင်စွမ်ရင် ပြသည်ကို ကြည့်လိုက်ရာ ကျန်းယွင်တီလည်း မျက်လုံးပြူးသွားသည်။

ပြတင်းပေါက်တွင် စိုက်ထားသော သံတိုင်တစ်ခုမှာ ပြတ်လုနီးပါး ဖြစ်နေသည်။

"ဘယ်လိုဖြစ်တာလဲ မနေ့တုန်းက အစ်ကို သံတိုင်တွေကို တစ်ခုချင်းစီ သေသေချာချာ စစ်ဆေးကြည့်တော့ အားလုံး အခိုင်အခန့်ပဲ၊ အခု ဘယ်လိုလုပ် ပြတ်နေတာလဲ"

ကျန်းယွင်တီက တအံ့တသြ ပြောသည်။

ထို့နောက်

ကျန်းယွင်တီက ပြတ်လုတည်းတည်းဖြစ်နေသော ပြတင်းပေါက် သံတိုင်ကို သေသေချာချာ စစ်ဆေးကြည့်သည်။

သံတိုင်ကို တစ်စုံတစ်ရာဖြင့် တိုက်ဖြတ်ထားခြင်း ဖြစ်သည်။

တိုက်ဖြတ်ထားသည့်အရာမှာလည်း အသစ်စက်စက် ဖြစ်နေသည်။

တစ်ယောက်ယောက်က လာရောက် တိုက်ဖြတ်သွားကြောင်းကိုကား စဉ်းစားမိသည်။

မည်သူ တိုက်ဖြတ်သွားခြင်းဖြစ်သည်ကိုမူ တွေး၍မရ။

ကျန်းယွင်တီက ပြတ်လုတည်းတည်းဖြစ်နေသော သံတိုင်ကို အသာဆွဲလိုက်သည်။

သံတိုင်က အလွယ်တကူပင် ပြတ်ထွက်သွားသည်။

သံတိုင်တစ်ခု ပြတ်သွားသည်မို့ ပြတင်းပေါက်သံတိုင်များကြားဝယ် လူတစ်ယောက် ဝင်ရုံသာအပေါက်တစ်ခု ဖြစ်ပေါ်လာသည်။



ကျန်းယွင်တီနှင့် လင်စွမ်ရင်တို့နှစ်ယောက် ထိုအပေါက်နေရာမှ တိုးကာ အလုံတိုက်၏ အပြင်ဘက်သို့ ထွက်လာခဲ့သည်။

အလုံတိုက်မှ လွတ်မြောက်လာခဲ့ပြီးနောက် ပင်လယ်ကျားဂေဟာ၏ အပြင်ဘက်သို့ ရောက်ရန်မှာမူ သိပ်မခက်တော့။

မည်သည့် အနှောင့်အယှက်ကိုမျှ မတွေ့ရဘဲ ပင်လယ်ကျားဂေဟာ အပြင်ဘက်သို့ ရောက်လာခဲ့ကြသည်။

သူတို့နှစ်ယောက်သည် ကျန့်စီးမြို့ထဲသို့ အမြန်ဆုံး လာခဲ့ကြသည်။

ကျန့်စီးမြို့ထဲသို့ သူတို့နှစ်ယောက် ရောက်ရှိသွားချိန်မှာ မိုးမလင်းသေးပေ။

ဆိုင်တချို့သာ စတင်ဖွင့်လှစ်ရန် ပြင်ဆင်နေကြသည်ကို တွေ့ရသည်။

ကျန်းယွင်တီတို့သည် မြင်းဇောင်းတစ်ခုသို့သွားပြီး အိပ်ပျော်နေဆဲဖြစ်သော မြင်းဇောင်းပိုင်ရှင်ကို နှိုးကြသည်။

ထိုမြင်းဇောင်းမှ မြင်းကောင်း နှစ်စီးကို ဝယ်လိုက်ကြသည်။

ထို့နောက် ...

နှစ်ယောက်သား မြင်းကိုယ်စီ စီးကာ ကျိုန့်စီးမြို့ မှ ထွက်လာခဲ့ကြသည်။

မြို့ပြင်သို့ရောက်သည်နှင့် မြင်းများကို အပြင်းနှင်ကြလေတော့သည်။

✱ ✱ ✱

တိမ်ဖြူတောင်ခြေ တစ်နေရာရှိ ဂဠုန်ပျံဂိုဏ်း၏ စခန်းသို့ ကျန်းယွင်တီနှင့် လင်စွမ်ရင်တို့ ရောက်ရှိလာခဲ့ကြသည်။

ဂဠုန်ပျံဂိုဏ်းချုပ်ကြီး ချူကုံးလှုံ အမှူးပြုသော ဂိုဏ်းဝင်များက ကျန်းယွင်တီတို့ကို အားရဝမ်းသာ ကြိုဆိုကြသည်။

အရှေ့ပင်လယ်သို့ ခရီးထွက်သွားရာမှ တစ်နှစ်ကျော် ကြာအောင်ပင် သတင်းအစအနပင် မကြားရဘဲ ရှိနေသော သမီးဖြစ်သူအား သေးမသိရန်မခဘဲ ပြန်လည်တွေ့ရသောကြောင့် လင်ပိုင်းမှာ ဝမ်းသာဝမ်းနည်း ဖြစ်နေသည်။

လင်စွမ်ရင်က အရှေ့ပင်လယ်ရှိ နတ်ဆိုးကျွန်းသို့ သွားရာတွင် တွေ့ဆုံဖြစ်ပျက်ခဲ့ပုံ အကြောင်းများကို ပြန်ပြောပြသည်။



ကျန်းယွင်တီအပေါ် မိမိ စိတ်တိမ်းညွတ်မိခဲ့ပုံ အကြောင်းများကိုကား ချန်လှပ်ထားသည်။

ကျန်းယွင်တီမှာလည်း ဂဠုန်ပျံဂိုဏ်း၏ စခန်းတွင် ဒဏ်ရာ အနာတရဖြစ်ကာ ကျန်နေခဲ့သော ပိုင်ကြင်ယုန်အကြောင်းကို မေးမြန်းကြည့်လိုနေပြီဖြစ်သည်။

လင်စွမ်ရင်က စကားစ မပြတ်သေးသောကြောင့်သာ အောင့်အည်း၍ စောင့်နေရသည်။

ဇာတ်ကြောင်းစုံကို ပြောပြနေသည်ဖြစ်သောကြောင့် လင်စွမ်ရင်မှာ တော်တော်နှင့် စကားမပြတ်။

အချိန်အတော်ကြာကြာ စောင့်နေမှပင် လင်စွမ်ရင် ပြောဆိုမှု အဆုံးသတ်တော့သည်။

“ပိုင်ကြင်ယုန်ကော ဒဏ်ရာသက်သာ ပျောက်ကင်းသွားပြီလား”

လင်စွမ်ရင် စကားစ ပြတ်သွားသောအခါမှ ကျန်းယွင်တီက ဝင်မေးရသည်။

“အင်း ... ပျောက်ပါပြီ”

လင်ပိုင်းက ပြန်ဖြေသည်။

လင်စွမ်ရင်က ကျန်းယွင်တီကို လှမ်းကြည့်သည်။

အဓိပ္ပာယ်ပါသော အကြည့်ဖြစ်၏။

ကျန်းယွင်တီက လင်စွမ်ရင်၏ အကြည့်ကို မသိဟန်ပြုကာ ဆက်မေးသည်။

"သူ အခု ဘယ်မှာလဲ"

"သူ ဒဏ်ရာပျောက်ပြီးတာနဲ့ အရှေ့ပင်လယ်ကမ်းခြေဘက်ကို လိုက်သွားတယ်၊ မင်းတို့နောက်ကို လိုက်သတင်းစုံစမ်းတာပဲ ဖြစ်လိမ့်မယ်၊ ဒီနေ့အထိ သူ့ဆီကလည်း ဘာမှသတင်းမရဘူး၊ သူလည်း ပျောက်ချက်သားကောင်းနေတယ်၊ မင်းတို့နဲ့ ကျိုန့်စီးမြို့မှာ မဆုံခဲ့ကြဘူးလား"

"ကျွန်တော်တို့က ကျိုန့်စီးမြို့ကို ရောက်တယ်ဆိုတာနဲ့ မိလင်တို့နဲ့ ဆုံမှုပြီး အဖမ်းခံကြရတယ်၊ မိလင်တို့လက်က လွတ်တာနဲ့ မြင်းဝယ်စီးပြီး အမြန်ဆုံး ထွက်လာရတာဆိုတော့ ကျိုန့်စီးမြို့မှာ အေးအေးချမ်းချမ်း မနေခဲ့ရပါဘူး၊ တကယ်လို့ ပိုင်ကြင်ယုန် ကျိုန့်စီးမြို့မှာ ရှိနေတယ်ဆိုရင်တောင် ကျွန်တော်တို့နဲ့ ဆုံဖို့မလွယ်ဘူး"



"မင်း ဘာဆက်လုပ်မယ် စိတ်ကူးလဲ"

"ပထမဦးဆုံး အကျွေ့တစ်ထောင် ဝက်ပါကိုသွားပြီး အဘ အင်ဘန်လိန်ကို ကယ်တင်မယ်၊ ပြီးရင် တိုင်းတစ်ပါးသား ဩဇာခံ တိုင်းပြည်သစ္စာဖောက်ဖြစ်တဲ့ ကျားမင်းဂိုဏ်းကို နှိမ်နင်းချေမှုန်းပစ်မယ်"

"အခုတလော ကျားမင်းဂိုဏ်းက အရှေ့ပင်လယ် ကမ်းရိုးတန်း တစ်ဝိုက်မှာ အတော်လှုပ်ရှားနေတယ်၊ အဲဒီနေရာက သိုင်းဂိုဏ်းတော်တော်များများကို သူ့လက်အောက်ခံအဖြစ် သိမ်းသွင်းထားလိုက်ကြပြီလို့ သိရတယ်၊ ကျင်းစိုးမြို့က သံမဏိ ထန်းဝမ်ကြီးတို့ကစ်တွေလည်း အရှေ့ပင်လယ်ကမ်းရိုးတန်းဘက်ကို နေရာပြောင်းသွားကြပြီလို့ ကြားရတယ်"

လင်ပိုင်းက သူကြားသိထားရသော ကျားမင်းဂိုဏ်း၏ လှုပ်ရှားမှုများအကြောင်းကို ပြောပြသည်။

"အကျွေ့တစ်ထောင်ဝက်ပါ ဘယ်နေရာမှာရှိတယ်ဆိုတာကို မင်း သိရဲ့လား"

ချူကုံးလျှံက ဝင်မေးသည်။

"မြောင်လိမ်စန်းတောင်ရဲ့ အရှေ့ဘက်ပိုင်းမှာ ရှိတယ်လို့ သိရပါတယ်၊ အဲဒီမှာ သွားရှာကြည့်ရမှာပဲ"

"မြောင်လိမ်စန်းတောင် ဟုတ်လား၊ အင်း ... အခုတလော အဲ့ဒီတောင်မှာ အဆိပ်နဂါးပေါ်မယ်ဆိုပြီး သိုင်းသမားတွေ တော်တော်များများ လှုပ်လှုပ်ရှားရှား သွားနေကြတယ်"

"အဆိပ်နဂါးဆိုတာ ဘယ်လိုဟာမျိုးလဲ"

"မြောင်လိမ်စန်းတောင်မှာ အဆိပ်နဂါးဆိုတာက သိုင်းလောကမှာ ဟိုး ... လွန်ခဲ့တဲ့ နှစ်ပေါင်း ငါးဆယ်တစ်ရာလောက်ကတည်းက ဒဏ္ဍာရီလိုလို၊ ယုံတမ်းစကားလိုလို၊ တကယ့်ဖြစ်ရပ်လိုလို ပြောနေကြတာပဲ၊ အဆိပ်နဂါးကို အမိဖမ်းနိုင်ရင် အစွမ်းအထက်ဆုံး အဆိပ်ဆေး ဖော်စပ်နိုင်မယ်လို့လည်း ပြောကြတယ်၊ တချို့ကတော့ အဆိပ်နဂါးကိုရရင် အတွင်းအား မြင့်မားနက်ရှိုင်းလာစေတယ်လို့လည်း ပြောကြတယ်"

"တယ်ဟုတ်ပါလား"

"အဲဒီလို ပြောဆိုနေကြပေမယ့် ဒီနေ့အထိ အဆိပ်နဂါးကို တွေ့ဖူး မြင်ဖူးတဲ့လူတွေ မရှိကြသေးဘူး၊ ဘယ်သူမှလည်း မရှာ



သေးဘူး၊ အဆိပ်နဂါးအကြောင်း သတင်းပေါ်လာလိုက်၊ သိုင်းသမားတွေ မြောင်လိမ်စန်းတောင်ကို စုရုံးသွားပြီး ရှာကြ ဖွေကြ၊ ဘာကိုမှ မတွေ့ရတော့ လက်လျှော့ပြန်လာပြီး ရှာကြဖွေကြ၊ ဘာကိုမှမတွေ့လို့ရတော့ လက်လျှော့ပြန်လာပြီး ငြိမ်သွားလိုက်ကြနဲ့ သံသရာလည်နေတာပဲ၊ အခုလည်း အဆိပ်နဂါး ရောဂါထပြီး မြောင်လိမ်စန်းတောင်မှာ သိုင်းသမားတွေ တော်တော် လှုပ်လှုပ်ရွရွ ဖြစ်နေကြတယ်"

ဝိုထားချုပ်ကြီး ချူကုံးလျှံက အဆိပ်နဂါးအကြောင်း ရှင်းပြသည်။

"ကျွန်မလည်း အစ်ကို ကျန်းယွင်တီတို့နဲ့အတူ မြောင်လိမ်စန်းတောင်ကို လိုက်သွားချင်တယ်"

လင်စွမ်ရင်က ဝင်ပြောသည်။

"လိုက်သွားပေါ့ သမီးရယ်၊ ဒါပေမယ့် သမီးတို့ ပင်ပန်းလာကြတယ်ဆိုတော့ ဒီမှာ သုံးလေးရက်လောက် နားလိုက်ကြပါဦး၊ ပြီးမှ သွားကြပေါ့"

သမီး၏ အလိုကို အမြဲတမ်းလိုက်သော လင်ပိုင်းက ပြောသည်။

ဤသို့ဖြင့် ကျန်းယွင်တီကိုသည် ဂျွန်ပျံဂိုဏ်းစခန်းတွင် သုံးရက်မျှ နားနေကြသည်။

ထိုသို့ နားနေစဉ်အတွင်း ဂျွန်ပျံဂိုဏ်း၏ လက်နက်ရုံမှ ကျန်းယွင်တီနှင့် လင်စွမ်ရင်တို့အတွက် ဓားတိုလေးများကို အထူးစီမံလုပ်ပေးသည်။

ကျန်းယွင်တီနှင့် လင်စွမ်ရင်ကိုသည် တစ်ယောက်လျှင် ဓားတိုလေး နှစ်လက်စီ ယူကြသည်။

လိုအပ်သည့် ပစ္စည်းအနည်းငယ်ကို ခရီးဆောင်အိတ်များဖြင့် ထည့်ယူပြီး မြင်းကိုယ်စီ စီးကာ မြောင်လိန်စန်းတောင်ဘက်သို့ ဦးတည်ကာ ခရီးထွက်လာကြသည်။

✱ ✱ ✱

ကျန်းယွင်တီနှင့် လင်စွမ်ရင်တို့ မြောင်လိမ်စန်းတောင်သို့ ခရီးထွက်လာခဲ့ကြသည်။

ခရီးလမ်းလည်း သင့်နေသောကြောင့် စွန်ရဲဂေဟာဘက်သို့ လှည့်ကာ ဝင်လာခဲ့ကြသည်။



အကျည်းတန်သော မြင်ကွင်းတစ်ခုက ကျန်းယွင်တီတို့ကို ဆီးကြိုနေသည်။

ခမ်းနားထည်ဝါသော စွန်ရဲဂေဟာကြီး မရှိတော့။

စွန်ရဲဂေဟာ၏ နေရာဝယ် မီးလောင်ငုတ်တိုများသာ ရှိတော့သည်။

"တောက် ... ဒါ ကျားမင်းဂိုဏ်းရဲ့ လက်ချက်ပဲဖြစ်မယ်၊ ဒီလူတွေ သိပ်သောင်းကျန်းရမ်းကားနေပါလား"

အကျည်းတန်လှသော မီးလောင်ပြင်ကိုကြည့်ပြီး ကျန်းယွင်တီက မကျေမချမ်း ပြောသည်။

"ဟော ... အစ်ကိုလည်း ပြန်ရောက်လာပြီကိုး"

စကားသံကြားရ၍ ကျန်းယွင်တီ လှည့်ကြည့်ရာ စွန်ရဲဂေဟာ၏ အမှုထမ်းလူငယ်လေးတစ်ယောက် ဖြစ်နေသည်ကိုတွေ့ရလေသည်။

"မင်း ရှိနေသေးတာကိုး၊ ခေါင်းဆောင်ကြီးနဲ့ တခြား စွန်ရဲတွေကော ဘယ်ရောက်နေကြသလဲ"

"ခေါင်းဆောင်ကြီးနဲ့ စွန်ရဲသုံးယောက်ကတော့ မြောင်လိမ်

စန်း တောင်ကို သွားနေတယ်၊ ဒီဂေဟာကို ရန်သူတွေ လာတိုက်နေကြတုန်းက တိုက်ပွဲဖြစ်ပြီး စွန်ရဲသုံးယောက် ကျဆုံးသွားတယ်၊ မမပိုင်ကြင်ယုန်ကတော့ တစ်နှစ်ကျော်လောက် ပျောက်နေပြီး လွန်ခဲ့တဲ့ နှစ်ရက်ကမှ ဒီကိုပြန်ရောက်လာတယ်၊ ဟော ဒီနေ့ အစ်ကိုလည်း ပြန်ရောက်လာပြန်ပြီ"

"ကျဆုံးသွားတဲ့ စွန်ရဲသုံးယောက်က ဘယ်သူတွေလဲ"

"စွန်ရဲနှစ် ယုစန်း၊ စွန်ရဲငါး ကိုရှိလိန်နဲ့ စွန်ရဲခုနစ် ချိစီစိုးတို့ပါပဲ"

"ပိုင်ကြင်ယုန် အခုဘယ်ရောက်နေသလဲ"

"ပြောင်းခင်းထဲက ယာခင်းအိမ်ထဲမှာ ရှိနေပါတယ်"

စွန်ရဲဂေဟာ မီးလောင်ပြာကျ ပျက်စီးပြီး စွန်ရဲသုံးယောက် ကျဆုံးသွားရသည့်အတွက် ကျန်းယွင်တိ စိတ်မကောင်းဖြစ်မိသည်။

ပိုင်ကြင်ယုန်သည် အနီးအနားဝယ် ရှိနေကြောင်း သိရသည့်အတွက်မူ ဝမ်းမြောက်မိသည်။

ကျန်းယွင်တိသည် ပြောင်းခင်းထဲရှိ ယာခင်းအိမ်လေး ရှိရာသို့ အပြေးအလွှားပင် လာခဲ့သည်။



လင်စွမ်ရင်နှင့် လူငယ်လေးတို့က ကျန်းယွင်တိ၏နောက်မှ လိုက်ခဲ့သည်။

ယာခင်းအိမ်လေး၏ ရှေ့ဝယ် ရပ်နေသော ပိုင်ကြင်ယုန်ကို ကျန်းယွင်တိ မြင်လိုက်ရသည်။

ပြေးလာခဲ့သော ကျန်းယွင်တိ၏ ခြေလှမ်းများ ရုတ်တရက် တုံ့ရပ်သွားသည်။

"ဟင် ... ပိုင်ကြင်ယုန် ... ဘယ် ... ဘယ်လိုဖြစ်နေတာလဲ"

ကျန်းယွင်တိသည် မယုံနိုင်သော မျက်လုံးများဖြင့် ပိုင်ကြင်ယုံကိုကြည့်ပြီး တအံ့တသြ ပြောလိုက်သည်။

ပိုင်ကြင်ယုန်သည် အဖြူရောင်ဝတ်စုံကို ဝတ်ထားသည်။

ဝတ်စုံ၏ ညာဘက်လက်မောင်း အင်္ကျီစမှာ လေအတိုက်ဝယ် လွင့်မျော၍ နေသည်။

"ဂျွန်ပုံစခန်းမှာ ကျားမင်းဂိုဏ်းသားတွေနဲ့ တိုက်ပွဲဖြစ်တုန်းက ထိခိုက်မိပြီး ညာလက်ပြတ်သွားတာပဲ၊ အခု ဒဏ်ရာ ကျက်သွားပါပြီ"

ပိုင်ကြင်ယုန်က မချိပြုံး ပြုံးပြီးပြောသည်။

ဤအခါတွင်မှ ပိုင်ကြင်ယုန် ဒဏ်ရာရခဲ့စဉ်က မိမိကို အတွေ့မခံဘဲ နေခဲ့သည့်အကြောင်းများကို ကျွန်းယွင်တီ နားလည်ရတော့သည်။

"အရှေ့ဘက်ပင်လယ်ကမ်းခြေကို ခင်ဗျား လိုက်လာသေးတယ်ဆို"

"ဟုတ်တယ် ... ကျိန့်စီးမြို့နားမှာ မိလင်တို့လူက ရှင်နဲ့ လင်စွမ်ရင်ကို ဖမ်းသွားတာကို ကျွန်မ တွေ့လိုက်ရသားပဲ"

"ဪ ... ခုမှ တွေးမိပြီ၊ ကျွန်တော်တို့ကို ဖမ်းချုပ်ထားတဲ့ အလုံတိုက်ရဲ့ ပြတင်းပေါက်က သံတိုင်ကို ခင်ဗျားက လာပြီး မာန်စွယ်နဂါးရုပ်ရဲ့ အသွားနဲ့ ဖြတ်ပေးသွားတာကို"

"အင်း ... ဟုတ်တယ်"

အလုံတိုက်ထဲဝယ် မိမိနှင့် လင်စွမ်ရင်တို့ ဆွေ့ဖက်ကာ ပြောဆိုခဲ့သည်များကို ပိုင်ကြင်ယုန် ကြားသိသွားမည်ဖြစ်ကြောင်းကိုလည်း ကျွန်းယွင်တီ တွေးမိကာ အတော် မျက်နှာပူမိသည်။

ထိုအချိန်တွင် လင်စွမ်ရင်တို့မှာလည်း ယာခင်းအိမ်လေးနားသို့ ရောက်လာပြီဖြစ်သည်။



လင်စွမ်ရင်သည် ဉာလက်ပြတ်နေသော ပိုင်ကြင်ယုန်ကို စိတ်မကောင်းသော အသွင်ဖြင့် လှမ်းငေးကြည့်နေသည်။

ထို့နောက် သက်ပြင်းလေးတစ်ချက်ချပြီး အသာလှည့်ကာ ပြန်ထွက်သွားသည်။

စွန်ရဲဂေဟာ၏ အမှုထမ်းလူငယ်လေးလည်း လင်စွမ်ရင်နည်းတူ လျှောက်လှမ်းထွက်သွားသည်။

ယာခင်းအိမ်လေးဝယ် ပိုင်ကြင်ယုန်နှင့် ကျွန်းယွင်တီတို့သာ ကျန်နေခဲ့သည်။

တစ်ယောက်ကို တစ်ယောက် ရုတ်တရက် စကားမပြောဖြစ်ကြ။

အတန်ကြာအောင် ကြည့်နေသည်။

"ခင်ဗျားကို ကျွန်တော် လက်ထပ်ယူပါရစေ"

အတန်ကြာအောင် စကားမဆိုဘဲ တစ်ယောက်ကိုတစ်ယောက် စူးစိုက်ကြည့်နေပြီးနောက် ကျွန်းယွင်တီက ပြောသည်။

ပိုင်ကြင်ယုန်၏ မျက်လုံးတွင် မျက်ရည်များ ရစ်ဝိုင်းလာသည်။

ထို့နောက် ကျွန်းယွင်တီ၏ ရင်ခွင်ထဲသို့ အသာတိုးဝင်လာသည်။

ကျန်းယွင်တီက ပိုင်ကြင်ယုန်၏ ကျောပြင်ကို အသာအယာ သိုင်းဖက်ထားလိုက်သည်။

"သိပ်နောက်ကျသွားပြီ၊ သိပ်ကို နောက်ကျသွားပြီ၊ ကံကြမ္မာရဲ့ လှည့်စားချက်ပဲ"

ပိုင်ကြင်ယုန်က ကျန်းယွင်တီ ရင်ထဲဝယ် ခေါင်းဝှက်ထားရင်း ပြော၏။

"နောက်မကျသေးပါဘူး၊ ဘာလဲ ... လင်စွမ်ရင်နဲ့ ကျွန်တော့်ကို မသက်ာဖြစ်နေလို့လား၊ သူနဲ့ ဘယ်လိုမှ မကျူးလွန်ခဲ့ပါဘူး၊ ကျွန်တော် စည်းစောင့်ခဲ့ပါတယ်"

"ဒါကို ကျွန်မ သိပါတယ်၊ ကျွန်မ ရှင့်ကို လက်မထပ်နိုင်တာဟာ လင်စွမ်ရင်ကြောင့် မဟုတ်ပါဘူး"

"ဒီလိုဆိုရင် ဘာမှ ပြောမနေနဲ့တော့၊ ကျွန်တော်နဲ့ လက်ထပ်ပြီး တစ်ခါတည်း အတူလိုက်ခဲ့ပေတော့"

"ရှင်နဲ့အတူတူတော့ လိုက်ခဲ့ပါ့မယ်၊ ဒါပေမယ့် ရှင့်ကိုတော့ လက်မထပ်နိုင်ဘူး"

"ဘာဖြစ်လို့လဲ"



"ကျွန်မလေ ရှင့်ရဲ့ လက်ထပ်မယားမဖြစ်ချင်ဘူး၊ တိတ်တိတ်ပုန်း မယား ဖြစ်ချင်တယ်"

"ဟာဗျာညမဟုတ်တာ"

ဟုတ်တာ မဟုတ်တာ အပထား၊ ဒါဟာ ကျွန်မရဲ့ စိတ်ဆန္ဒပဲ၊ ရှင် ကျွန်မအပေါ် တကယ် စေတနာထားတယ်ဆိုရင် ကျွန်မရဲ့ ဆန္ဒကို လိုက်လျောပါ၊ ကျွန်မကို တိတ်တိတ်ပုန်း မယားအဖြစ် ယူထားပြီး လင်စွမ်ရင်ကို လက်ထပ်မယားအဖြစ် ယူပါ၊ သူကလည်း ရှင့်အပေါ် အတော် တိမ်းညွတ်နေတာ ကျွန်မ ရိပ်မိပါတယ်"

"ဖြစ်ပါ့မလားဗျာ"

"ဖြစ်ပါတယ်၊ ကျွန်မ ပြောတဲ့ အစီအစဉ်ကို လင်စွမ်ရင် သဘောတူ လက်ခံပါလိမ့်မယ်"

"တကယ်လို့ ခင်ဗျား ကလေးမွေးလာရင်ကော"

"လင်စွမ်ရင်ကို ပေးလိုက်တာပေါ့၊ လင်စွမ်ရင်က ကျွန်မရဲ့ ကလေးကို ကောင်းကောင်း ကျွေးမွေးစောင့်ရှောက်ပေးပါလိမ့်မယ်"

"မဖြစ်နိုင်ဘူးလို့ ထင်တယ်"

"မိန်းကလေးတွေရဲ့ သဘောကို ရှင်မသိပါဘူး၊ ဒီတော့

ဖြစ် နိုင်တယ်၊ မဖြစ်နိုင်ဘူးဆိုတာကို ဦးနှောက်ခြောက်ခံပြီး တွေးမနေပါနဲ့၊ ကျွန်မ ပြောတာကို လက်ခံနိုင်မယ်၊ လက်မခံနိုင်ဘူးဆိုတာသာ ပြောပါ"

ကျန်းယွင်တီ၏ စိတ်ထဲဝယ် အတော်ပင် ထိခိုက်ကာ ဝမ်းနည်းမိသည်။

ပိုင်ကြင်ယုန်ကို ရင်ခွင်ထဲ ထွေးပိုက်ထားရသော်လည်း အလွန်ဝေးကွာ၍နေသလို ကျန်းယွင်တီ၏ စိတ်ထဲဝယ် ခံစားရသည်။

ကျန်းယွင်တီ၏ ရင်ထဲဝယ် ပိုင်ကြင်ယုန်အပေါ် ချစ်မိသည့် စိတ် အမြစ်တွယ်ခဲ့သည်မှာ အချိန်အတော်ကြာပြီဖြစ်သည်။

ယနေ့မှသာ ဤစိတ်က ပွင့်လာရသည်။

ထို့ပြင် ပိုင်ကြင်ယုန်၏ လက်တစ်ဖက်ပြတ်နေရသည့် အဖြစ်ကလည်း အချစ်စိတ်ဝယ် သနားကြင်နာစိတ်က ထပ်လောင်းဖြစ်လာစေသည်။

"ကဲ ...: ကျွန်မပြောတာကို ရှင် လက်ခံမယ်မဟုတ်လား"

ပိုင်ကြင်ဟုန်က ကျန်းယွင်တီ၏ ရင်ခွင်ထဲမှ အသာရုန်းထွက်ပြီး မေးပြန်သည်။



"ကျွန်တော်တို့ သုံးယောက်က သဘောတူ လက်ခံကြတယ်ထားဦး၊ လင်စွမ်ရင်ရဲ့အမေက သဘောတူနိုင်ပါ့မလား"

"ဒီအတွက် စိတ်ချပါ၊ လင်ပိုင်းက သူ့သမီးကို ရှင်နဲ့သဘောတူပါတယ်၊ ကျွန်မကို တိတ်တိတ်ပုန်း မယားအဖြစ်ထားတာကိုလည်း လက်ခံမှာပါ"

ကျန်းယွင်တီ ဘာမျှ မတတ်နိုင်တော့။

ခေါင်းညိတ် သဘောတူလိုက်ရလေတော့သည်။

ကျန်းယွင်တီတို့သည် ယာတဲတွင် တစ်ညတာ နေထိုင်ကြသည်။

နောက်တစ်နေ့တွင် ကျန်းယွင်တီ သုံးယောက်သည် မြောင်လိမ် စန်းတောင်သို့ ခရီးဆက်ထွက်လာခဲ့ကြသည်။

✻ ✻ ✻

မြောင်လိမ်စန်းတောင်သို့ ကျန်းယွင်တီတို့ သုံးယောက် ခရီးဆက်လာခဲ့ကြသည်။

လမ်းခရီးတွင် မည်သည့်အနှောင့်အယှက်မျှ မတွေ့ရ။

မြောင်လိမ်စန်းတောင်ခြေသို့ အေးဆေးချောမွေ့စွာ ရောက်ရှိလာခဲ့ကြသည်။

အဆိပ်နဂါး ရောဂါထချိန်မို့ မြောင်လိမ်စန်း တောင်ခြေရှိ တည်းခိုနေထိုင်စရာအားလုံးတွင် သိုင်းသမားများဖြင့် ပြည့်နေသည်။

တချို့သော သိုင်းသမားများက တောင်ခြေဝယ် ယာယီတဲများ ဆောက်လုပ်၍ပင် နေထိုင်ကြသည်။

အရက်ဆိုင်များ၊ စားသောက်ဆိုင်များ၊ ပျော်ပါးစရာနေရာများလည်း တောင်ခြေဝယ် အများအပြား ရှိနေသည်။

ပွဲခင်းတစ်ခုနှင့်ပင် တူနေတော့သည်။

ကျုန်းယွင်တီတို့က စွန်ရဲဂိုဏ်းခေါင်းဆောင် ကူဟွနှင့် စွန်ရဲ သုံးယောက်တို့ တည်းခိုနေထိုင်သည့် နေရာကို အလျင်ဦးစွာ လိုက်လံစုံစမ်းရှာဖွေသည်။

သူတို့အတွက် ကုသိုလ်ကံကောင်းသည်ဟု ဆိုရမည်။

စားသောက်ဆိုင်တစ်ဆိုင်ဝယ် ထမင်းစားနေကြသော ကူဟွတို့ လူစုနှင့် ပက်ပင်းဆုံမိကြသည်။

ကူဟွတို့မှာ ရုပ်ဖျက်ထားကြသည်။



ကျုန်းယွင်တီတို့ကို သူတို့ကတွေ့မြင်ကာ မသိမသာ လာရောက်ပြောဆို ဆက်သွယ်ကြခြင်းဖြစ်သည်။

ကူဟွတို့က ကျုန်းယွင်တီတို့ကို သူတို့တည်းခိုနေထိုင်ရာ နေရာ သို့ ခေါ်သွားသည်။

ကူဟွတို့လူစု တည်းခိုနေထိုင်သည့် နေရာမှာ ဇရပ်ပျက် တစ်ဆောင်ဖြစ်သည်။

ဇရပ်မှာ ပျက်စီးနေပြီဖြစ်သော်လည်း တခြားသူများနှင့် ရောရောနှောနှောမရှိဘဲ သူတို့လူစုတစ်စုတည်းသာ သီးသီးသန့်သန့် နေထိုင်နိုင်သည့်အတွက် နေရာကောင်းတစ်ခုဟု ဆိုနိုင်သည်။

ကျုန်းယွင်တီသည် ထိုဇရပ်ပျက်တွင်ပင် ကူဟွတို့လူစုနှင့်အတူ တည်းခိုနေထိုင်သည်။

ကူဟွသည် ကျားမင်းဂိုဏ်းအကြောင်း စုံစမ်းရင်း ဤနေရာဝယ် စခန်းချနေခြင်း ဖြစ်ကြောင်းလည်း သိရသည်။

✱ ✱ ✱

နောက်တစ်နေ့နံနက်တွင် ကျုန်းယွင်တီသည် အဖွဲ့တစ်

ထောင် ဝက်ံပါသို့သွားရန် မြောင်လိမ်စန်းတောင်ဆေါ်သို့ တက်လာခဲ့သည်။

ပိုင်ကြင်ယုန်နှင့် လင်စွမ်ရင်တို့နှစ်ယောက်လည်း ကျန်းယွင်တီနှင့်အတူ လိုက်လာခဲ့သည်။

အကွေ့တစ်ထောင်ဝက်ံပါ ရှာရသည်မှာ သိပ်မလွယ်။

တစ်နေကုန် လိုက်လံရှာဖွေရပြီး ညနေစောင်းမှပင် မြောင်လိမ်စန်းတောင်၏ အရှေ့ဘက်တောင်ကြော တစ်ခုရှိ အကွေ့တစ်ထောင် ဝက်ံပါကို ရှာတွေ့သည်။

အကွေ့တစ်ထောင် ဝက်ံပါ တည်ရှိရာ နေရာမှာ လိုဏ်ဂူတစ်ခုထဲတွင် ဖြစ်သည်။

လိုဏ်ဂူဝမှာ လူတစ်ယောက်သာ ဝင်ရုံသာ ကျယ်ပြီး ထောင်စောင်းဝယ် ရှိနေသည်။

ထို့ပြင် ဂူဝတွင် သစ်ပင်ချုံနွယ်များလည်း ပေါက်ရောက်နေသောကြောင့် ခက်ခက်ခဲခဲ ရှာဖွေရခြင်း ဖြစ်သည်။

ဂူဝကျဉ်းသော်လည်း အတွင်းဘက်တွင်မူ အတော်ပင် ကျယ်ဝန်းသည်။



ထိုလိုဏ်ဂူထဲဝယ် ကျောက်စွန်း၊ ကျောက်တန်းများက ဟိုနားတစ်စု၊ ဒီနားတစ်စု ရှိနေသည်။

ကျောက်ဖျာများလည်း ဟိုတစ်ခု ဒီတစ်ခု ရှိနေသည်ကို တွေ့ရသည်။

ကေယာက်တုံးပုံများလည်း ရှိသည်။

ညနေ နေဝင်မိုးချုပ်တော့မည်မို့ ကျန်းယွင်တီတို့သည် အကွေ့တစ်ထောင် ဝက်ံပါထဲသို့ မဝင်တော့ဘဲ တည်းခိုနေထိုင်ရာ ဇရပ်ပျက်သို့ ပြန်လာခဲ့သည်။

နောက်တစ်နေ့ နံနက်တွင်မှ သုံးယောက်သား ခပ်စောစောထကာ အကွေ့တစ်ထောင်ဝက်ံပါရှိရာသို့ ထွက်လာခဲ့သည်။

အကွေ့တစ်တောင် ဝက်ံပါတည်ရှိရာ တောင်ကျောနားသို့ ရောက်သောအခါတွင်မူ မမျှော်လင့်သော ရန်သူနှင့် ရင်ဆိုင်တိုးရသည်။

ရန်သူအားလုံး သုံးယောက်။

နတ်ဆိုးလေး လွေ့ရာထန်း၊ ကျားဘီလူး(၁)နှင့် မြွေစိမ်းကျာပွတ် ဟူတင်တို့ပင်တည်း။

"မင်းတို့က ဒီနေရာအထိအောင် လိုက်လာပြီး ကိုယ့်သေတွင်း ကိုယ်ရှာတာကိုး"

နတ်ဆိုးလေးက ကျန်းယွင်တီတို့ကို စူးစိုက်ကြည့်ပြီး ပြောသည်။

ဤသို့ပြောပြီးနောက် လှေ့ရာထန်းက ရွှေသံချွန်၊ ငွေသံချွန် လက်နက်တစ်စုံကို ဆွဲထုတ်လိုက်သည်။

ဟူတင်က မြွေစိမ်းကျာပွတ်ကို အသင့်ပြင်သည်။

ကျားဘီလူး(၁)က ဓားရှည်ကို ကိုင်စွဲလိုက်သည်။

ကျန်းယွင်တီနှင့် လင်စွမ်ရင်တို့ နှစ်ယောက်ကလည်း ဓားတိုလေး နှစ်ချောင်းစီ ထုတ်ယူကာ ဘယ်ညာ လက်နှစ်ဖက်တွင် ကိုင်စွဲလိုက်သည်။

ပိုင်ကြင်ယုန်ကတော့ ဘယ်လက်ဖြင့် ဓားရှည်ကို ကိုင်ကာ အသင့်ပြင်လိုက်သည်။

"ကျွန်တော်လည်း ခင်ဗျားတို့ကို တွေ့ကျင်နေတာ အတော်ပဲ" ကျန်းယွင်တီက ပြောသည်။

ထို့နောက်တွင်တော့ တိုက်ပွဲလေးတစ်ခု အကြိတ်အနယ် တိုက်ခိုက်လေတော့သည်။



ကျန်းယွင်တီက နတ်ဆိုးလေး လှေ့ရာထန်းနှင့် ရင်ဆိုင်သည်။

ကျားဘီလူး(၁)က လင်စွမ်ရင်ကို ဝင်တိုက်သည်။

မြွေစိမ်းကျာပွတ် ဟူတင်နှင့် ပိုင်ကြင်ယုန်တို့ ယှဉ်သည်။

ကျန်းယွင်တီနှင့် နတ်ဆိုးလေးတို့၏ တိုက်ခိုက်မှုမှာ အပြန် အလှန် အကြိတ်အနယ် ရှိနေသည်။

လင်စွမ်ရင်က ကျားဘီလူး(၁)ကို အသာစီးမှ တိုက်နေသည်။

ပိုင်ကြင်ယုန်မှာမူ ဟူတင်၏ ဖိနှိပ်တိုက်ခိုက်မှုကို အလူးအလဲ ပင် ခံနေရသည်။

ကျန်းယွင်တီက ပထမဦးဆုံး အဋ္ဌဝါသိုင်း၏ လှုပ်ရှားမှုတွင် ဓားကွက်များ ရောထည့်ထားသည့် ဓားသိုင်းကွက်ဆန်းဖြင့် တိုက်ခိုက်သည်။

နတ်ဆိုးလေး၏ နတ်ဆိုးကြိမ်ရိုက်သိုင်းက ကျန်းယွင်တီ၏ ဓားသိုင်းကွက်ဆန်းကိုခုခံချေဖျက်ပစ်နိုင်ပြီး တန်ပြန်တိုက်စစ်ဆင် လာသည်။

ဤတွင် ကျန်းယွင်တီကလည်း နတ်ဆိုးကြီး ဟိုကိုးဝမ် သင်ကြားလေ့ကျင့်ပေးထား၍ တတ်မြောက်နေသည့် နတ်ဆိုးကြိမ်ရိုက် သိုင်းဖြင့်ပင် တန်ပြန်သည်။

ကျန်းယွင်တီက နတ်ဆိုးကြိမ်ရိုက်သိုင်းဖြင့် တန်ပြန်တိုက်ခိုက်လာသည်ကို မြင်ရသောအခါ လွေ့ရာထန်းမှာ အံ့သြသွားသည်။

"မင်းကို တစ်နှစ်မတွေ့ဘဲနေလိုက်တာ တယ် အစွမ်းတက်လာပါလား၊ နတ်ဆိုးကြိမ်ရိုက်သိုင်းကို မင်း ဘယ်လိုတက်လာတာလဲ"

နတ်ဆိုးလေးက တအံ့တသြမေးသည်။

"သင်ပေးတဲ့လူ ရှိလို့ တတ်လာတာပေါ့"

ကျန်းယွင်တီက ခပ်တည်တည် ပြန်အဖြေပေးကာ နတ်ဆိုးလေး စကားပြောနေ၍ ဟာကွက်ဖြစ်ပေါ်လာမှုကို အခွင့်အကောင်းယူကာ ခပ်သွက်သွက် တိုက်စစ်ဆင်လိုက်သည်။

နတ်ဆိုးလေးမှာ နတ်ဆိုးကြိမ်ရိုက်သိုင်းကိုသုံးကာ သိုင်းလောကတွင် ကျင်လည်ခဲ့သည်မှာ နှစ်ပေါင်းကြာနေပြီဖြစ်သည်။

သို့ရာတွင် သိုင်းကွက် သိုင်းဟန် အခြေခံချင်း တူသော်လည်း နတ်ဆိုးလေး သုံးသော နတ်ဆိုးကြိမ်ရိုက်သိုင်းက တိုက်ခိုက်မှု ပရိယာယ် ပိုများသည်။

အစပိုင်းတွင် နတ်ဆိုးလေးသည် အံ့သြမှုကြောင့် အာရုံတွေပြားနေ၍ ကျန်းယွင်တီ၏ ပြန်လှန်တိုက်ခိုက်မှုကို ခံရသည်။



သို့သော် နတ်ဆိုးလေး၏ စိတ်အာရုံ တည်ငြိမ်လာပြီး ဖိဖိစီးစီး တိုက်ခိုက်လာနိုင်သောအခါတွင်မူ ကျန်းယွင်တီမှာ တိုက်စစ်နည်းပြီး ခံစစ်သာ များများလုပ်နေရသည်။

နတ်ဆိုးကြိမ်ရိုက်သိုင်းဖြင့် လွေ့ရာထန်းအား အနိုင်ယူ၍ မရနိုင်မှန်း ကျန်းယွင်တီ နားလည်လိုက်သည်။

ထို့ကြောင့် ကျန်းယွင်တီက မိုးကြိုးသွား သိုင်းကို ထုတ်သုံးလေတော့သည်။

အဆင့်မြင့် ထိပ်တန်း သိုင်းပညာရပ်ဖြစ်သော မိုးကြိုးသွားသိုင်းကို ထုတ်သုံးလိုက်သည်နှင့် နတ်ဆိုးလေး၏ ဖိနှိပ်တိုက်ခိုက်နေသော တိုက်စစ် ချက်ချင်းပျက်သွားပြီး ညာလက်မောင်းတွင် ဓားချက်တစ်ချက် ရှပ်အထိခံလိုက်ရသည်။

အရှောင်မြန်သောကြောင့်သာ ရှပ်ထိခြင်းဖြစ်သည်။

အရှောင်သာမမြန်ဘဲ တုံ့နှေးနေလျှင် ပြင်းထန်သော ဒဏ်ရာရနိုင်ပေမည်။

နတ်ဆိုးလေး အတော် ထိတ်လန့်သွားသည်။

ကျန်းယွင်တီအနေဖြင့် မိုးကြိုးသွားသိုင်းကို တတ်မြောက်ထားမည်ဟု နတ်ဆိုးလေးက လုံးဝမထင်ထားခဲ့ပေ။

ယခု မိုးကြိုးသွားသိုင်းကို ပိရိ သေသပ်စွာ အဆင့်မြင့် သုံးလာနိုင်သည့်အတွက် နတ်ဆိုးလေး အတော်အံ့ဩမိသည်။

ထိတ်လန့်မိသည်။

နတ်ဆိုးလေးကလည်း ချက်ချင်းပင် နတ်ဆိုးကြိမ်ဂိုက်သိုင်းကို ရုပ်သိမ်းပြီး မိုးကြိုးသွားသိုင်းကို ထုတ်သုံးကာ တုံ့ပြန်လေတော့သည်။

တကယ့် အကြိတ်အနယ် ရင်ဆိုင်တိုက်ခိုက်မှုက ယခုမှပင် စတင်လေတော့သည်။

နတ်ဆိုးလေးသည် မိုးကြိုးသိုင်းကွက် ငါးကွက်ရှိသည့်အနက် ပထမနှင့် ဒုတိယ သိုင်းကွက်များကိုသာ ပိုင်နိုင်စွာ တတ်ကျွမ်းပြီး တတိယ သိုင်းကွက်ကို အခြေခံသဘောလောက် နားလည်ထားသူ ဖြစ်သည်။

စတုတ္ထနှင့် ပဥ္စမသိုင်းကွက်များကိုတော့ တတ်လည်းမတတ်၊ နားလည်းမလည်။

ကျန်းယွင်တီကမူ မိုးကြိုးသွားသိုင်းကွက် (၅)ကွက်လုံးကို အခြေခံသဘော နားလည်ထားသည်။



ပထမ၊ ဒုတိယ၊ တတိယ သိုင်းကွက်များကို ပိုင်နိုင်တတ်ကျွမ်းပြီး စတုတ္ထနှင့် ပဥ္စမသိုင်းကွက်များကိုမူ အနည်းငယ် တတ်မြောက်သည်။

သိုင်းကွက်အရ ကျန်းယွင်တီက နတ်ဆိုးလေးထက်သာသည်။

ထို့ကြောင့် မိုးကြိုးသွားသိုင်းကိုသုံးကာ အကြိတ်အနယ် ရင်ဆိုင်တိုက်ခိုက်ရာတွင် ကျန်းယွင်တီက အသာစီးရနေသည်။

နတ်ဆိုးလေး၏ လက်မောင်းနှင့် ပခုံးတို့တွင် ဓားချက်များ ထိမိသည်။

သို့သော် နတ်ဆိုးလေး၏ အတွင်းအားမှာ ကျန်းယွင်တီထက် များစွာ သာလွန်နက်ရှိုင်းသည်။

တိုက်ပွဲ အတွေ့အကြုံတွင်လည်း နတ်ဆိုးလေးက ကျန်းယွင်တီထက် များစွာ သာလွန်သည်။

ထို့ကြောင့် ကျန်းယွင်တီမှာ အခွင့်အခါ အခြေအနေကို လိုက်၍ သိုင်းကွက်ကို ပြောင်းလဲကာ မသုံးတတ်။ တစ်ကွက်ပြီးတစ်ကွက် တစ်ဆင့်ပြီးတစ်ဆင့် သမားရိုးကျနည်းအတိုင်းသာ တိုက်ခိုက်တတ်သေးသည်။

နတ်ဆိုးလေးကတော့ ပေါ်ပေါက်လာသော အခွင့်အလမ်းပေါ်မူတည်ကာ သင့်လျော်သည့် သိုင်းကွက်နှင့် တိုက်ခိုက်မှုကို ချက်ချင်းပြောင်းလဲ အသုံးချတတ်သည်။

မိုးကြိုးသွားသိုင်းလို အလှည့်အပြောင်း များပြားသော အဆင့်မြင့် သိုင်းပညာရပ်မျိုးမှာ ယခုလို တိုက်နည်းပရိယာယ်ကောင်းပြီး သင့်လျော်သည့် သိုင်းကွက် အလှည့်အပြောင်းကို ချက်ချင်း ဆုံးဖြတ်ရွေးချယ်ကာ အသုံးချနိုင်မှုမှာ အလွန်အရေးကြီးသည်။

ထို့ကြောင့်လည်း ကျန်းယွင်တီ၏ တိုက်ခိုက်မှုများမှာ နတ်ဆိုးလေးကို ထိရှမိသော်လည်း ချက်ကောင်းကို ထိမိခိုက်မိခြင်း မရှိသေး။

ထိရှမှုမျိုးသာ ရှိနေသည်။

ကျန်းယွင်တီ၏ မိုးကြိုးသွားသိုင်းမှာ မိမိထက် ပိုမို အဆင့်မြင့်နေကြောင်း နတ်ဆိုးလေး ရိပ်မိသည်။

ထို့ကြောင့် အချိန်ဆွဲ တိုက်ခိုက်မှုကို နတ်ဆိုးလေးက လုပ်မနေတော့။

လျှင်မြန်သွက်လက်စွာ လှုပ်ရှားတိုက်ခိုက်သည့် ပရိယာယ်ကို သုံးသည်။



မိမိ တတ်မြောက်ထားသည့် မိုးကြိုးသွားသိုင်း၏ ပထမနှင့် ဒုတိယ သိုင်းကွက်များကို အမျိုးမျိုး အဖုံဖုံ လှုပ်ရှားကာ တိုက်စစ်ဆင်သည်။

နတ်ဆိုးလေး၏ ဘယ်ညာ နံစောင်းများတွင် ဓားတစ်ချက်စီ အထိခံလိုက်ရပြန်သေးသည်။

သို့သော် အတွင်းအားကို ထိခိုက်စေလောက်သော ဒဏ်ရာဒဏ်ချက်များ မဟုတ်သည့်အတွက် နတ်ဆိုးလေးက သိပ်အလေးမထား။

အကွက်ကောင်းကိုချောင်းရင်း တရကြမ်း လှုပ်ရှားကာ တိုက်ခိုက်နေသည်။

"အား ... အမလေး"

ထိုအခိုက် ပိုင်ကြင်ယုန်မှာ ဟူတင်၏ ပြင်းထန်သော ကျားပွတ်ရိုက်ချက် အထိခံလိုက်ရသောကြောင့် နာကျင်စွာ အော်လိုက်မိသည်။

ပိုင်ကြင်ယုန်ဆီသို့ ကျန်းယွင်တီ၏ စိတ်အာရုံ ရောက်သွားသည်။

စိတ်အာရုံ တည်ငြိမ်မှု တစ်ချက်ပျက်သည်နှင့် ဟာကွက်တစ်ခု ပေါ်လာသည်။

နတ်ဆိုးလေးက ဒီအကွက်မျိုး စောင့်နေသူ။

ကျန်းယွင်တီတွင် ဟာကွက်တစ်ခုပေါ်သည်နှင့် ညာလက်တွင် ကိုင်ထားသော ရွှေသံချွန်ဖြင့် ကျန်းယွင်တီ၏ ဘယ်ဘက်ရင်ဘတ်ရှိ နှလုံးသားတည့်တည့်ကို တအားထိုးစိုက်ချလိုက်သည်။

ကျန်းယွင်တီက ကမန်းကတန်းပင် ကိုယ်ကို အသာရှို့ပြီး ရှောင်လိုက်သည်။

သံချွန်၏ ထိုးချက် သိသိလေး လွဲသွားသည်။

သံချွန်အသွားက ဦးတည်ရာကို လွဲသွားသည်နှင့် တိုက်ပွဲ အတွေ့အကြုံ ပြည့်ဝရင့်ကျက်လှသော နတ်ဆိုးလေးက သံချွန်ကို ကိုင်ထားသည့် ညာလက်ကောက်ဝတ်ကို လှုပ်ရှားကာ သံချွန်နောက် ပိုင်းကို အောက်သို့ အသာနှိမ့်ချလိုက်သည်။

အတွင်းအားကိုလည်း အပြည့်ထည့်သုံးပေးလိုက်သည်။

အောက်သို့ နှိမ့်ချပေးလိုက်သော သံချွန်လက်ကိုင်က ကျန်းယွင် တီ၏ ရင်ဘတ်ပေါ်ရှိ သွေးနီကြောကွက် အမှတ်(၁)နှင့် (၃)ကို ထိမိသွားသည်။

ကျန်းယွင်တီ တစ်ကိုယ်လုံး တုန်သွားသည်။



အတွင်းဒဏ်ဖြစ်စေသော ထိချက်မို့ ရင်ဝတွင် တစ်ဆို့လာ သည်။

အသက်ပင် ကောင်းကောင်းရှူမရတော့။

ဘယ်လိုမှ တောင့်ခံမထားနိုင်ဘဲ ဒူးညွှတ်ကာ လဲကျသွား သည်။

"အား ..."

ကျားဘီလူး(၁)၏ စူးစူးဝါးဝါး အော်လိုက်သံ ပေါ်လာသည်။

လင်စွမ်ရင်၏ လက်ချက်မိကာ ကျားဘီလူး(၁) မိုက်ဇာတ် သိမ်းသွားခဲ့လေပြီ။

ကျားဘီလူး(၁)ကို တိုက်ခိုက်ချေမှုန်းပြီးသည်နှင့် လင်စွမ်ရင် သည် ဒူးညွှတ်ကာ လဲကျသွားသော ကျန်းယွင်တီကို ဖေးမရန် ပြေးလာသည်။

လင်စွမ်ရင်မှာ ကျန်းယွင်တီအပေါ် စိတ်ညွတ်ကာ မေတ္တာ ရှိနေသူဖြစ်သည်။

ကျန်းယွင်တီ ဒဏ်ရာရကာ လဲကျသွားသည်ကို မြင်သောအခါ အလွန်စိုးရိမ်ပူပန်မိသည်။

တခြား ဘာကိုမျှ အာရုံမထားနိုင်တော့။

ဒူးညွှတ်ကာ လဲကျသွားသည့် ကျန်းယွင်တီထံသို့သာ စိတ်ရောက်နေသည်။

ထို့ကြောင့် ...

နတ်ဆိုးလေး လွေ့ရာထန်း၏ ဆီးကြို အကြော ပိတ်မှုကို မည်သို့မျှ ခုခံရှောင်တိမ်းခြင်း မရှိ။

အကြောပိတ်ခံရကာ ကျန်းယွင်တီ၏ ဘေးနားတွင် ခွေလျက်သား လဲကျသွားသည်။

ကျန်းယွင်တီနှင့် လင်စွမ်ရင်တို့ လဲကျကုန်ပြီးနောက် တစ်ယောက်တည်း ကျန်နေလေသော ပိုင်ကြင်ယုန်မှာ နတ်ဆိုးလေးတို့ကို မည်သို့မျှ မယှဉ်နိုင်တော့။

အကြောပိတ်ဖမ်းဆီးခြင်းကို ခံလိုက်ရပြန်သည်။

တိုက်ပွဲ ပြီးသွားပြီ။

✱ ✱ ✱

တိုက်ပွဲ ပြီးသွားသည်။



ကျားဘီလူး(၁) မိုက်ဇာတ်သိမ်းသွားခဲ့သော်လည်း နတ်ဆိုးလေးတို့ဘက်က အနိုင်ရလိုက်သည်ဟု ဆိုရပေမည်။

ကျန်းယွင်တီမှာ အတွင်းဒဏ်ရာရထားပြီး မည်သို့မျှ တိုက်ခိုက်နိုင်စွမ်း မရှိတော့။

လင်စွမ်ရင်နှင့် ပိုင်ကြင်ယုန်တို့ နှစ်ယောက်မှာလည်း အကြောပိတ်ဖမ်းဆီးခြင်း ခံလိုက်ကြရသည်။

"မင်းက ကျုပ်ကိုတောင် ဒဏ်ရာရအောင် လုပ်နိုင်တယ်ဆိုတော့ အစွမ်းအစ မသေးဘူး၊ အေး ... ဒီကောင်မလေး နှစ်ယောက်ကို ကျုပ် ခေါ်သွားမယ်၊ အရှေ့ပင်လယ်ကမ်းခြေက ကျိန့်စီးမြို့နားမှာရှိတဲ့ ပင်လယ်ကျားရဲတိုက်ကို တစ်လအတွင်း မင်းလိုက်လာပြီး ကျုပ်နဲ့ ရင်ဆိုင်ပါ။

ကျုပ်ကို အနိုင်တိုက်နိုင်ရင် ဒီ မိန်းကလေးနှစ်ယောက်ကို မှဲ့တစ်ပေါက် မစွန်းစေရဘဲ ပြန်လွှတ်ပေးလိုက်မယ်၊ တစ်လပြည့်လို့မှ ရောက်မလာဘူး၊ ဒါမှမဟုတ် ကျုပ်ကို အနိုင်မတိုက်နိုင်ဘူးဆိုရင်တော့ ဒီမိန်းကလေးနှစ်ယောက်ကို ခြေတော်တင်ရမယ်။

ပြီးတော့ ကျုပ်တို့ မိုးမြေဂိုဏ်းက သိုင်းသမားတွေအတွက်

ပျော်တော်ဆက်ရမယ့် ပျော်တော်ဆက်မယ်တွေ အလုပ်ခိုင်းမယ်၊ ကျုပ်ပြောတာကို ကောင်းကောင်းမှတ်ထား"

နတ်ဆိုးလေး လွှေ့ရာထန်းက ပိုင်နိုင်အားရသော အမူအရာဖြင့် ပြောသည်။

နတ်ဆိုးလေး လွှေ့ရာထန်း၏ စိန်ခေါ်မှုမှာ တစ်ဖက်သက် အနိုင်ကျင့်သော မတရားစိန်ခေါ်မှုသာ ဖြစ်သည်။

ကျန်းယွင်တီ ရှိထားသော အတွင်းဒဏ်ရာမှာ ပေါ့သေးသေး မဟုတ်။

ဤဒဏ်ရာပျက်အောင်ပင် အတော်အချိန်ယူကာ ကုသရဦးမည်။

တစ်လအတွင်း ပင်လယ်ကျွားဂေဟာသို့ အရောက်သွားကာ နတ်ဆိုးလေးကို မည်သို့ရင်ဆိုင်နိုင်မည်နည်း။

"မင်းက ဒီအကွေ့တစ်ထောင် ဝက်ပါထဲကိုဝင်ပြီး အဘိုးကြီး အင်ဘန်လိန်ကို ရှာချင်တယ်ဆိုရင်လည်း ရှာကြည့်ဦး၊ ဒါပေမယ့် တစ်ခုတော့ ပြောထားခဲ့မယ်၊ အင်ဘန်လိန် ဒီအထဲမှာ မရှိတော့ဘူး"

နတ်ဆိုးလေးက ဆက်ပြောသည်။



"ဘဘအင်ဘန်လိန်ကို ခင်ဗျားတို့က ဘယ်နေရာကို ပြောင်းပို့ထားပြန်ပြီလဲ"

ကျန်းယွင်တီက ပြန်မေးသည်။

"ဘယ်ကိုမှ ပို့မထားဘူး၊ အကွေ့တစ်ထောင် ဝက်ပါရဲ့ အလယ်ဗဟိုမှာ ထားတာပဲ၊ သူ့ဆီကို တစ်လတစ်ခါ ရိက္ခာ မှန်မှန် ပို့ပေးတယ်၊ ပြီးခဲ့တဲ့လက ရိက္ခာသွားပို့တော့ အဘိုးကြီးကို အကွေ့တစ်ထောင် ဝက်ပါရဲ့ အလယ်ဗဟိုမှာ မတွေ့ရတော့ဘူး"

"သူဘယ်ပျောက်သွားတာလဲ၊ အပြင်ကို လွတ်မြောက်သွားတာလား"

"အပြင်ကို လွတ်မြောက်သွားတာတော့ မဖြစ်နိုင်ဘူး၊ သူ့ဘာသာ သူ အကွေ့တစ်ထောင်ဝက်ပါထဲမှာ လျှောက်သွားရင်း လမ်းစပျောက်သွားတာ ဖြစ်လိမ့်မယ်၊ အဲဒါ မင်းက ကြိုးစားပြီး သွားရှာချင်ရင်လည်း ရှာပေတော့ ..."

နတ်ဆိုးလေး လွှေ့ရာထန်းက ဤသို့ပြောပြီး အကြောပိတ်ခံထားရသည့် လင်စွမ်ရင်နှင့် ပိုင်ကြင်ယုန်တို့ကို ဆွဲခေါ်ကာ ထိုနေရာမှ ထွက်သွားသည်။

ကျွန်းယွင်တီမှာ အံကြိတ်ကာ ကျန်နေခဲ့ရုံမျှအပ ဘာမျှမတတ်နိုင်တော့။

✱ ✱ ✱

ကျွန်းယွင်တီ အံကြိတ်ကာ ကျန်နေခဲ့ရသည်။

သူ့အမြတ်နိုး အတွယ်တာဆုံးသော မိန်းကလေးနှစ်ယောက်လူမိုက် လူယုတ်မာများလက်သို့ ပါသွားသည့်အတွက် အလွန်ပင်စိတ်ထိခိုက်နေသည်။

မိမိ အသက်သေကာမှ သေရော။

တစ်လအတွင်း ပင်လယ် ကျွားဂေဟာသို့ လိုက်သွားကာပိုင်ကြင်ယုန်နှင့် ဝင်စွမ်ရင်တို့ကို ကယ်တင်ပေးမည်ဟု စိတ်ပိုင်းဖြတ်လိုက်သည်။

ပထမဦးဆုံးတော့ အကျွေ့တစ်ထောင်ဝက်ပါသို့ ဝင်ပြီး အင်ဘာန်လိန်ကို ရှာဖွေရမည်။

အင်ဘာန်လိန်ကို တွေ့ရှိလျှင် ပိုင်ကြင်ယုန်တို့အား ကယ်တင်



ရေးတွင် အကူအညီရနိုင်သည်။

ကျွန်းယွင်တီသည် လဲကျနေရာမှ ထ၊ကာ အကျွေ့တစ်ထောင်ဝက်ပါရှိရာ ကျောက်ဂူကြီးထဲသို့ လျှောက်ဝင်လိုက်သည်။

ဂူပေါက်ထဲ ဝင်ခဲ့ပြီးနောက် အိတ်ထဲရှိ လမ်းကြောင်းပုံစံမြေပုံကို ထုတ်သည်။

မြေပုံကိုကြည့်ကာ အကျွေ့တစ်ထောင် ဝက်ပါထဲသို့ ဝင်ရောက်လာခဲ့သည်။

ရုတ်တရက်ကြည့်လျှင် ကျောက်စွန်း ကျောက်ဆွယ်များ၊ ကျောက်ဖျာများ၊ ကျောက်တုံးပုံများ ဟိုနားတစ်ခု၊ ဒီနားတစ်ခု ရှိနေသည်ဟု ထင်ရသော်လည်း အကျွေ့တစ်ထောင် ဝက်ပါမှာ တကယ်ပင် ရှုပ်ထွေးလှသည်။

လမ်းကြောင်းပုံစံ မြေပုံသာ မပါလျှင် ဝက်ပါထဲဝယ် မျက်စိလည်နေလောက်သည်။

လမ်းကြောင်းမြေပုံကိုကြည့်၍လာခဲ့ရာ နောက်ဆုံးတွင် အကျွေ့တစ်ထောင် ဝက်ပါအလယ်ဗဟိုသို့ ရောက်လာသည်။

လမ်းကြောင်းပုံစံ မြေပုံမှာ ထိုနေရာတွင် ဆုံးသည်။

ရှေ့ဆက်သွား၍ မရတော့ပေ။

ထိုနေရာမှာ အနည်းငယ် ကျယ်ကျယ်ဝန်းဝန်း ရှိသည်။

ရေတွင်းငယ်တစ်ခုလည်း ရှိသည်။

လူတစ်ယောက် ကောင်းကောင်း နေနိုင်သည့်နေရာ ဖြစ်သည်။

ထိုနေရာဝယ် အင်ဘန်လီန် မရှိ။

ကျန်းယွင်တီ အတော်ပင် စိတ်ပျက်အားငယ်သွားသည်။

ရေတွင်းငယ်၏ ဘေးနားဝယ် စိတ်ပျက်လက်ပျက်ပင် ထိုင်နေလိုက်သည်။

အင်ဘန်လီန်ကို ရှာမတွေ့လျှင် ပိုင်ကြင်ယုန်တို့အား ကယ်တင်နိုင်မည့်လမ်း ဝေးရပြီ မဟုတ်ပါလား။

"ကောင်လေး... စိတ်ပျက်ပြီး ထိုင်နေတာနဲ့ ပြီးမှာလား"

ရုတ်တရက် စကားသံတစ်ခု ပေါ်လာသည်။

အင်ဘန်လီန်၏ အသံဖြစ်ကြောင်း ကျန်းယွင်တီ ကောင်းစွာ မှတ်မိလိုက်သည်။

ကျန်းယွင်တီ အတော်အားတက်သွားသည်။

"ဘာဘ ဘယ်မှာရှိနေတယ်ဆိုတာ လမ်းညွှန်ပေးပါ၊ ကျွန်တော်



က ဒီနေရာကကျော်ပြီး မသွားတတ်ဘူး"

ကျန်းယွင်တီက ထိုင်နေရာမှ ခုန်ထပြီး ပြောသည်။

"ငါ့ကို အရှုံးပေးပါတယ်လို့ပြောရင် ငါ လမ်းကြောင်း ပြပေးမယ်"

"ဟုတ်ကဲ့... ကျွန်တော် အရှုံးပေးပါတယ်"

အဘိုးကြီး အင်ဘန်လီန်၏ အကြောင်း သိထားသော ကျန်းယွင် တီက ချက်ချင်းပင် အရှုံးပေးကြောင်း ပြန်ပြောလိုက်သည်။

"ကောင်းပြီ... ငါပြောတာကို သေသေချာချာ နားထောင်၊ ဘယ်ဘက်က လမ်းကြောင်းအတိုင်း ခြေလှမ်းဆယ်လှမ်း လျှောက်၊ ဟုတ်ပြီ... ညာဘက်ကို ခုနစ်လှမ်း... နောက် နှစ်လှမ်းဆုတ်ပြီး"

အင်ဘန်လီန်၏ လမ်းအော်ညွှန်ပြချက်အတိုင်း ကျန်းယွင်တီ လျှောက်လာခဲ့ရာ နောက်ဆုံးတွင် အကွေ့တစ်ထောင် ဝင်္ကပါကို ကျော်ဖြတ်နိုင်ခဲ့သည်။

ဝင်္ကပါကို ကျော်ဖြတ်ပြီးသောအခါ လိုဏ်ဂူဝတစ်ခုသို့ ရောက်လာခဲ့ပြန်သည်။

"ဂူပေါက်ထဲကို ဝင်လာခဲ့လေ၊ ဘာကြောင့်ပြီး ရပ်နေတာလဲ"

အင်ဘန်လိန်၏ လှမ်းအော်ပြောသံ ပေါ်လာပြန်သည်။

ကျန်းယွင်တီသည် လိုဏ်ဂူပေါက်မှ နေ၍ အတွင်းဘက်သို့ ဝင်လိုက်သည်။

အတော်ကျယ်ဝန်းသော အခန်းတစ်ခုထဲသို့ ကျန်းယွင်တီ ရောက်လာသည်။

အခန်းမှာ အမျိုးသမီး တစ်ယောက်၏ အခန်းဖြစ်ဟန်တူ သည်။

မှန်တင်ခုံ၊ ဘီး၊ ကျောက်ပျဉ် စသည့် အမျိုးသမီး အသုံး အဆောင်များ ရှိသည်။

ကျောက်ဖြူသားဖြင့် ပြုလုပ်ထားသော ခုတင်၊ ထိုင်ခုံနှင့် စားပွဲများ ရှိသည်။

ကျောက်ဖြူထိုင်ခုံတစ်ခုပေါ်တွင် အဘိုးကြီး အင်ဘန်လိန်က အမြိုင့်သား ထိုင်နေသည်။

"မင်းက ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာတာလဲ၊ အဆိပ်နဂါး ကို လာရှာတာလား"



အင်ဘန်လိန်က လှမ်းမေးသည်။

"မဟုတ်ပါဘူး၊ ဘဘကိုကယ်ဖို့ လာရှာတာပါ"

ကျန်းယွင်တီက ပြန်ဖြေသည်။

အကြွေ့တစ်ထောင် ဝက်ပါကို ဖြတ်ကျော်လာရသည့်အတွက် မောပန်းလွန်းသောကြောင့် ကျောက်ဖြူထိုင်ခုံ တစ်ခုပေါ်ဝယ် ခြေပစ် လက်ပစ် ထိုင်ချလိုက်သည်။

"ငါ ဒီမှာရှိနေတယ်ဆိုတာ မင်း ဘယ်လိုလုပ် သိတာလဲ၊ အကြွေ့တစ်ထောင်ဝက်ပါရဲ့ အလယ်ဗဟိုကို ရောက်အောင် မင်း ဘယ်လိုလုပ်ပြီး လာနိုင်တာလဲ"

ဤတွင် ကျန်းယွင်တီက ဖြစ်ပျက်ခဲ့ပုံအကြောင်းစုံကို အကျဉ်း ချုပ် ပြန်ပြောပြလိုက်သည်။

မိမိ အတွင်းဒဏ်ရာရပြီး ပိုင်ကြင်ယုန်နှင့် လင်စွမ်ရင်တို့ကို နတ်ဆိုးလေး ဖမ်းသွားပုံကိုပါ ထည့်သွင်းပြောပြလိုက်သည်။

"မင်း အတွင်းဒဏ် ရလာတဲ့အတွက်တော့ ပူမနေပါနဲ့၊ ဟောဒါကို သောက်လိုက် ..."

အင်ဘန်လိန်က ဤသို့ပြောပြီး ကျောက်စားပွဲပေါ်ရှိ ကျောက်

ဖြူခြောက်လေးထဲမှ ဆေးလုံးတစ်လုံး နှိုက်ယူပြီး ကျန်းယွင်တီကို လှမ်းပေးသည်။

ဆေးလုံးကို ကျန်းယွင်တီက လှမ်းယူလိုက်သည်။

ဆေးလုံးမှာ လက်သည်းခွံခန့် ကြီးသည်။

အရောင်မှာ နီရဲနေပြီး အနံ့က မွှေးကြိုင်သည်။

ကိုင်ထားရသည်မှာ ခပ်နွေးနွေး ဖြစ်သည်။

ကျန်းယွင်တီက ဆေးလုံးကို ပါးစပ်ထဲ ပစ်ထည့်လိုက်သည်။

"တင်ပျဉ်ခွေထိုင်ပြီး အတွင်းအား လေ့ကျင့်လိုက် ..."

ကျန်းယွင်တီက ဆေးသောက်ပြီးသောအခါ အင်ဘန်လိန်က ပြောသည်။

ကျန်းယွင်တီသည် အင်ဘန်လိန် ပြောသည့်အတိုင်း တင်ပျဉ်ခွေ ထိုင်ချပြီး စိတ်အာရုံကို စုစည်းကာ အတွင်းအား လည်ပတ်လေ့ကျင့်သည်။

နွေးထွေးသော အင်အားတစ်ခုက သူ့ခန္ဓာကိုယ်အတွင်းရှိ သွေးကြောများတွင် လည်ပတ်သွားသည်ကို ကျန်းယွင်တီ ခံစားသိရှိလိုက်ရသည်။



အစပိုင်းတွင် အတွင်းဒဏ်သင့်နေသော သွေးနီ သွေးကြောကွက် နေရာများတွင် သွေးလည်ပတ်မှု မကောင်းသေးဘဲ တစ်ဆို့သလို ဖြစ်နေသေးသည်။

သိပ်တော့ မကြာပါ။

တစ်ခဏအတွင်းမှာပင် သွေးနီကြော သွေးကွက်များတွင် တစ်ဆို့သလိုဖြစ်နေမှု ပပျောက်သွားသည်။

မကြာမီမှာပင် သွေးလည်ပတ်မှု လမ်းကြောင်းအားလုံး မှန်မှန်ကန်ကန် ဖြစ်လာသည်။

နွေးထွေးသော အင်အားတစ်ခုက ခန္ဓာကိုယ်အနှံ့ သွေးကြောများထဲတွင် လည်ပတ်၍နေသည်။

ကျန်းယွင်တီသည် အချိန် နှစ်နာရီနီးပါး ကြာအောင်ပင် အတွင်းအား လေ့ကျင့်မှု ပြုလိုက်သည်။

အတွင်းအား လေ့ကျင့်မှု ပြုပြီးသောအခါတွင်မူ အံ့ဩဖွယ်ကောင်းလောက်အောင်ပင် အတွင်းဒဏ်သင့်နေမှု လုံးဝ ပပျောက်သွားသည်ကို တွေ့ရသည်။

ထို့ပြင် စိတ်ကြည်လင်လန်းဆန်းကာ ပိုမို၍ပင် အားပြည့်ဝ

လာသည်။

"ဘာဘာတိုက်တဲ့ဆေးလုံးက သိပ်စွမ်းတာပဲ၊ ကျွန်တော် အတွင်းဒဏ်ဖြစ်နေတာ ပျောက်သွားတဲ့အပြင် အတွင်းအားတောင် အများကြီး တိုးပွားလာတယ်၊ အဲဒါ ဘာဆေးလုံးလဲ"

ကျန်းယွင်တီက အင်ဘန်လီန်ကို မေးလိုက်သည်။

"သိုင်းလောကမှာ ကျော်ကြားနေပြီး သိုင်းသမားတိုင်း လိုချင်နေတဲ့ အဆိပ်နဂါးဆိုတာ အဲဒီဆေးလုံးပဲ"

"ဟင် ... ဟုတ်ရဲ့လား၊ နာမည်ကြီးနေတဲ့ အဆိပ်နဂါးဆိုတာ အဲဒီ ဆေးလုံးလေးပဲလား"

"ဟုတ်တယ် ... ဒီအဆိပ်နဂါးဆေးလုံးကို စားရင် အတွင်းဒဏ်တွေကို သက်သာပျောက်ကင်းစေတယ်၊ သွေးလည်ပတ်မှု ကောင်းပြီး အတွင်းအားကိုလည်း တစ်ဆ တိုးလာနိုင်တယ်"

"အဘက ဘယ်လိုလုပ်ပြီး အဆိပ်နဂါးဆေးလုံးကို ရှာတွေ့တာလဲ"

"ကျားမင်းဂိုဏ်းက ကောင်တွေက ငါ့ကို အကွေ့တစ်ထောင် ဝက်ပါရဲ့ အလယ်ဗဟိုကိုပို့ပြီး အကျဉ်းချထားတယ်၊ တစ်လတစ်ခါ



ရိက္ခာလာပို့ပြီး သူတို့နဲ့ ပူးပေါင်းဖို့ ဖျောင်းဖျပြောဆိုတယ်၊ ငါလည်း ဒီအထဲမှာ အလကား တစ်ယောက်တည်း နေရင်း ပျင်းတာနဲ့ အကွေ့တစ်ထောင် ဝက်ပါရဲ့ အတွင်းဘက်ပိုင်းကို ဖြတ်ကျော်သွားနိုင်မယ့် လမ်းကို ရှာတယ်။

ငါက ဝက်ပါ အတတ်ပညာကို အတော်အသင့် နားလည်တာတောင် လမ်းကြောင်းကို တော်တော်နဲ့ ရှာမရဘူး၊ လမ်းအမျိုးမျိုးလည်ပြီး ဦးနှောက်အတော့်ကို အခြောက်ခံရတယ်။

နောက်ဆုံးမှ အကွေ့တစ်ထောင် ဝက်ပါကို ဖြတ်ကျော်နိုင်ပြီး ဒီအခန်းထဲကို ရောက်လာတာပဲ၊ ဒီအခန်းလေးထဲမှာ မှတ်တမ်းစာအုပ်လေး တစ်ခုလည်းရှိတယ်၊ အဲဒီထဲမှာ အဆိပ်နဂါးဆေးလုံးရဲ့ အာနိသင်တွေအကြောင်း ရေးထားတယ်၊ ငါလည်း အကွေ့တစ်ထောင် ဝက်ပါအပြင်ဘက်ကို ထွက်ဖို့ လမ်းကို ထပ်ရှာနေတုန်း မင်းရောက်လာတာပဲ"

"အဆိပ်နဂါးဆေးလုံး ဘယ်နှစ်လုံးရှိလဲ"

"တစ်လုံးတည်းပဲ ရှိတယ်"

"ဟင် ... ဆေးတစ်လုံးတည်းရှိတာကို ဘာကြောင့် ကျွန်တော့်

ကို တိုက်ရတာလဲ၊ ဘဘက ဘာဖြစ်လို့ မသောက်တာလဲ"

"ငါက အသက်ကြီးပါပြီ၊ နောက်ထပ်နေရလှ လေးငါးနှစ်ပေါ့၊ ဒီတော့ အဆိပ်နဂါးဆေးလုံး သောက်စရာမလိုတော့ပါဘူး၊ ပြီးတော့ မင်းနဲ့ငါနဲ့ သိုင်းပညာ ယှဉ်ပြိုင်ဖို့က ရှိသေးတယ် မဟုတ်လား၊ မင်းမှာ အတွင်းဒဏ်ရာဖြစ်နေရင် ဘယ်လိုလုပ်ပြီး သိုင်းပညာ ယှဉ်ပြိုင်နိုင်မှာလဲ"

"ဘဘကလဲ အခုထက်ထိတောင် ဒီကိစ္စကို မမေ့သေးပဲကိုး"

"ဟာ ... မင်းနဲ့ သိုင်းပညာယှဉ်ချင်လို့ အပင်ပန်းခံပြီး သိုင်းပညာ သင်ပေးထားခဲ့တာ ဘယ်မေ့လို့ရနိုင်မှာလဲ၊ ကဲ ... အခုလောက်ဆို မင်းလည်း အတွင်းဒဏ်တွေ ကြေသွားပြီ၊ အနားလည်းရပြီးရောပေါ့၊ ငါတို့ သိုင်းပညာ ယှဉ်ပြိုင်ပွဲ စကြရအောင်လား"

"ကောင်းပါပြီ ... ဘဘသဘောပါပဲ"

ငြင်းပယ်၍လည်း ရနိုင်မည်မဟုတ်ကြောင်း နားလည်သည့်အတွက် ကျန်းယွင်တီ သဘောတူလိုက်ရသည်။

"ဒီအခန်းက သိပ်မကျယ်ပေမယ့် သိုင်းပညာ ယှဉ်ပြိုင်ဖို့တော့ ရနိုင်ပါလိမ့်မယ်"



အဘိုးအို အင်ဘန်လိန်က ဤသို့ပြောပြီး ထိုင်ရာမှထသည်။

ကျောက်ထိုင်ခုံနှင့် ကျောက်စားပွဲတို့ကို အခန်းထောင့်နားသို့ ရွှေ့လိုက်ကြသည်တွင် သိုင်းပညာ ယှဉ်ပြိုင်ရန် အတော်ကျယ်ဝန်းသည့် နေရာတစ်ခုဖြစ်လာသည်။

ကျန်းယွင်တီနှင့် အင်ဘန်လိန်တို့သည် တစ်ယောက်နှင့်တစ်ယောက် ဆယ်ပေခန့်ခွာက မျက်နှာချင်းဆိုင် ရပ်လိုက်ကြသည်။

သိုင်းပညာ ယှဉ်ပြိုင်သည့် အစဉ်အလာအတိုင်း တစ်ယောက်ကို တစ်ယောက် ဦးညွှတ်အရိုအသေပေးသည်။

ထို့နောက် သိုင်းပညာ စတင် ယှဉ်ပြိုင်ကြလေတော့သည်။

အင်ဘန်လိန်သည် သိုင်းပညာအနေအထား၊ အတွင်းအား၊ တိုက်ပွဲအတွေ့အကြုံ၊ တိုက်ခိုက်မှု နည်းပရိယာယ် စသည်တို့တွင် ကျန်းယွင်တီထက် အဘက်ဘက်မှာ သာလွန်သည်။

ထို့ကြောင့် စတင် ယှဉ်ပြိုင်သည်နှင့် ကျန်းယွင်တီကို အုပ်စီးလွှမ်းမိုးထားနိုင်သည်။

ကျန်းယွင်တီက အင်ဘန်လိန် သင်ပေးထားသည့် အဆင့်မြင့် သိုင်းပညာရပ်များသာမက နတ်ဆိုးကြိမ်ရိုက်သိုင်းနှင့် မိုးကြိုးသွား

သိုင်းတို့ကိုပါ ကျံပြန်တိုက်ခိုက်သည့်တိုင် အင်ဘာန်လိန်ကို မလှန်နိုင်။

အင်ဘာန်လိန်နှင့် ယခုလို ယှဉ်ပြိုင်ရာမှာ ကျွန်းယွင်တီအတွက် အကျိုးအလွန်ရှိသည်။

ရတောင့်ရခဲသည့် လက်တွေ့တိုက်ပွဲ အတွေ့အကြုံကောင်းကို ရလိုက်သည်။

သိုင်းကွက် ငါးဆယ်ခန့် ရင်ဆိုင်တိုက်ပြီးအချိန်တွင် အင်ဘာန်လိန်အဖို့ ပိုင်ကွက်တစ်ခု ပေါ်လာသည်။

ထိုပိုင်ကွက်အတိုင်း တိုက်ခိုက်လိုက်လျှင် ကျွန်းယွင်တီ အထိနာသွားမည် အမှန်။

တကယ်တန်းဖြစ်လာတော့ အင်ဘာန်လိန်သည် ကျွန်းယွင်တီကို အထိနာသွားအောင် မလုပ်ရက်။

ပိုင်ကွက်ကို အမိအရ တိုက်ခိုက်ခြင်းမပြုဘဲ သက်ညှာကာ လက်ကိုတုံ့လိုက်သည်။

အင်ဘာန်လိန်၏ သိုင်းပညာရပ်နှင့် ပတ်သက်၍ ကဗျာကောင်းတစ်ပုဒ်နှင့် နှိုင်းယှဉ်ကာ တစ်ကွက်လို၍လည်း မရ၊ တစ်ကွက်ပို၍လည်း မဖြစ်ဟု ကျွန်းယွင်တီက ပြောခဲ့ဖူးသည်။



ယခု အင်ဘာန်လိန်က လက်ကို အသာတုံ့လိုက်သည်တွင် ဟာကွက်အတော်များများ ပေါ်လာသည်။

ကျွန်းယွင်တီက ထိုဟာကွက်များကို အမိဖမ်းကာ အပိုင်တိုက်ခိုက်လျှင် အင်ဘာန်လိန် အထိနာမည် အမှန်။

သို့တိုင် ကျွန်းယွင်တီကလည်း အင်ဘာန်လိန်ကို အနာတရဖြစ်အောင် မလုပ်ရက်သောကြောင့် ပိုင်ကွက်တွေ့လျှင် မတိုက်ခိုက်ဘဲ လက်တုံ့နေလိုက်သည်။

"ဟား ဟား ဟား ... ဟုတ်ပြီ၊ မင်းကိုလည်း ငါက ထိအောင်တိုက်နိုင်တယ်၊ ငါ့ကိုလည်း မင်းက ထိအောင်တိုက်နိုင်တယ်၊ ဒါပေမယ့် မတိုက်ကြဘူး၊ ဒီတော့ ဒီပွဲပြီးပြီ၊ အနိုင်အရှုံး မရှိသလို သရေပွဲလည်း မဟုတ်ဘူး၊ ဒီလိုအဖြေပေါ်တဲ့ပွဲမျိုး သိုင်းလောကမှာ တစ်ခါမှ မရှိသေးဘူး၊ ဟား ဟား ဟား ..."

အဘိုးအို အင်ဘာန်လိန်က ရယ်မောပြောဆိုရင်း နောက်သို့ ခုန်ဆုတ်လိုက်သည်။

ဤသို့ဖြင့် ကျွန်းယွင်တီနှင့် အင်ဘာန်လိန်တို့၏ သိုင်းပညာယှဉ်ပြိုင်မှုမှာ ထူးဆန်းစွာ အဆုံးသတ်သွားခဲ့သည်။

"ကဲ ... အဘနဲ့ သိုင်းပညာပြိုင်ဆိုင်တာ ပြီးသွားပြီဆိုတော့ ကျွန်တော်တို့ လုပ်စရာရှိတာတွေ ဆက်လုပ်ကြရအောင်၊ အဘကော ကျွန်တော်တို့ကို လိုက်ပြီးကူညီမယ် မဟုတ်လား၊ ဟောဒီမှာ ဘဘရဲ့ နတ်ဝတ်ရုံအကျီလက်နက်ကိုလည်း ပြန်ယူဦး"

သိုင်းပညာ ပြိုင်ဆိုင်မှု ပြီးစီးသောအခါ ကျန်းယွင်တီက ပြောပြီး ခါးတွင်ပတ်ထားသော နတ်ဝတ်ရုံအကျီလက်နက်ကို ဖြုတ်ပေးလိုက်သည်။

"အေး ... ကူညီရမှာပေါ့ကွ၊ ကဲ ... သွားကြစို့၊ ဒီကနေ အကွေ့တစ်ထောင် ဝက်ပါ အလယ်ဗဟိုအထိ ငါက လမ်းပြပေးမယ်၊ အဲဒီကနေ အပြင်ကိုရောက်အောင်တော့ မင်းက ဆက်လမ်းပြ"

အင်ဘန်လိန်က ပြောပြသည်။

နတ်ဝတ်ရုံအကျီလက်နက်ကိုလည်း ပြန်ယူလိုက်သည်။

သူတို့နှစ်ယောက်သည် အကွေ့တစ်ထောင်ဝက်ပါကို အခက်အခဲမရှိဘဲ ဖြတ်ကျော်ကာ လိုဏ်ဂူအပြင်ဘက်သို့ ထွက်လာခဲ့သည်။

သူတို့ အပြင်ဘက်သို့ ရောက်လာကြချိန်တွင် ညနေစောင်း ငါးနာရီခန့် ဖြစ်သည်။



ကျန်းယွင်တီက အင်ဘန်လိန်ကို ကူဟွတို့လူစုရှိနေသည့် ဇရပ်ပျက်သို့ ခေါ်လာခဲ့သည်။

✱ ✱ ✱

ဇရပ်ပျက်သို့ ကျန်းယွင်တီနှင့် အင်ဘန်လိန်တို့ ရောက်လာသည်။

ကျန်းယွင်တီက ကူဟွတို့ကို ဖြစ်ပျက်ပုံအကြောင်းစုံနှင့် ပိုင်ကြင်ယုန်တို့ကို နတ်ဆိုးလေးက ဖမ်းခေါ်သွားပုံကို ပြောပြလိုက်သည်။

"နတ်ဆိုးလေးတို့ လူစုက မြောင်လိမ်စန်းတောင်ခြေက တာ့ဝင်ဘုံကျောင်းမှာ စခန်းချနေကြတယ်၊ ပိုင်ကြင်ယုန်နဲ့ လင်စွမ်ရင်တို့ကိုလည်း အဲဒီကိုပဲ ခေါ်သွားလိမ့်မယ်၊ ကျုပ်တို့ တာ့လင်ဘုံကျောင်းကို အလစ်ဝင်တိုက်ခိုက်ရင် မိန်းကလေးနှစ်ယောက်ကို ကယ်တင်နိုင်မယ်"

အကြောင်းစုံ သိရပြီးနောက် ကူဟွက ပြောသည်။

ထို့နောက် တာ့ဝင်ဘုံကျောင်းကို အလစ်သွားရောက် တိုက်ခိုက်ရန် အစီအစဉ်များကို ဆက်လက်ပြောဆိုတိုင်ပင်ကြသည်။

ညစာ စားပြီးနောက် တာ့ဝင်ဘုံကျောင်းသို့ သူတို့လူစု ထွက်လာခဲ့သည်။

ည ရှစ်နာရီခန့်တွင် တာ့ဝင်ဘုံကျောင်းသို့ ရောက်ရှိသည်။

တာ့ဝင်ဘုံကျောင်းမှာ သိပ်လည်းမကြီး။ သိပ်လည်းမငယ်။ အလယ်အလတ်စား ဖြစ်သည်။

ဘုံကျောင်း၏ အခြေအနေကို ကြည့်ရသည်မှာ အလွန် တိတ်ဆိတ်ငြိမ်သက်နေသည်။

ဝင်းပေါက်တံခါးတွင် အစောင့်လည်းမရှိ။ တံခါးကိုပင် ပိတ်မထား။

တိုင်းပြည်သစ္စာဖောက်၊ မျိုးဖျက်သိုင်းသမားဆိုးများ၏ အခြေချ စခန်းတစ်ခုပင် ထင်နိုင်စရာ အကြောင်းမရှိ။

သို့သော် တိတ်ဆိတ်ငြိမ်သက်ခြင်းကပင် သံသယမကင်းဖွယ်ဖြစ်ကြောင်းကို အတွေ့အကြုံ ရင့်ကျက်နေသော အင်ဘာန်လိန်နှင့် ကူဟွတို့ သိသည်။



ထို့ကြောင့် ပွင့်နေသော ဝင်းတံခါးပေါက်မှ အရမ်းမဝင်ကြဘဲ ဘုံကျောင်းနှင့် ခပ်လှမ်းလှမ်းဝယ် အသာပုန်းနေပြီး ကျန်းယွင်တီနှင့် စွန်ရဲ(၃) တာ့လင်တို့ကို ဘယ်ညာဖြန့်ကာ ရှေ့ပြေးကင်းထောက်ရန် စေလွှတ်လိုက်သည်။

ကျန်းယွင်တီနှင့် တာ့လင်တို့ နှစ်ယောက်သည် မှောင်ရိပ်ခိုကာ ဘယ်ညာဖြန့်လျက် တာ့ဝင်ဘုံကျောင်း၏ ဝင်းပေါက်တံခါးရှိရာသို့ အသာချဉ်းကပ်လာခဲ့သည်။

ကျန်းယွင်တီက ဝင်းပေါက်တံခါး၏ ဘယ်ဘက်မှ ဖြန့်တက်လာခဲ့သည်။

တံခါး၏ ဘယ်ဘက်ရှိ ချုံပုတ်ကြီးတစ်ခု၏ နောက်တွင် မြားပုံ့စကြာလက်နက် ကိုင်ဆောင်ထားသူတစ်ယောက် ပုန်းအောင်းပြီး စောင့်နေသည်ကို တွေ့ရသည်။

အကယ်၍ ဝင်ပေါက်တံခါး ပွင့်နေသည်အထင်နှင့် ဒီအတိုင်းတိုးဝင်လာလျှင် မြားပုံ့စကြာလက်နက်ဖြင့် ချောင်းမြောင်းပစ်ခတ်မှုခံရမည်မလွဲ။

ကျန်းယွင်တီက ထိုသူအနားသို့ ချဉ်းကပ်သွားကာ အသံတိတ်

နည်းဖြင့် အပြတ်ရှင်းလိုက်သည်။

ထိုအချိန်တွင် တာ့လင်ကလည်း ဝင်းတံခါး၏ ညာဘက်ရှိ ချုံပုတ်တစ်ခု၏နောက်ဝယ် ပုန်းအောင်းစောင့်နေသော မြားပျံစကြာ လက်နက်ကိုင် အစောင့်တစ်ယောက်ကို ရှင်းပစ်လိုက်သည်။

အစောင့်များကို ရှင်းပစ်လိုက်ပြီး စိတ်ချလောက်မှ ကျွန်းယွင်တီ တို့က လှမ်းအချက်ပြလိုက်ရာ အင်ဘန်လိန်တို့ လူစု ရှေ့တက်လာ သည်။

သူတို့လူစုသည် အနှောင့်အယှက်မရှိ တွေ့ရတော့မှ ဘုံကျောင်း ဝင်းထဲသို့ ရောက်လာနိုင်ခဲ့သည်။

ဘုံကျောင်းဝင်းထဲဝယ် အဆောက်အအုံ သုံးခုရှိသည်။

အလယ်တွင်ရှိသော အဆောက်အအုံတွင် အစောင့်များ အများ အပြား ချထားသည်ကို တွေ့ရသည်။

အနောက်ဘက်ရှိအဆောင်လေးတွင်လည်း အစောင့်နှစ်ယောက် ရှိသည်။

အရှေ့ဘက်ရှိ အဆောင်လေးတွင်မူ အစောင့်တစ်ယောက်မျှ မရှိ။



ဘုံကျောင်းအဝင်တွင် အစောင့်နည်းသလောက် အတွင်းဘက် ရှိ အလယ်ဆောင်တွင် အစောင့်ထူထပ်လွန်းလှသည်။

"ခါတိုင်းညတွေမှာ ဒီအဆောင်ကို ဒီလောက်အစောင့်ချ မထားဘူး၊ ပြီးတော့ ကျုပ်တို့သိရသလောက် ဒီဘုံကျောင်းမှာ ရွှေ့ရာ ထန်း ရယ်၊ ဟူတင်ရယ်၊ အခြား ကျားမင်းဂိုဏ်းသား ငါးယောက် ရယ်ပဲ ရှိတယ်၊ အခုတော့ အလယ်ဆောင်မှာကို အစောင့် ဆယ် ယောက်ထက်မနည်း ရှိနေတယ်၊ အခြေအနေက တော်တော် ထူး တယ်"

မှောင်ရိပ်တစ်ခုဝယ် အသာဝပ်ကာ ဘုံကျောင်းအတွင်းဘက် ရှိ အခြေအနေများကို အကဲခတ်ကြည့်ရင်း ကူဟွကု တီးတိုးပြော သည်။

"ဒီအတိုင်းဆိုရင် အဲဒီအဆောင်ထဲမှာ အရေးကြီးတဲ့လူတွေ ရောက်နေလို့ ဖြစ်လိမ့်မယ်၊ ပိုင်ကြင်ယုန်ကိုများ အဲဒီအထဲမှာ ထား သလား မသိဘူး"

ကျွန်းယွင်တီက ထင်မြင်ချက်ပေးသည်။

"မဖြစ်နိုင်ဘူး၊ ပိုင်ကြင်ယုန်တို့ကို ထားရင် ဟိုအနောက်ဘက်

ဆောင်လေးမှာပဲ ထားလိမ့်မယ်၊ ပြီးတော့ ဒီလောက်လည်း အစောင့် တင်းတင်းကြပ်ကြပ် ချထားဖို့မလိုဘူး"

အင်ဘန်လိန်က ပြောသည်။

"အခြေအနေက သိပ်ထူးနေတယ်၊ ဒီတော့ ကျုပ်တို့ချည်း လှုပ်ရှားဖို့ မသင့်တော့ဘူး၊ သက်ဆိုင်ရာတွေကို သွားအကြောင်းကြား သတင်းပို့မှဖြစ်မယ်၊ ညီလေး တာ့လင်ကပဲ သတင်းပို့ဖို့ တာဝန်ယူ"

ကူပှာက ပြောသည်။

တာ့လင်က ချက်ချင်းပင် မှောင်ရိပ်ခိုကာ ဘုံကျောင်းအပြင် ဘက်သို့ ထွက်သွားသည်။

ကျန်လူများသည် မည်သည့် လှုပ်ရှားမှု မပြုကြသေးဘဲ မှောင် ရိပ်တွင် အသာဝပ်ကာ အခြေအနေကို ဆက်၍ စောင့်ကြည့်နေကြ သည်။

✷ ✷ ✷

အချိန် (၂) နာရီခန့် ကြာသွားသည်။



တာ့လင် မှောင်ရိပ်ခိုကာ ပုန်းလျှိုး ကွယ်လျှိုးနည်းနှင့် ပြန် ရောက်လာသည်။

"ကျွန်တော်တို့နဲ့အတူ မြောင်လိန်စခန်း နယ်စားရဲ့ လက်ရွေး စင် ခြေမြန်သိုင်းသမားတပ်ဖွဲ့ အင်အား တစ်ရာကျော် ပါလာတယ်၊ အခု ဘုံကျောင်းကို ဝိုင်းထားတယ်၊ ကျွန်တော် အချက်ပေးပြီး မီးကျယ်လွှတ်လိုက်ရင် ဝင်တိုက်ကြလိမ့်မယ်"

တာ့လင်က ကူပှာကို တီးတိုးပြောဆို သတင်းပို့သည်။

"ကောင်းပြီ ... ပထမဆုံး အနောက်ဘက် အဆောင်က အစောင့်နှစ်ယောက်ကို အငိုက်ဖမ်း တိုက်ခိုက်ပြီး အဆောင်ထဲကို ဝင်ကြည့်မယ်၊ အလယ်ဆောင်ကို ဝင်လိုက်တာနဲ့ တာ့လင်က အချက် ပေး မီးကျည် ပစ်လိုက်ပေတော့"

ကူပှာက တိုက်ခိုက်ရမည့် အစီအစဉ်ကို ပြောဆို ညွှန်ကြား သည်။

ထို့နောက် စတင် လှုပ်ရှားကြသည်။

သူတို့အားလုံးမှာ အဆင့်မြင့် သိုင်းသမားတွေချည်းမို့ အနောက် ဘက် အဆောင်လေးနားသို့ ရန်သူများ မရိပ်မိအောင် ခြေသံလုံလုံ

ဖြင့် ကိုယ်ယောင်ဖျောက်ကာ ချဉ်းကပ်လာနိုင်ခဲ့သည်။

တာ့လင်နှင့် ကျန်းယွင်တီတို့က တာဝန်ယူကာ အဆောင်လေးရှေ့တွင် စောင့်နေသော အစောင့်နှစ်ယောက်ကို အသံတိတ်နည်းဖြင့် ရှင်းလိုက်ကြသည်။

အဆောင်လေး၏ တံခါးမှာ ပိတ်ထားသည်။

တံခါးသော့ကို အသံမမြည်အောင် ရိုက်ချိုးဖွင့်လိုက်ကြသည်။

အင်ဘန်လိန်၏ တွက်ကိန်း မလွဲပေ။

ထိုအဆောင်လေးထဲဝယ် ပိုင်ကြင်ယုန်နှင့် လင်စွမ်ရင်တို့ရှိနေကြသည်။

မိန်းကလေးနှစ်ယောက်ကို အကြောပိတ်ထားသည်ဖြစ်ရာ အင်ဘန်လိန်က ဖြေဖွင့်ပေးလိုက်သည်။

ထို့နောက် အလယ်ဆောင်ကို လှုဖြန့်ကာ အတင်းဝင်ရောက်တိုက်ခိုက်ကြလေတော့သည်။

အလယ်ဆောင်ကို ဝင်ရောက်တိုက်ခိုက်သည်နှင့် တာ့လင်က အချက်ပေး မီးကျည်ကို ကောင်းကင်ယံသို့ ပစ်လွှတ်တင်လိုက်သည်။

ငြိမ်သက် တိတ်ဆိတ်နေသော တာ့ဝင်ဘုံကျောင်းအနီး၌ ချက်



ချင်းပင် ငရဲပွက်သလို ဆူညံသွားသည်။

အပြင်ဘက်တွင် စောင့်နေသော အစောင့်များကို ကူဖွာ၊ ကျောင်းတုနှင့် တာ့လင်တို့က ရင်ဆိုင် တိုက်ခိုက်ကြသည်။

အင်ဘန်လိန်၊ ကျန်းယွင်တီ၊ ပိုင်ကြင်ယုန်၊ မော်ဖန်းနှင့် လင်စွမ် ရင်တို့ကမူ အလယ်ဆောင်ထဲသို့ အတင်း တိုးဝင်လာခဲ့သည်။

အလယ်ဆောင်ထဲသို့ ရောက်သောအခါ သူ့အဖို့ အံ့အားသင့်စရာမြင်ကွင်းကို တွေ့ရသည်။

အလယ်ဆောင်ထဲဝယ် ဆွေးနွေးပွဲတစ်ခု လုပ်နေသည်။

ထန်းဝမ်ကြီး၊ နတ်ဆိုးလေးလွေ့ရာထန်း၊ မြွေစိမ်းကျွာပွတ်ဟူတင်၊ ကြူးဗွား၊ မီလင် စသော ကျားမင်းဂိုဏ်း၏ ထိပ်သီးများ အစုံအလင်ရှိသည့်အပြင် တိုင်းပြည်ကို ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ရန် ကြံရွယ်နေကြသည့် တိုင်းတစ်ပါးသားများ၏ ကိုယ်စားလှယ် သုံးယောက်ကိုပါ တွေ့ရသည်။

ထိုသူများမှာ အဝီစိပွက်သလို ပေါ်ပေါက်လာသော တိုက်ခိုက်သံများနှင့်အတူ အခန်းထဲသို့ ပြေးဝင်လာသော ကျန်းယွင်တီတို့ လူစုကို တွေ့ကြရသောအခါ အံ့ဩကုန်ကြသည်။

ခေတ္တမျှ ငေးကြောင်ကာ ကြည့်နေကြသည်။

"ဘာကြည့်နေကြတာလဲ၊ ဒီကောင်တွေအားလုံး တစ်ယောက်မကျန်အောင် ရှင်းပစ်လိုက်ကြပါတော့လား"

ခေတ္တမျှ ငေးကြောင်ကြည့်နေကြပြီးနောက် ထန်းဝမ်ကြီးက အော်ပြောလိုက်သည်။

ထန်းဝမ်ကြီး၏ အော်သံအဆုံးဝယ် ကျန်လူများက လက်နက်ကိုယ်စီ ဆွဲကိုင်ကာ ထိုင်နေရာမှ ဝုန်းခနဲ ခုန်ထလိုက်ကြသည်။

မျိုးချစ်သိုင်းသမားကောင်းများနှင့် မျိုးဖျက်သိုင်းသမားဆိုးများ ရင်ဆိုင်တိုက်ခိုက်ကြလေပြီ။

တိုင်းပြည်အတွက် တရားသော စစ်ကို တိုက်နေရသည်မို့ ကျန်းယွင်တီတို့မှာ သတ္တိပြောင်လှသည်။

မိမိတို့ထက် အင်အားများသော ရန်သူကို ရှုပ်ရှုပ်ချုံချုံပင် အတင်းတိုက်ခိုက်ကြသည်။

မကြာမီမှာပင် မြောင်လိမ်စန်းနယ်စား၏ လက်ရွေးစင် ခြေမြန်သိုင်းသမားတပ်ဖွဲ့ဝင်များလည်း ခန်းဆောင်ထဲသို့ ပြေးဝင်လာကြသည်။



ကျူးကျော်ရေးသမားများနှင့် မျိုးဖျက်သစ္စာဖောက်များမှာ တိုင်းပြည်သားကောင်း သိုင်းသမားများကို အံမတုဝံ့ကြတော့။

လက်မြှောက်အရှုံးပေးလိုက်ကြရလေတော့သည်။

✱ ✱ ✱

ထန်းဝမ်ကြီး၊ လွေ့ရာထန်း၊ ဟူတင်နှင့် တိုင်းတစ်ပါးသားကိုယ်စားလှယ် သုံးယောက်တို့ကို လက်ရဖမ်းမိခြင်းမှ အစပြုကာ တိုင်းတစ်ပါးသားဩဇာခံ မျိုးဖျက်သစ္စာဖောက် သိုင်းသမားဆိုးများ၏ အဆက်အသွယ် အသိုက်အမြုံအားလုံးကို ဆက်လက် စစ်ဆေးဖော်ထုတ်နိုင်ခဲ့သည်။

တိုင်းပြည်ကို ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ရန် ကြံရွယ်ထားသော နယ်ချဲ့တို့၏ ရန်စွယ်ကိုလည်း ရိုက်ချိုးဖျယ်ရှားပစ်နိုင်ခဲ့သည်။

မြောင်လိမ်စန်း နယ်စား၏ ထောက်ခံသတင်းပို့ချက်အရ ကေရာဇ်မင်းမြတ်က တိုင်းပြည်အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်

ခဲ့သော ကျုန်းယွင်တီတို့အား ထိုက်သင့်သော ဆုငွေ အဆောင် အယောင်များ ချီးမြှင့်သည်။

ကျုန်းယွင်တီနှင့် လင်စွမ်ရင်တို့ မင်္ဂလာပွဲကို မြောင်လိမ်စန်း နယ်စားကိုယ်တိုင် တက်ရောက်ကာ လက်ထပ်ပေးသည်။

ကျုန်းယွင်တီသည် ချစ်ဇနီးနှင့်အတူ မိဘရပ်ထံသို့ ဂုဏ်ရှိစွာ ပြန်လာသောအခါ ပိုင်ကြင်ယုန်လည်း အတူလိုက်ပါသွားခဲ့လေသည်။

ပြီးပါပြီ

တက္ကသိုလ်ဝင်းကြွယ်